# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၈ ခုနှစ် ၊ ပထမဝါဆိုလပြည့်ကျော် (၃)ရက် ၊ ကြာသပတေးနေ့ ၊ (2-7-2026) ၊ အတွဲ (၃၅) ၊ အမှတ် (ဝ၆၃)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## ၂၀၂၆ ခုနှစ် ဇူလိုင် ၃ ရက်တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ်အကြိုလှုပ်ရှားမှု “ပုလဲရတု စွမ်းအားပြုဂုဏ်ယူဝင့်ကြွား မြန်မာအမျိုးသမီးများ” ဝတ်စားဆင်ယင်မှုပြပွဲနှင့် ရုပ်ရှင်သဘင်ဂီတဖျော်ဖြေပွဲကျင်းပ

**နေပြည်တော် ဇူလိုင် ၁**

၂၀၂၆ ခုနှစ် ဇူလိုင် ၃ ရက်တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီ၏ ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်က စီစဉ်တင်ဆက်သည့် “ပုလဲရတု စွမ်းအားပြု၊ ဂုဏ်ယူဝင့်ကြွား မြန်မာအမျိုးသမီးများ” ဝတ်စားဆင်ယင်မှုပြပွဲနှင့် ရုပ်ရှင်သဘင်ဂီတဖျော်ဖြေပွဲကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၁ (MICC-I)၌ ကျင်းပရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ၏ ဇနီး မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်ကြူကြူလှ တက်ရောက်ချီးမြှင့်သည်။

အခမ်းအနားသို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ(၁)၏ဇနီး မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်စမ်းစမ်းအေး နှင့်ဒုတိယသမ္မတ(၂) မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်နန်းနီနီအေး၊

စာမျက်နှာ ၁၆ ကော်လံ ၁



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ၏ ဇနီး မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်ကြူကြူလှ ရုပ်ရှင်အနုပညာရှင်များကို ဂုဏ်ပြုပန်းစည်း ပေးအပ်ချီးမြှင့်စဉ်။

## ရန်ကုန်-မော်လမြိုင်ရထားလမ်းပိုင်းတွင် အမှတ်(၈၃)အဆန်၊ အမှတ်(၈၄)အစုန် လူစီးအမြန်ရထားကို ခေတ်မီလေအေးပေးစက်ပါ DEMU ရထားတွဲဆိုင်းအသစ်များဖြင့် စတင်ပြေးဆွဲ



**နေပြည်တော် ဇူလိုင် ၁**

ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားသည် ခရီးသွားပြည်သူများ အဆင်ပြေစွာသွားလာနိုင်ရေးအတွက် ရထားလမ်းပိုင်းများ အဆင့်မြှင့်တင်ဆောင်ရွက်ခြင်းနှင့်အတူ ခေတ်မီ DEMU ရထားတွဲဆိုင်းများဖြင့် လူစီးရထားများ ပြေးဆွဲလျက်ရှိသည်။

ရန်ကုန်-မန္တလေးလမ်းပိုင်းအတွင်း ရန်ကုန်-နေပြည်တော်-ရန်ကုန်ရထားခရီးစဉ်နှင့် ရန်ကုန်-မန္တလေး-ရန်ကုန်ရထားခရီးစဉ်များကို ပြေးဆွဲပေးခဲ့ပြီး ခရီးသည်များကြိုက်နှစ်သက်၍ စီးနင်းမှုများသောကြောင့် ရန်ကုန်-မော်လမြိုင်ရထားလမ်းပိုင်းအတွင်း အမှတ်(၈၃)အဆန် ရန်ကုန်-မော်လမြိုင်ခရီးစဉ်နှင့် အမှတ်(၈၄)အစုန် မော်လမြိုင်-ရန်ကုန်ရထားခရီးစဉ်များကို လေအေးပေးစက်ပါ

စာမျက်နှာ ၂၅ ကော်လံ ၁

**တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၇ ရက်မြောက်နေ့ ကျင်းပ**

စာမျက်နှာ - ၁၈

**ပြည်သူ့စစ်မှုထမ်းဆောင်ရမည့် အမည်စာရင်းတွင် ထည့်သွင်းသွားမည်ဖြစ်ကြောင်း ခြိမ်းခြောက်၍ ငွေကြေးလိမ်လည်တောင်းခံခဲ့သည့်ဖြစ်စဉ်ကို တာဝန်ရှိသူများက ဖြစ်စဉ်အမှန် ဖော်ထုတ်နိုင်ခဲ့**

စာမျက်နှာ - ၂၇

**ရွှေကုက္ကိုလ်နယ်မြေအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် တရားမဝင်နှစ်ထပ် လူနေအဆောက်အအုံတစ်လုံးကို စနစ်တကျ ထပ်မံဖြိုချဖျက်ဆီး၊ တရားမဝင်လူနေအဆောက်အအုံ ၆၇ လုံး ဖြိုချဖျက်ဆီးပြီးဖြစ်**

စာမျက်နှာ - ၂၇

## အယ်လ်နီညိုဖြစ်စဉ်ကြောင့် အစွန်းရောက်မိုးလေဝသများဖြစ်ပေါ်နိုင်

**နေပြည်တော် ဇူလိုင် ၁**

အီကွေတာအနီးရှိ အပူပိုင်းပစိဖိတ်သမုဒ္ဒရာ(Tropical Pacific Ocean)၏ ပင်လယ်ရေမျက်နှာပြင်အပူချိန်နှင့် လေထုဖြစ်စဉ်များမှာ အားအသင့်အတင့်ရှိသော အယ်လ်နီညိုအခြေအနေတွင် တည်ရှိနေသည်။ နိုင်ငံတကာမိုးလေဝသဌာနများ၏ သင်္ချာပုံစံပြုမော်ဒယ်လ်များခန့်မှန်းချက်အရ ၂၀၂၆ ခုနှစ် ဇူလိုင်လအတွင်း အားအသင့်အတင့်ရှိသော အယ်လ်နီညိုအခြေအနေတွင် ဆက်လက်တည်ရှိနိုင်ပြီး ၂၀၂၆ ခုနှစ် နှစ်ကုန်ပိုင်းတွင် အားအလွန်ကောင်းသော အယ်လ်နီညိုအခြေအနေသို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။ အယ်လ်နီညိုဖြစ်စဉ်သည် ပစိဖိတ်သမုဒ္ဒရာတွင် ဖြစ်ပေါ်သည့်ဖြစ်စဉ်ဖြစ်သော်လည်း အဆိုပါအယ်လ်နီညိုဖြစ်စဉ်ကြောင့် အကျိုးသက်ရောက်မှုမှာ ယေဘုယျအားဖြင့် မိုးရွာသွန်းမှု မှုမမှန်ခြင်း၊ နေ့အပူချိန်များမြင့်မားခြင်း၊ မုန်တိုင်းဖြစ်ပေါ်မှုများ မှုမမှန်ခြင်း၊ မိုးခေါင်ရေရှားခြင်းစသည့် အစွန်းရောက်မိုးလေဝသဖြစ်စဉ်များဖြစ်ပေါ်နိုင်သဖြင့် မိမိတို့သက်ဆိုင်ရာကဏ္ဍများအလိုက် ကြိုတင်ပြင်ဆင်နိုင်ကြရန်အသိပေးအပ်ပါသည်။ (မိုး/ဇလ)

# သာစည်မြို့နယ် ကျောက်ပုံကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**သာစည် ဇူလိုင် ၁**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ညောင်ပင်သာကျေးရွာအုပ်စု ကျောက်ပုံကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ထားရှိသော လုပ်ငန်းများကို ဇွန် ၃၀ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်း၊ ဦးစီးအရာရှိ ဒေါ်တိုးတိုးစိန်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျောက်ပုံကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် ဆောင်ရွက်ထားသော စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ အရောင်းအဝယ် လုပ်ငန်းနှင့် အခြားလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းဇယားများ ပြည့်စုံမှုရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်းက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

ကျောက်ပုံကုန်းကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၈၇ ဦးကို ငွေကျပ် ၄၁ ဒသမ ၂ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူဦးရေ ၃၀ ကို ငွေကျပ် ၁၂ ဒသမ ၆ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ လေးဦးကို ငွေကျပ် ၂ ဒသမ ၃ သန်းနှင့် အခြားလုပ်ငန်းလုပ်ကိုင်သူ လေးဦးကို ငွေကျပ် ၁ ဒသမ ၉ သန်း စုစုပေါင်းအသင်းသား၊ အသင်းသူ ၁၂၅ ဦးကို ငွေကျပ် ၅၈ သန်း ထုတ်ချေးပေးထားပြီး မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းများ လည်ပတ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**

# ကျောက်ဆည်မြို့နယ် လူထုအခြေပြုဗဟိုဌာန၌ စာဖတ်ဝိုင်းဆွေးနွေးပွဲ ကျင်းပ

**ကျောက်ဆည် ဇူလိုင် ၁**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် ကျောက်ဆည်မြို့နယ် စာအုပ်စာစောင် ချစ်မြတ်နိုးသူများအသင်းက စာဖတ်ဝိုင်းဆွေးနွေးပွဲကို ဇွန် ၃၀ ရက် နံနက်ပိုင်းက ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကျောက်ဆည်ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်တင်တင်ထွေးက စာပေချစ်မြတ်နိုးသူများ၊ စာဖတ်ဝါသနာပါသူများ အသိပညာ ဗဟုတသုတများ ဖလှယ်နိုင်စေရန်၊ မိတ်ဆွေအပေါင်းအသင်း တိုးပွားပြီး စာပေလေ့လာဖတ်ရှုသည့် အလေ့အကျင့်ကောင်းများ ရရှိစေရန်စာဖတ်ဝိုင်း ဆွေးနွေးပွဲများ ကျင်းပရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ကျောက်ဆည်မြို့နယ် စာအုပ်စာစောင် ချစ်မြတ်နိုးသူများအသင်းဥက္ကဋ္ဌ စာရေးဆရာမောင်ခိုင်ကျော်(ကျောက်ဆည်)က စာရေးဆရာဖေမြင့် ရေးသားသည့် ဘဝတိုးတက်မှုအတွက် စာဖတ်ခြင်း စာအုပ်ပါအကြောင်းအရာများ၊ ခေတ်အဆက်ဆက်ကမ္ဘာကို လွှမ်းမိုးခဲ့သောစာအုပ်များ စသည့် အကြောင်းအရာများကို ဆွေးနွေးပြောကြားခဲ့သည်။

ဆက်လက်၍ ကျောင်းသား၊ ကျောင်းသူများက ခင်းကျင်းပြသထားသော သုတ၊ ရသစာအုပ်စာစောင်များကို စိတ်ပါဝင်စားစွာ ကြည့်ရှုခဲ့ကြောင်း သိရသည်။

**စုစုအေး(ကျောက်ဆည်)**

# မုံရွာမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၂၇၀၂ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**မုံရွာ ဇူလိုင် ၁**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် မုံရွာမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၂၇၀၂ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မုံရွာမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မုံရွာမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်ဧက ၉၃၀၀ စိုက်ပျိုးရန်လျာထားပြီး အဆိုပါဟင်းသီးဟင်းရွက်စိုက်ပျိုးမှုကို ယခုနှစ် မေလတတိယပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၂၇၀၂ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ မုံရွာမြို့နယ်မှာ ဟင်းသီးဟင်းရွက်ဧက ၉၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ဧက ၂၀၀၀ ကျော်စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်။ မုန်ညင်း၊ ငရုတ်၊ နံနံ၊ အာလူး၊ ဂေါ်ဖီထုပ်၊ ခရမ်း၊ မုန်လာဥ စတဲ့သီးနှံတွေဖြစ်ပါတယ်။ ဟင်းသီးဟင်းရွက်အားလုံးကို GAP နည်းစနစ်နဲ့စိုက်ပျိုးနိုင်အောင်၊ ဓာတုဓာတ်ကြွင်းအနည်းဆုံးဖြစ်အောင်၊ ကျန်းမာရေးနဲ့ကိုက်ညီအောင် စိုက်ပျိုးဖို့ တောင်သူတွေကို နည်းပညာတွေ ပေးနေပါတယ်"ဟု မုံရွာမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးသက်အောင်က ပြောပြသည်။

မုံရွာမြို့နယ်တွင် ဟင်းသီးဟင်းရွက်စိုက် တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက GAPနည်းစနစ်ဖြင့် စိုက်ပျိုးရန်အတွက် နည်းပညာသင်တန်းပေးခြင်း၊ စိုက်ခင်းများမှ ထွက်ရှိလာသည့် ဟင်းသီးဟင်းရွက်များ ကျန်းမာရေးနှင့် ညီညွတ်သည့် သီးနှံဖြစ်စေရန် နည်းပညာများပေးခြင်း၊ တောင်သူများ ဟင်းသီးဟင်းရွက်များ တိုးချဲ့စိုက်ပျိုးလာရန်အတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ဟင်းသီးဟင်းရွက်ကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံနိုင်မည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ရာ ဟင်းသီးဟင်းရွက်ကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဦးစိုးသက်အောင်က ပြောပြ၍ သိရသည်။ (၂၀၆)

# ဝမ်းတွင်းမြို့နယ် ကင်းရွာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများစစ်ဆေး

**ဝမ်းတွင်း ဇူလိုင် ၁**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကင်းရွာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှုကို ဇွန် ၃၀ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့် တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ် လုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းဇယားပုံစံများ ပြည့်စုံမှုရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ ကင်းရွာကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၇၅ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၂၄ ဦး စုစုပေါင်းအသင်းသား၊ အသင်းသူ ၁၉၉ ဦးကို ရန်ပုံငွေကျပ် ၆၃ ဒသမ ၇ သန်း ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ လည်ပတ်လျက်ရှိကြောင်း သိရသည်။

**အောင်ရဲကျော်**

# ညောင်တုန်းမြို့နယ်တွင် ဒေသထွက် တိုင်ထောင်ပဲသီးများ အရောင်းအဝယ်ကောင်းမွန်နေ

**ညောင်တုန်း ဇူလိုင် ၁**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်တွင် ဒေသထွက် တိုင်ထောင်ပဲသီးများ အရောင်းအဝယ်ကောင်းမွန်နေကြောင်း ညောင်တုန်းမြို့နယ် ကုန်စိမ်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ညိုညိုက ပြောပြ၍ သိရသည်။

ညောင်တုန်းမြို့နယ်တွင် ဒေသထွက် တိုင်ထောင်ပဲသီးများ ကုန်စိမ်းဈေးကွက်တွင် ယခုနှစ် ဇွန်လပထမပတ်မှ ယနေ့ထိ အရောင်းအဝယ်ပြုလုပ်လျက်ရှိပြီး လက်ရှိတစ်ရက်လျှင် တိုင်ထောင်ပဲသီးပိဿာချိန် ၁၅၀၀၀ မှ ၁၈၅၀၀ ထိ အရောင်းအဝယ်ကောင်းမွန်နေကြောင်း သိရသည်။

"ဒီဘက်ကနေထွက်တဲ့ တိုင်ထောင်ပဲသီးတွေကို အခြားမြို့နယ်တွေက ဝယ်ယူအားများနေတာပါ။ လက်ရှိတိုင်ထောင်ပဲသီးပိဿာချိန် ၁၅၀၀၀ မှ ၁၈၅၀၀ ထိ တစ်ရက်တာ အရောင်းအဝယ်ဖြစ်နေပါတယ်။ ဒေသထွက်ကုန်တွေ အများအပြား စိုက်ပျိုးထုတ်လုပ် ရောင်းချနိုင်တော့ သယ်ယူစရိတ်တွေလဲ သက်သာပြီး သန့်ရှင်းလတ်ဆတ်တဲ့ စားသောက်ကုန်တွေကို စားသုံးနိုင်မှာဖြစ်ပါတယ်။ အခုလို ဒေသထွက်တိုင်ထောင်ပဲသီးတွေ ဝယ်ယူအားကောင်းလာတော့ တိုင်ထောင်ပဲသီးစိုက်တဲ့တောင်သူတွေ အဆင်ပြေလာပါတယ်"ဟု ညောင်တုန်းမြို့နယ် ကုန်စိမ်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ညိုညိုက ပြောပြသည်။

ညောင်တုန်းမြို့နယ်တွင် အရောင်းအဝယ်ကောင်းမွန်နေသည့် တိုင်ထောင်ပဲသီးတစ်ပိဿာလျှင် ငွေကျပ် ၅၇၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါ တိုင်ထောင်ပဲသီးများ အရောင်းအဝယ်ကောင်းမွန်နေသောကြောင့် တိုင်ထောင်ပဲသီးစိုက်တောင်သူများ၊ ကုန်စိမ်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင် အခွင့်အလမ်းရရှိကာ အဆင်ပြေလျက်ရှိကြောင်း ညောင်တုန်းမြို့နယ် ကုန်စိမ်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ညိုညိုက ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**



# ပင်းယ၊ အင်းဝခေတ် သူငယ်တော်သုတေသန

ဗိုလ်ရှိတ်(ရတနာပူရ)

ပုဂံခေတ် သူငယ်တော်အကြောင်းကို ရေးသားရာတွင် ပုဂံခေတ်ထိုး ကျောက်စာများကိုသာ အားထား၍ ဖော်ပြခဲ့ရသည်။ ပင်းယ၊ အင်းဝခေတ်တွင်ကား ထိုသို့မဟုတ်ပေ။ ပျို့ကဗျာလင်္ကာများ ထွန်းကားလာပြီဖြစ်သောကြောင့် သူငယ်တော်အကြောင်းကို အင်းဝခေတ်ထိုး ကျောက်စာများတွင်သာမက ပျို့ကဗျာ အထောက်အထားများတွင်လည်း တွေ့လာရသည်။ ရာဇဝင်တော်ကြီးများ၊ အရေးတော်ပုံကျမ်းများနှင့် အခြားမှတ်တမ်းတို့တွင်လည်း သူငယ်တော် အကြောင်းကို တွေ့လာရပြီဖြစ်သည်။

ပင်းယခေတ်သည် မင်းဆက်အားဖြင့်လည်း တိုတောင်းလှသကဲ့သို့ မြို့သက်အားဖြင့်လည်း ရှည်ကြာခြင်းမရှိခဲ့ပေ။ မင်းဆက်မှာ ခြောက်ဆက်စိုးစံခဲ့ရပြီး မြို့သက်မှာလည်း ၅၂ နှစ်သာကြာမြင့်ခဲ့သည်။

ထိုမင်းခြောက်ဆက်မှာ–

၁။ တစ်စီးရှင် သီဟသူ (၆၇၄–၆၈၄)
၂။ ဥဇနာ (၆၈၄–၇၀၄)
၃။ ငါးစီးရှင်ကျော်စွာ (၇၀၄–၇၁၂)
၄။ ကျော်စွာ (၇၁၂–၇၂၁)
၅။ မောပါနရသူ (၇၂၁–၇၂၆)
၆။ ဥဇနာပြောင် (၇၂၆–သုံးလမျှသာ)

တို့ ဖြစ်သည်။

ပင်းယမင်းခြောက်ဆက်တွင် တစ်စီးရှင် သီဟသူမင်း၏သားတော် ငါးစီးရှင်ကျော်စွာမင်းထံတွင် သူငယ်တော်အမှုထမ်းများရှိကြောင်းကို ရခိုင်ဆရာတော် ပြုစုသော ဓညဝတီအရေးတော်ပုံကျမ်း၌ ဖော်ပြထားသည်။

"ကြခတ်ဝရာသား တစ်ယောက်သည် အရေး၌ လိမ္မာသူဖြစ်၍ တစီးရှင်က စေသမွန်အမည်နှင့် တကောင်းမြို့ကို ပေး၍စားရသည်။ တကောင်းစားသား ချစ်နှောင်းဦးလည်း တစီးရှင်မင်းသား ကျော်စွာထံ သူငယ်တော် ခံလျက်နေရလေသည်။"

ဓညဝတီအရေးတော်ပုံကျမ်းအလိုအရ ပင်းယခေတ်တွင် သူငယ်တော် အမှုထမ်းများရှိကြောင်း ထင်ရှားလှပေသည်။

ထို့ပြင် တောင်တွင်းမင်းကျောင်းဆရာ ဖြေဆိုတော်မူသော ကန်တော်မင်းကျောင်း မေတ္တာစာအဖြေကျမ်း၌ သူငယ်တော်အကြောင်းကို ဤသို့တွေ့ရပြန်သည်။

ပန်းရတွင် ငါးစီးရှင်ကျော်စွာလက်ထက် ထိုမင်းစားတော်ခေါ်ခါနီးတွင် ရှင်ယောင်တစ်ယောက်ရှေ့တွင်ရပ်လာ၏။ အဘယ်အလို့ငှာ ရပ်သနည်းမေးသော် ဆွမ်းရပ်သည်ဆိုလျှင် စားတော်ခေါ်မည်ဟု လက်ဆေးပြီး မနောလင်ပန်းနှင့်တကွ စီရင်သည့် စားတော်အားလုံးကို လှူလိုက်၏။ ငါးစီးရှင်လည်း ဈာန်သမာပတ်နှင့်ပြည့်စုံသော ရဟန္တာဖြစ်မည် အယူရှိ၍ သူငယ်တော်တစ်ယောက်ကို "လိုက်၍ကြည့်ချေ။ သည်သခင်အကြောင်းကို သိအောင်ပြုခဲ့"ဟု စေတော်မူ၏။ သူငယ်တော်လိုက်၍ကြည့်သော် ရှင်ကောင်းမဟုတ်၊ ရှင်ယောင်ဖြစ်သောကြောင့် သပိတ်ကို မယားလှမ်းလင့်၏။ သူငယ်တော်လည်း မြင်သည့်အတိုင်း အရှင်ကိုလျှောက်ချေသော် ငါလည်း မျက်နှာမရ၊ သဒ္ဓါတော်မူပြီးသော စေတနာတော်လည်း ပျက်မည်။ ထို့ကြောင့် ငါလည်း မျက်နှာရစေ။ ငါ့အရှင်စေတနာသဒ္ဓါလည်း ပွားများစေဟူ၍ ကြံလျက် "အရှင်ဗျာဒိတ် အမိန့်တော်အတိုင်း ကျွန်တော်ကြည့်စဉ် ရှေ့တွင်ပင်ပျောက်၍ မမြင်ရရှိသည်။ ရဟန္တာပင်ဖြစ်မည်ထင်သည်"ဟူ၍ လျှောက်၏။

အထက်ပါ အထောက်အထားများအရ ပင်းယခေတ်တွင် သူငယ်တော် အမှုထမ်းများလည်းရှိသကဲ့သို့ သူငယ်တော်တို့သည် ဘုရင်ယုံကြည်ရသည့် လူယုံတော်များ၊ ဘုရင်လျှို့ဝှက်စွာစေခိုင်းသည့် ကိစ္စများကို ဆောင်ရွက်ပေးရသူများဖြစ်ကြောင်း တွေ့ရပေသည်။ သူငယ်တော်၏ လျှောက်တင်ချက်တွင် ပညာဉာဏ်ဆင်ခြင်တုံတရားနှင့် ပြည့်စုံသော လျှောက်တင်ချက်များဖြစ်သဖြင့် သူငယ်တော်တို့သည် နှလုံးရည်နှင့်ပြည့်စုံသော အမှုထမ်းများလည်း ဖြစ်သည်ဟု ဆိုရပေမည်။

> **❖ အထောက်အထားများအရ ပင်းယခေတ်တွင် သူငယ်တော် အမှုထမ်းများလည်းရှိသကဲ့သို့ သူငယ်တော်တို့သည် ဘုရင် ယုံကြည်ရသည့် လူယုံတော်များ၊ ဘုရင်လျှို့ဝှက်စွာစေခိုင်းသည့် ကိစ္စများကို ဆောင်ရွက်ပေးရသူများဖြစ်ကြောင်း တွေ့ရပေသည်။ သူငယ်တော်၏ လျှောက်တင်ချက်တွင် ပညာဉာဏ်ဆင်ခြင်တုံ တရားနှင့်ပြည့်စုံသော လျှောက်တင်ချက်များဖြစ်သဖြင့် သူငယ်တော် တို့သည် နှလုံးရည်နှင့်ပြည့်စုံသော အမှုထမ်းများလည်းဖြစ်သည်ဟု ဆိုရပေမည်။ ❖**

ပင်းယခေတ်ထိုး ကျောက်စာများတွင် သက္ကရာဇ် ၇၀၀ ပြည့်နှစ်ထိုး "ဥမင်ကျောင်းကျောက်စာ" ကြောင်းရေ ၁၀၊ ၁၁၊ ၁၂၊ ၁၃ တို့တွင် "သိမြင်ပါသကား ရှေ့တော်နေသော မင်းသိင်္ဂပတေ့ စသောအသချာ သံပျင်ကြီး အကုန်ရင်ပြင်နေသော အပသုင် အမတ်ပိုင် ပါခပ်သိမ်း အနုမောဒနာ ခေါ်ပါကုန်သတေ"ဟူ၍ ရေးထိုးထားသဖြင့် ပုဂံခေတ်က သုံးနှုန်းရေးသားခဲ့သော အပသုင်ဟူသော ရေးထုံးကိုလည်း တွေ့ရပြီး ပုဂံခေတ်ကကဲ့သို့ပင် အလှူဒါနပြုရာတွင် မျက်မြင်သက်သေအဖြစ် အမတ်၊ သံပျင်တို့နှင့်အတူ တစ်တန်းစားတည်းထား၍ ရေးထိုးခဲ့ကြောင်း သိရပေသည်။ ပုဂံခေတ်က သူငယ်တော်တို့၏ အဆင့်အတန်းမျိုးသည် ပင်းယခေတ်ထိ ရှိနေသည်ဟုဆိုရမည်။

အင်းဝခေတ်ထိုးကျောက်စာများတွင် သူငယ်တော်အမည်ကို အစောဆုံးတွေ့ရသည့်ကျောက်စာမှာ သက္ကရာဇ် ၇၂၇ ထိုး "သူငယ်တော် ရွာသူကြီး ကျောက်စာ"ဖြစ်သည်။ ထိုကျောက်စာတွင် သူငယ်တော်ရွာသူကြီး ဦးရွှေခက်တို့ ဇနီးမောင်နှံသည် ပင်းယရွှေစည်းခုံဘုရားရှင်ကို ဆီမီးဝတ်၊ ဆွမ်းဝတ်၊ တရားဝတ်တို့အတွက် လယ် ၁၀ ပယ်ကို လှူဒါန်းခြင်းဖြစ်သည်။ လှူဒါန်းရာတွင် လယ် ၁၀ ပယ်အနက် ငါးပယ်မှာ ဘုရားအတွက်ဖြစ်ပြီး ငါးပယ်မှာ ရွှေစည်းခုံဘုရားကို ဝေယျာဝစ္စပြုလုပ်ရမည့် ငနေထွန်းတို့ လင်မယားအတွက်ဖြစ်သည်။ သူကြီးဦးရွှေခက်မှာ ထိုလှူဒါန်းရသော အကျိုးအားကြောင့် ဘုရားဆုကို တောင်းထားခြင်းပင်ဖြစ်ကြောင်း ရေးထိုးထားသည်။ ကျောက်စာပါ သူငယ်တော်သူကြီး ဦးရွှေခက်၊ အုပ်ချုပ်ရသော သူငယ်တော်ရွာဆိုသည်မှာ ယခု တံတားဦးမြို့နယ်အတွင်း၌ရှိသော သူငယ်တော်ရွာပင်ဖြစ်သည်။ ထို့ကြောင့် အင်းဝမြို့ကိုတည်၍ စိုးစံခဲ့သော သတိုးမင်းဖျား လက်ထက်တွင် သူငယ်တော်ရွာကို စီရင်အုပ်ချုပ်ရသည့် သူကြီးမှာ ဦးရွှေခက် ဖြစ်ကြောင်း ကျောက်စာအရ သိရပေသည်။

နောက်ထပ် သူငယ်တော်သူကြီး အမည်ပါသော ကျောက်စာတစ်ချပ်မှာ သက္ကရာဇ် ၇၆၁ ခုထိုး "သူငယ်တော်သူကြီး အစလသူ မြေလှူသော ကျောက်စာ" ဖြစ်လေသည်။ ဤကျောက်စာမှာ မူလက မည်သည့်နေရာတွင် ရှိခဲ့မှန်းမသိရသော်လည်း ယခုအခါ၌ အမရပူရမြို့ ပုထိုးတော်ကြီးအတွင်း တည်ရှိနေသည်။ ကျောက်စာအမှတ်မှာ (၂၁၉) ဖြစ်သည်။ သူငယ်တော်သူကြီး အစလသူသည် သံသရာ ဆင်းရဲဘေးကို ကြောက်ရွံ့လှသောကြောင့် ဆင်းရဲဘေးမှလွတ်မြောက်ရာ နိဗ္ဗာန်သို့ရောက်လို၍ ကုလားကျောင်းနှင့် မြေလှူသည့်အကြောင်းကို ရေးထိုးထားခြင်းဖြစ်သည်။ ကျောက်စာရေးထိုးနှစ်မှာ ၇၆၁ ခုနှစ်ဖြစ်သဖြင့် ပထမအင်းဝခေတ် မင်းကြီးစွာစော်ကဲလက်ထက် ဖြစ်ပေသည်။ ဤကျောက်စာပါ သူငယ်တော်ရွာသည်လည်း တံတားဦးမြို့နယ် အတွင်းရှိ သူငယ်တော်ရွာ ဖြစ်ဟန်တူသည်။

အင်းဝခေတ်ထိုးကျောက်စာများတွင် သူငယ်တော်နှင့်ဆိုင်သော မှတ်သားဖွယ်ရာ ကျောက်စာတစ်ခုမှာ သက္ကရာဇ် ၇၆၉ ခုနှစ်ထိုး ရန်အောင်မြင်ဘုရားကျောက်စာဖြစ်သည်။ ရန်အောင်မြင်ဘုရားကျောက်စာမှာ အကြီး၊ အသေးဟူ၍ နှစ်ချပ်ရှိပြီး သူငယ်တော်အကြောင်းပါသည့် ကျောက်စာမှာ ကျောက်စာအကြီးဖြစ်သည်။ ကျောက်စာအကြီးမှာ နှစ်မျက်နှာထိုး ကျောက်စာဖြစ်ပြီး ကျောက်စာကျောဘက်ကြောင်းရေ ၂၉၊ ၃၀ ၌–

"သူငဲတော်သူကြီး နန်သူကျွောင်ဝတ္ထုမွှစ်သာနှိုက် အိုမ်ဖွက်ရွာငဲနှင့်အကွလဲ ၁၀၊ နံနန်နှိုက် ၃ ပဲ၊ လက်ဆောင် ရွှေလက်ကောက် ၁၀"ဟူ၍ ရေးထိုးထားသည်။ ကျောက်စာမှာ အင်းဝဘုရင် ပထမမင်းခေါင်ကြီးသည် အင်းဝမြို့တောင်ဘက် သဲမောင်းကန်ရွာအနီးတွင် ရန်အောင်မြင်ဘုရားကို တည်ခဲ့သည်။ ထိုအကြောင်းကို ကျောက်စာရေးထိုး၍ မှတ်တမ်းတင်ထားခဲ့ခြင်းဖြစ်သည်။ ကျောက်စာတွင် ပထမမင်းခေါင်ကြီး၏ အလှူဒါနတွင် အနယ်နယ် အရပ်ရပ်ရှိ ရွာသူကြီးများက အလှူဒါနများ ပါဝင်ကြရသည်။ ကျောက်စာအရ သူငယ်တော် ရွာသူကြီး နန်သူကျောင်သည် ပထမမင်းခေါင်၏ စေတီတည်ရာ ကုသိုလ်တော်တွင် လယ် ၁၃ ပယ်၊ ရွှေလက်ကောက် ၁၀ ပါဝင်ခဲ့ကြောင်း ရေးထိုးထားခြင်းဖြစ်သည်။ ရှေးအခါက ရှင်ဘုရင်၏ ကုသိုလ်တော်တွင် ပါဝင်လှူဒါန်းခွင့်ရဖို့ရန် မလွယ်ကူပေ။ ရှင်ဘုရင် ယုံကြည်ရသူ၊ ရှင်ဘုရင်နှင့် လွန်စွာခင်မင်ရင်းနှီးသူတို့သာ ပါဝင်ခွင့် ရနိုင်ကြပေသည်။ ထိုကဲ့သို့သော အခွင့်အရေးကို သူငယ်တော် သူကြီးနန်သူကျောင်လည်း ရရှိခဲ့သဖြင့် သူငယ်တော်တို့သည် အဆင့်အတန်းနိမ့်ကျသူများမဟုတ်ကြောင်း သိသာသည်။

အထက်ပါ ကျောက်စာထက်ပိုပြီး သူငယ်တော်နှင့်ပတ်သက်၍ မှတ်သားဖွယ်ရာကောင်းသည့် အချက်မှာ သက္ကရာဇ် ၈၆၆ ခုထိုး ဝေဠုဝန်ဘုရား ကျောက်စာကြောင်းရေ ၁၇ နှင့် ၁၈ တို့၌–

"သုငဲတော်မင်ဆိုျာ၊ ကြံသိုင်ဆိုျာ၊ ပဥ္စလက်ာ၊ မင်လှမင်ဆိုျာ စသောအရာသဃ်ာအပေါင်းတိုဝ်နှင့် အကွ အရှင်မင်ကြီးဆိုျာ ရှေ့ဝဲပြီ၏"ဟူ၍ ရေးထိုးသဖြင့် သူငယ်တော်ရွာမှ မင်းဆရာတော်တစ်ပါး၊ မင်းအကိုးကွယ်ခံ ဆရာတော်တစ်ပါး ထွက်ပေါ်ခဲ့ကြောင်း သိရပေသည်။

အထက်တွင်ဖော်ပြခဲ့သော အင်းဝခေတ်ထိုး ကျောက်စာများအရ အင်းဝခေတ်တွင်လည်း သူငယ်တော်တို့သည် အဆင့်အတန်းနိမ့်ကျသူများ မဟုတ်ကြောင်းသိရပေသည်။ မင်းနှင့်အကျွမ်းဝင်သူ၊ မင်း၏ကုသိုလ်တော်တွင် ပါဝင်ခွင့်ရသူ၊ နောက်ဆုံး သူငယ်တော် အသိုင်းအဝိုင်းမှ မင်းကိုးကွယ်ခံရသည့် ဆရာတော်တစ်ပါး ထွက်ပေါ်လာသည် ထိဖြစ်သည်။

ယခုအခါထပ်၍ ဖော်ပြလိုသည်မှာ ပျို့ကဗျာတို့တွင်တွေ့ရသော သူငယ်တော်အကြောင်းပင် ဖြစ်လေသည်။ အင်းဝခေတ်သည် ပျို့ကဗျာစာပေ ထွန်းကားသောကြောင့် ပျို့ကဗျာတို့တွင် သူငယ်တော် အကြောင်းကို ထည့်သွင်းရေးဖွဲ့ခဲ့ကြသည်။ အင်းဝခေတ်စာဆိုတော်ကြီးဖြစ်သော ရှင်မဟာရဋ္ဌသာရ ရေးဖွဲ့ခဲ့သည့် သံဝရပျို့ပိုဒ်ရေ ၁၂၄ ၌

"စောင်းတန်းလှေကား၊ မုတ်တံခါးဝယ်
စောင့်ထားမြဲစွာ၊ ဒွါရပါနှင့်
ရသည် သည်ဝါသခံ၊ မင်းထံစေလွယ်
သူငယ်တော်များ၊ လေးပါးပုံစေ့
နေလေ့မပြတ်"ဟူ၍ ရေးဖွဲ့ထားပေသည်။

ရှင်မဟာရဋ္ဌသာရ၏ အဆိုအမိန့်အရမူ သူငယ်တော်တို့သည်အတွင်းနန်းတော်စောင်းတန်းလှေကား မုခ်တို့၌ သံခံ၊ လက်ဆောင်တော်ယူသူတို့နှင့်အတူ တံခါးစောင့်များအဖြစ် မြဲမြံစွာနေရသူများ၊ မင်းထံ စေလွှတ်ရသူများအဖြစ် ခစားထမ်းရွက်ရကြောင်း သိရသည်။

အချုပ်အားဖြင့်ဆိုရပါမူ ပင်းယ၊ အင်းဝခေတ် သူငယ်တော်တို့သည် မင်းလူယုံတော်၊ မင်းအချစ်တော်၊ မင်းနှင့်အကျွမ်းဝင်သူ၊ ကလန်၊ သံပျင်၊ မှူးမတ်တို့နှင့် တစ်တန်းစားတည်း ဖြစ်သူများဖြစ်ကြောင်း ကောက်ချက်ချနိုင်ပေသည်။

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှုခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊
ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့်သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှုမပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။

# လမ်းလျှောက်ခြင်းဖြင့် ကြွက်သားများ သန်မာစေနိုင်သည်



မိမိတို့ရဲ့ ခန္ဓာကိုယ်မှာ အဆီပိုတွေ မရှိတော့ဘူးဆိုရင် ကြွက်သားတွေကလည်း ပိုမို ပေါ်လွင်လာပြီး သန်မာလာမှာ ဖြစ်ပါတယ်။ ဒီလိုဖြစ်ချင်တယ်ဆိုရင်တော့ တစ်ရက်ကို ခြေလှမ်းရေ ၁၀၀၀၀ လောက် လမ်းလျှောက်ပေးရုံနဲ့ တင်ရရှိနိုင်ပါတယ်။

ဒီထက်ပိုပြီး ပြင်းထန်တဲ့ လေ့ကျင့်ခန်းမျိုး လိုချင်တယ်ဆိုရင်တော့ တောင်တက်လမ်းလျှောက်ခြင်းကိုလည်း ကြိုးစားကြည့်သင့်ပါတယ်။

ဒါ့အပြင် စက္ကန့် ၃၀မှ ၁ မိနစ်၊ ၂ မိနစ်အထိ ခပ်မြန်မြန်လမ်းလျှောက်ပြီး ပုံမှန်လမ်းပြန်လျှောက်ခြင်း၊ အဲဒီနောက် ခပ်မြန်မြန်ပြန်ပြီး လမ်းလျှောက်ခြင်းလိုမျိုး လေ့ကျင့်ခန်းတွေကလည်း ထိရောက်မှုရှိလှပါတယ်။

လမ်းလျှောက်ခြင်းဟာ သင့်ခန္ဓာကိုယ် တစ်လျှောက်မှာရှိတဲ့ ကြွက်သားတွေရဲ့ တင်းအားကို တိုးမြင့်စေတာသာဖြစ်ပါတယ်။

လမ်းလျှောက်ခြင်းဟာ ပြင်းထန်တဲ့ လေ့ကျင့်ခန်းမဟုတ်တဲ့အတွက် ကြွက်သားတွေနာကျင်ခြင်းမရှိစေပါဘူး။ ဒါကြောင့် အနာတရဖြစ်တာမျိုး၊ နောက်တစ်ခေါက် လမ်းလျှောက်ဖို့အတွက် ကြွက်သားတွေနာလို့ မလျှောက်နိုင်တာမျိုးလည်း မဖြစ်စေပါဘူး။

# ဝါးခယ်မမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၅၇၀၅၈ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



မြောင်းမြ ဇူလိုင် ၁

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါး ၅၇၀၅၈ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဝါးခယ်မမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါး ၂၁၃၂၁၆ ဧကစိုက်ပျိုးရန် လျာထားပြီး ယခုနှစ် ဇွန်လပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် စပါး ၅၇၀၅၈ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါစပါး လျာထားဧကအားလုံး ရာနှုန်းပြည့်မီစေရေး ဆက်လက်စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

"ဝါးခယ်မမြို့နယ်မှာ မိုးစပါး လျာထား ၂၁၃၂၁၆ ဧကထိ စိုက်ပျိုးနေပါတယ်။ လက်ရှိဧက ၅၇၀၀၀ ကျော်ထိ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ကျန်တဲ့ဧကတွေကို ဆက်လက် စိုက်ပျိုးနေပါတယ်။ မိုးစပါးစိုက်ပျိုးဖို့အတွက် စပါး စတင်မစိုက်မီ အချိန်ကတည်းက စိုက်ပျိုးရေး နည်းပညာတွေကို ကြိုတင် ဆောင်ရွက်ပေးနေပါတယ်။ ဒါ့ပြင် စပါးအထွက်နှုန်းကောင်းမွန်ဖို့ လိုအပ်တဲ့ ဓာတ်မြေသြဇာတွေကိုလည်း ပံ့ပိုးပေးဖို့ သက်ဆိုင်ရာ အဖွဲ့အစည်းတွေနဲ့ ချိတ်ဆက်စီစဉ်နေပါတယ်။ ဓာတ်မြေသြဇာတွေကိုလည်း စိုက်ပျိုးရေးနည်းလမ်းတွေအတိုင်း အသုံးပြုနိုင်ဖို့ နည်းပညာပေးလုပ်ငန်းတွေကို ကွင်းဆင်းလုပ်ဆောင်ပေးနေပါတယ်။ အထွက်နှုန်းနဲ့ စပါးအရည်အသွေး ပြည့်မီရေးအတွက်ကိုလဲ ဆောင်ရွက်ပေးနေပါတယ်" ဟု မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြသည်။

ဝါးခယ်မမြို့နယ်တွင် ယခုနှစ် မိုးစပါးလျာထား ၂၁၃၂၁၆ ဧကကို ဆင်းသုခ၊ မနောသုခ၊ GW11၊ GW-1 ပေါ်ဆန်း၊ နှံကား၊ ပခမ်း စသည့် စပါးအမျိုးအစားများကို အများဆုံး စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ အဆိုပါ စပါးအမျိုးအစားများသည် ဒေသရေမြေရာသီဥတုနှင့် ကိုက်ညီသည့်အတွက် အဓိကထား စိုက်ပျိုးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

စပါးကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် စပါးကိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြ၍ သိရသည်။

ကျော်ကျော်လင်း

# ပြင်ဦးလွင်မြို့နယ် ညံညင်းသာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

ပြင်ဦးလွင် ဇူလိုင် ၁

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် ပြင်ဦးလွင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အောင်ချမ်းသာ ကျေးရွာအုပ်စု ညံညင်းသာ ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပြင်ဦးလွင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဆက်နိုင်ထွန်း၊ ပြင်ဦးလွင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မွန်ကျော်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ညံညင်းသာကျေးရွာ၌ ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေများဖြင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ ချေးငွေစာချုပ်ပါအတိုင်း အမှန်တကယ်လုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် လအလိုက် ဖြည့်သွင်းရမည့် ငွေစာရင်းဇယားများ ပုံမှန် ဖြည့်သွင်းမှု ရှိ၊ မရှိ အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး ခရိုင်ဦးစီးမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ညံညင်းသာကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၅၆ ဦးကို မြစိမ်းရောင်ကျေးရွာ စီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၅၉၄ သိန်း ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သော်ဇင်ထူး

## လေးစားဖွယ်ရာ မေမြန်မာ

- ရှေးပဝေဓေတ်အဆက်ဆက်မှ
  ယနေ့ထက်ထိအောင်ပင်၊
  မေမြန်မာတို့အလှ
  တွေးဆကြည့်လျှင်၊
  ဝတ်စားဆင်ယင်
  ခံ့ညားယဉ် အမြင်တင့်၊
  မြန်မာဓလေ့ထိန်းသိမ်းခြင်း
  ဆောင်ကြဉ်းဂုဏ်ဝင့်။

- လူမှုရေး စီးပွားရေး
  ပညာရေးမှသည်၊
  အရေးအလီလီ ပါဝင်လျက်
  ထမ်းရွက်ရွှင်ကြည်၊
  အမျိုးသားများနှင့် မခြားပြီ
  စွမ်းဆောင်ရည် မြင့်မားလျက်၊
  နည်းပညာအရပ်ရပ်လည်း
  တတ်ကျွမ်းထက်မြက်။

- သားကိုသခင် လင်ကိုဘုရား
  ပမာလား စိတ်ထဲမှာ၊
  မေတ္တာ သစ္စာ အကြင်နာတရား
  ပွားများကာသာ၊
  ဘဝတစ်သက်တာ
  အိမ်ထောင်သာယာ တိုးတက်ရေး၊
  ရှေးရှုကာ နေထိုင်မှု
  ပြုကြသည်လေး။

- နိုင်ငံနှင့်လူမျိုး
  အကျိုးကို မျှော်ရည်၊
  တတ်စွမ်းရာကဏ္ဍမှ
  ဖေးမကူညီ၊
  မေမြန်မာဂုဏ်အလီလီ
  စာဖွဲ့မည်ဆိုပါက၊
  လေးစားဖွယ်မိန်းမသားများဟု
  ညွှန်းပြုဖွယ်ပ။ ။

အင်ကြင်းသူ(နေပြည်တော်)

## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

á Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထား ဆောင်ရွက်ပါ။

á မကြာခဏ ထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

## နိုင်ငံတကာ သတင်းများ

# တရုတ်ကွန်မြူနစ်ပါတီဖွဲ့စည်းတည်ထောင်မှု ၁၀၅ နှစ်ပြည့် အထိမ်းအမှတ် သမ္မတရှီကျင့်ဖျင် မိန့်ခွန်းပြောကြား




ပေကျင်း ဇူလိုင် ၁

တရုတ်ကွန်မြူနစ်ပါတီ ဖွဲ့စည်းတည်ထောင်မှု ၁၀၅ နှစ်ပြည့် အထိမ်းအမှတ် အခမ်းအနားကို ပေကျင်းမြို့၌ ယနေ့တွင် ကျင်းပခဲ့ရာ တရုတ်သမ္မတ ရှီကျင့်ဖျင် တက်ရောက် မိန့်ခွန်းပြောကြားခဲ့ကြောင်း Xinhua သတင်းဌာနက ဖော်ပြထားသည်။

တရုတ် ကွန်မြူနစ်ပါတီသည် ကမ္ဘာ့အကြီးဆုံး လက်ရှိအာဏာရ ပါတီဖြစ်သကဲ့သို့ တစ်ကမ္ဘာလုံး အတိုင်းအတာအရလည်း ဩဇာကြီးမားသည့်ပါတီကြီး ဖြစ်လာခဲ့ပြီဖြစ်ကြောင်း သမ္မတရှီကျင့်ဖျင်က ပြောကြားခဲ့သည်။

ထို့ပြင် ကွန်မြူနစ်ပါတီကြောင့် တရုတ်နိုင်ငံအနေဖြင့် နယ်ချဲ့စနစ်၊ မြေရှင်ပဒေသရာဇ်စနစ်၊ အရင်းရှင်စနစ်တို့ကိုဖယ်ရှားနိုင်ခဲ့ပြီး စက်မှုနိုင်ငံခေတ်အတွက် လမ်းကြောင်းဖွင့်ပေးနိုင်ခဲ့ကြောင်း သမ္မတရှီကျင့်ဖျင်က ပြောကြားခဲ့သည်။

ထို့ပြင် တရုတ်ကွန်မြူနစ်ပါတီအနေဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများ ခေတ်မီ တိုးတက်ရေးအတွက် လမ်းကြောင်းသစ်များကို ဖွင့်ပေးနိုင်ခဲ့ကြောင်း ကွန်မြူနစ်ပါတီ ဖွဲ့စည်းတည်ထောင်မှု ၁၀၅ နှစ်ပြည့်မိန့်ခွန်း၌ သမ္မတရှီကျင့်ဖျင်က သုံးသပ်ပြောကြားခဲ့သည်။

အလားတူ ကမ္ဘာကြီးအနေဖြင့် အသွင်ကူးပြောင်းမှု ခေတ်အတွင်း ဝင်ရောက်နေချိန်တွင် တရုတ်ကွန်မြူနစ်ပါတီအနေဖြင့် နိုင်ငံတကာဆက်ဆံရေး ပုံစံသစ်ကို အားပေး မြှင့်တင်မည်ဖြစ်ကြောင်း သမ္မတရှီကျင့်ဖျင်က ပြောကြားခဲ့သည်။

တရုတ်ကွန်မြူနစ်ပါတီဖွဲ့စည်းတည်ထောင်မှု ၁၀၅ နှစ်ပြည့် မိန့်ခွန်းတွင် သမ္မတ ရှီကျင့်ဖျင်က တရုတ်(တိုင်ပေ) အရေးကိုလည်း ထည့်သွင်း ပြောကြားခဲ့ပြီး အမျိုးသား ပြန်လည်ပေါင်းစည်းရေးဆိုင်ရာ ကတိကဝတ်ကို ထပ်လောင်းအတည်ပြုခဲ့သည်။

တရုတ် ကွန်မြူနစ်ပါတီကို ၁၉၂၁ ခုနှစ် ဇူလိုင် ၁ ရက်တွင် ဖွဲ့စည်းတည်ထောင်ခဲ့ပြီး တရုတ်မီဒီယာများ၏အဆိုအရ လက်ရှိတွင် ပါတီဝင်အင်အား ၁၀၁ ဒသမ ၂၈၆ သန်းရှိကြောင်း သိရသည်။

ပေကျင်းမြို့ ပြည်သူ့မဟာခန်းမဆောင်၌ ကျင်းပခဲ့သော တရုတ်ကွန်မြူနစ်ပါတီ ဖွဲ့စည်းတည်ထောင်မှု ၁၀၅ နှစ်ပြည့် အခမ်းအနား၌ သမ္မတရှီကျင့်ဖျင် ပြောကြားခဲ့သောမိန့်ခွန်းမှာ မိနစ် ၄၀ ကြာမြင့်ခဲ့ကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

# နေတိုးထိပ်သီးညီလာခံအတွက် အင်ကာရာမြို့၌ တူကီယဲလုံခြုံရေးတင်းကျပ်




အင်ကာရာ ဇူလိုင် ၁

မြောက်အတ္တလန္တိတ် စာချုပ်အဖွဲ့(နေတိုး) ထိပ်သီးညီလာခံအတွက် တူကီယဲအစိုးရက အင်ကာရာမြို့၌ လုံခြုံရေးအစီအမံများ မြှင့်တင်ထားကြောင်း ယနေ့သတင်းများတွင် ရေးသားတင်ပြခဲ့သည်ဟု RT သတင်းဌာနက ဖော်ပြထားသည်။

တူကီယဲနိုင်ငံသည် နေတိုး ထိပ်သီးညီလာခံအတွက် အင်ကာရာမြို့၌ ရဲတပ်ဖွဲ့ဝင် ထောင်ပေါင်းများစွာ ဖြန့်ကြက်ထားပြီး လေကြောင်းရန် ကာကွယ်ရေးစနစ်များကိုလည်း အသင့်အနေအထား ပြင်ဆင်ထားသည်။

အလားတူ လူစုလူဝေးပြုလုပ်မှုများနှင့် စုရုံးဟောပြောမှုများကိုလည်း တူကီယဲအစိုးရက ပိတ်ပင်ထားသည်။

နေတိုး ထိပ်သီးညီလာခံကို အင်ကာရာမြို့၌ ဇူလိုင် ၇ ရက်မှ ၈ ရက်ထိ ကျင်းပမည်ဖြစ်သည်။

အဆိုပါနေတိုးထိပ်သီးညီလာခံသို့ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်အပါအဝင် နေတိုးအဖွဲ့ဝင်နိုင်ငံ ၃၂ နိုင်ငံမှ ထိပ်တန်းခေါင်းဆောင်များ တက်ရောက်မည်ဖြစ်သည်။

နေတိုး ထိပ်သီးညီလာခံတွင် နေတိုးခေါင်းဆောင်များ အနေဖြင့် ယူကရိန်းစစ်ရေးပဋိပက္ခ၊ အီရန်စစ်ရေးပဋိပက္ခ၊ ကာကွယ်ရေးအသုံးစရိတ်မြှင့်တင်ရေး ကိစ္စတို့ကို အဓိကထား ဆွေးနွေးကြဖွယ်ရှိကြောင်း သိရသည်။

Ref : RT
Trs : KKO

# အယာတိုလာခါမေနီ၏ ဈာပနအခမ်းအနားကျင်းပရန် အီရန်ပြင်ဆင်

တီဟီရန် ဇူလိုင် ၁

ကွယ်လွန်သူ အီရန်ခေါင်းဆောင် အယာတိုလာခါမေနီ၏ ဈာပနအခမ်းအနားကို ကျင်းပရေးအတွက် အီရန်အစိုးရက ပြင်ဆင်မှုများ ပြုလုပ်နေပြီဖြစ်ကြောင်း ယနေ့သတင်းများတွင် ရေးသားတင်ပြခဲ့သည်ဟု RT သတင်းဌာနက ဖော်ပြထားသည်။

အီရန်အစိုးရသည် အသက် ၈၉ နှစ်ရှိ အယာတိုလာခါမေနီ၏ ဈာပနအခမ်းအနားကို ဇူလိုင် ၄ ရက်တွင် တီဟီရန်မြို့၌ ကျင်းပရန် စီစဉ်ထားသည်။

ဇွန် ၁၇ ရက်တွင် ရယူခဲ့သည့် အချက် ၁၄ ချက်ပါ အီရန်စစ်ရေးပဋိပက္ခပြီးဆုံးရေး ယာယီသဘောတူညီချက်အရ အပစ်အခတ်ရပ်စဲရေးကာလကို ရက် ၆၀ သက်တမ်းထပ်တိုးထားချိန်တွင် အယာတိုလာခါမေနီ၏ ဈာပနအခမ်းအနားကိုကျင်းပရန် အီရန်အစိုးရက စီစဉ်နေခြင်းဖြစ်သည်။

အယာတိုလာခါမေနီ၏ ဈာပနအခမ်းအနားသို့ အီရန်ပြည်သူ ၁၅ သန်းမှ သန်း ၂၀ ထိ ပါဝင်နိုင်ဖွယ်ရှိရာ အီရန်သမိုင်းတစ်လျှောက် အကြီးကျယ်ဆုံး ဈာပနအခမ်းအနားဖြစ်လာနိုင်ကြောင်း အီရန်မီဒီယာများက သတင်းထုတ်ပြန်ထားသည်။

အီရန်မီဒီယာများ၏ အဆိုအရ အယာတိုလာခါမေနီ၏ ဈာပနအခမ်းအနားသို့ နိုင်ငံပေါင်း ၃၀ ခန့်မှ ကိုယ်စားလှယ်များလည်း တက်ရောက်ဖွယ်ရှိသည်။

အယာတိုလာခါမေနီသည် အီရန်စစ်ရေးပဋိပက္ခစတင်ခဲ့သည့် ဖေဖော်ဝါရီ ၂၈ ရက်မှာပင် အမေရိကန်နှင့် အစ္စရေးတို့၏ လေကြောင်းတိုက်ခိုက်မှုကြောင့် သေဆုံးခဲ့သည်။

အယာတိုလာခါမေနီ၏ ရုပ်အလောင်းကို ဇူလိုင် ၉ ရက်တွင် အီရန်နိုင်ငံ အရှေ့တောင်ပိုင်း မက်ရှ်ဟက်ဒ်မြို့၌ မြှုပ်နှံသဂြိုဟ်မည်ဟု အီရန်မီဒီယာများက သတင်း ထုတ်ပြန်ထားကြောင်း သိရသည်။

Ref : RT
Trs : KKO

# ပါကစ္စတန် စာသင်ကျောင်းတစ်ကျောင်း၌ ခေါင်မိုးပြိုကျ၊ ကလေး ၁၄ ဦး သေဆုံး

အစ္စလာမ္မာဘတ် ဇူလိုင် ၁

ပါကစ္စတန်နိုင်ငံ အရှေ့ပိုင်း လာဟိုမြို့ရှိ စာသင်ကျောင်းတစ်ကျောင်း၌ ဇွန် ၃၀ ရက်က ကျောင်းခေါင်မိုးပြိုကျခဲ့ရာ ကလေး ၁၄ ဦးသေဆုံး၍ ငါးဦးဒဏ်ရာရရှိခဲ့ကြောင်း Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

စာသင်ကျောင်း အဆောက်အအုံ ခေါင်မိုးအုတ်ကြွပ်များကို အလုပ်သမားများက ပြင်ဆင်နေစဉ် ခေါင်မိုးပြိုကျခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

စာသင်ကျောင်းခေါင်မိုး ပြိုကျမှုအတွင်း ကလေး ၁၄ ဦး သေဆုံးခဲ့ကြောင်း လာဟိုမြို့ အာဏာပိုင်များက အတည်ပြုထားသည်။

လက်ရှိတွင် ရှာဖွေကယ်ဆယ်ရေးသမားများက တစ်စိတ်တစ်ပိုင်း ပြိုကျနေသည့် စာသင်ကျောင်း အဆောက်အအုံ အပျက်အစီးများ ရှင်းလင်းနေပြီး ပိတ်မိနေသူ ရှိ၊ မရှိ ရှာဖွေနေကြဆဲဖြစ်သည်။

လက်ရှိတွင် စာသင်ကျောင်း ခေါင်မိုးပြိုကျမှုဖြစ်စဉ်ကို လာဟိုမြို့ ရဲတပ်ဖွဲ့က စုံစမ်းစစ်ဆေးမှုများ စတင်ပြုလုပ်နေကြောင်း သိရသည်။

စာသင်ကျောင်းခေါင်မိုးပြိုကျမှု အတွင်း ကလေး ၁၄ ဦး သေဆုံးခဲ့ရသည့်အတွက် ဝမ်းနည်းကြေကွဲရသည်ဟု ပါကစ္စတန်ဝန်ကြီးချုပ် ရှာဘက်ဇ်ရှရစ်ဖ်က ထုတ်ဖော်ပြောကြားထားကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

# အိန္ဒိယ၌ ရေနံဓာတုစက်ရုံ မီးလောင်မှုဖြစ်ပွား၊ ဦးရေ ၂၀ ဒဏ်ရာရ

ဒေလီ ဇူလိုင် ၁

အိန္ဒိယနိုင်ငံအရှေ့ပိုင်းရှိ ရေနံဓာတုစက်ရုံတစ်ရုံ၌ ဇွန် ၃၀ ရက်က မီးလောင်မှုဖြစ်ပွားခဲ့ရာ ဦးရေ ၂၀ ဒဏ်ရာရရှိခဲ့ကြောင်း RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။



မီးလောင်မှု ဖြစ်ပွားခဲ့သော ရေနံဓာတုစက်ရုံမှာ ဟယ်လ်ဒီးယား ရေနံဓာတုလုပ်ငန်းကုမ္ပဏီက ပိုင်ဆိုင်သည့်စက်ရုံဖြစ်သည်။

ထိုရေနံ ဓာတုစက်ရုံသည် အနောက်ဘင်ဂေါလ် ပြည်နယ် ပါရဲဘာမီဒီနီပူရ်ခရိုင်၌ တည်ရှိကြောင်း အိန္ဒိယမီဒီယာများက သတင်းထုတ်ပြန်ထားသည်။

ရေနံဓာတုစက်ရုံ မီးလောင်မှုသည် အနီးတစ်ဝိုက်ရှိ လူနေအိမ်များကိုပါ လျှင်မြန်စွာကူးစက်ခဲ့ရာ မီးသတ်ယာဉ် ၁၂ စီးနှင့် မီးသတ်သမားများက ထိန်းချုပ်ငြိမ်းသတ်ခဲ့ရသည်။

ရေနံဓာတုစက်ရုံ မီးလောင်မှုအတွင်း ဒဏ်ရာရသူအများစုမှာ စက်ရုံအလုပ်သမားများဖြစ်ကြပြီး လုံခြုံရေးအစောင့် နှစ်ဦးလည်း ပါဝင်ကြောင်း သိရသည်။

လက်ရှိတွင် ရေနံဓာတုစက်ရုံ မီးလောင်မှုကို အနောက်ဘင်ဂေါလ်ပြည်နယ် တာဝန်ရှိသူများက စုံစမ်းစစ်ဆေးလျက် ရှိကြောင်း သိရသည်။

Ref : RT
Trs : KKO

# SCIENCE AND TECHNOLOGY

## စပေ့စ်အိတ်ကုမ္ပဏီက အရွယ်အစားကြီးမားသော စီးရီးရက်အိတ်အမ်ရေဒီယိုဂြိုဟ်တုကို အောင်မြင်စွာလွှတ်တင်



**ဝါရှင်တန် ဇူလိုင် ၁**

အမေရိကန်နိုင်ငံ အခြေစိုက် စပေ့စ်အိတ်ကုမ္ပဏီသည် အရွယ်အစားကြီးမားသော စီးရီးရက်အိတ်အမ်ရေဒီယိုဂြိုဟ်တုကို ဇွန် ၂၉ ရက်တွင် အောင်မြင်စွာလွှတ်တင်ခဲ့ကြောင်း ဇွန် ၃၀ ရက် သတင်းများအရ သိရသည်။

စီးရီးရက်အိတ်အမ် ရေဒီယိုဂြိုဟ်တုကို ဖလော်ရီဒါပြည်နယ် ကိပ်ကာနေဗာရယ် အာကာသစခန်းမှတစ်ဆင့် ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လွှတ်တင်ပြီး ၃၄ ဒသမ ၅ မိနစ်အကြာတွင် ဖယ်လ်ကွန်-၉ ဒုံးပျံသည် စီးရီးရက်အိတ်အမ်ဂြိုဟ်တုကို ကြားခံပတ်လမ်းပေါ်သို့ ပို့ဆောင်ပေးနိုင်ခဲ့သည်။

ဖယ်လ်ကွန်-၉ ဒုံးပျံ၏ ပထမအဆင့်ပင်မဒုံးယာဉ်ကမူ အတ္တလန္တိတ်သမုဒ္ဒရာအတွင်း စောင့်ဆိုင်းနေသော မောင်းသူမဲ့တွဲရေယာဉ်ပေါ်သို့ ၁၇ ကြိမ်မြောက် အောင်မြင်စွာပြန်လည်ဆင်းသက်နိုင်ခဲ့သည်။

စီးရီးရက်အိတ်အမ်ကုမ္ပဏီ၏ အထက်ပါဂြိုဟ်တုသည် အလေးချိန် ကီလိုဂရမ် ၇၀၀၀ ထိရှိသော ဂြိုဟ်တုဖြစ်သည်။

စပေ့စ်အိတ်ကုမ္ပဏီသည် စီးရီးရက်အိတ်အမ် ဂြိုဟ်တုများကို လေးစင်းထိ လွှတ်တင်ပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO


## နာဆာအာကာသယာဉ်မှူးနှစ်ဦးက နိုင်ငံတကာအာကာသစခန်းပြင်ပထွက်ခွာ၍ ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ခဲ့

**ဝါရှင်တန် ဇူလိုင် ၁**

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့်အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)အာကာသယာဉ်မှူးနှစ်ဦးသည် ဇွန် ၃၀ ရက်တွင် နိုင်ငံတကာအာကာသစခန်းပြင်ပသို့ထွက်ခွာ၍ ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ခဲ့ကြကြောင်း သိရသည်။

နိုင်ငံတကာ အာကာသစခန်းပြင်ပထွက်ခွာစဉ် နာဆာအာကာသယာဉ်မှူးနှစ်ဦးတို့သည် အရှည် ၅၈ ပေရှိစက်ရုပ်လက်တံ၏ ကျိုးပဲ့နေသော အစိတ်အပိုင်းတစ်ခုကို အစားထိုး လဲလှယ်နိုင်ခဲ့သည်ဟု နာဆာက သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

နိုင်ငံတကာ အာကာသစခန်း စက်ရုပ်လက်တံ၏ အဆစ်ပေါင်းခုနစ်ခုအနက် တစ်ခုမှာ ထိခိုက်ပျက်စီးနေကြောင်း စစ်ဆေးတွေ့ရှိခဲ့ရပြီးနောက် နာဆာ အာကာသယာဉ်မှူး နှစ်ဦးက အာကာသစခန်းပြင်ပသို့ ထွက်ခွာ၍ ပြင်ဆင်မှုများပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။



နာဆာ အာကာသယာဉ်မှူး နှစ်ဦး၏ နိုင်ငံတကာအာကာသစခန်းပြင်ပထွက်ခွာချိန်မှာ ခုနစ်နာရီနှင့် မိနစ် ၂၀ ကြာမြင့်ခဲ့ကြောင်း သိရသည်။

နာဆာ အာကာသယာဉ်မှူး ဂျက်ဆီကာမေယာနှင့် ခရစ်ဝီလျံတို့၏ နိုင်ငံတကာအာကာသစခန်း ပြင်ပထွက်ခွာမှုသည် ယခုနှစ်အတွင်းပြုလုပ်ခဲ့သော တတိယမြောက် နိုင်ငံတကာအာကာသစခန်းပြင်ပထွက်ခွာမှုဖြစ်သည်။

နိုင်ငံတကာ အာကာသစခန်း အာကာသ ယာဉ်မှူးများသည် အာကာသစခန်း တရားဝင် လုပ်ငန်း လည်ပတ်ချိန်မှစ၍ လက်ရှိအချိန်ထိ အာကာသစခန်း ပြင်ပထွက်ခွာမှုပေါင်း အကြိမ် ၂၇၀ ထိ ပြုလုပ်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

Ref : Russia Today

Trs : KKO

## တရုတ်နိုင်ငံအခြေစိုက် လန်းစပေ့ကုမ္ပဏီက ကျူကေး-၃ ဒုံးပျံ၏ ဒုံးအင်ဂျင်များကို အောင်မြင်စွာစမ်းသပ်

**ပေကျင်း ဇူလိုင် ၁**

တရုတ်နိုင်ငံအခြေစိုက် လန်းစပေ့ကုမ္ပဏီသည် ကျူကေး-၃ ဒုံးပျံ၏ ဒုံးအင်ဂျင်များကို ဇွန် ၂၉ ရက်တွင် အောင်မြင်စွာစမ်းသပ်ခဲ့ကြောင်း ဇွန် ၃၀ ရက် သတင်းများအရ သိရသည်။

ကျူကေး-၃ ဒုံးပျံသည် အမေရိကန်နိုင်ငံအခြေစိုက် စပေ့စ်အိတ်ကုမ္ပဏီ၏ ဖယ်လ်ကွန်-၉ ဒုံးပျံကဲ့သို့ ပထမအဆင့်ပင်မဒုံးယာဉ်ကို အကြိမ်ကြိမ်ပြန်လည်အသုံးပြုနိုင်ရန် ပုံစံထုတ် တည်ဆောက်ထားသည့် ဒုံးပျံအမျိုးအစားဖြစ်ကြောင်း သိရသည်။

လန်းစပေ့ကုမ္ပဏီသည် ကျူကေး-၃ ဒုံးပျံ၏ ဒုံးအင်ဂျင်များစမ်းသပ်မှုကို တရုတ်နိုင်ငံ အနောက်မြောက်ပိုင်း တုန်ဖန်းအာကာသစခန်းနယ်မြေ၌ ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါစမ်းသပ်မှုတွင် ကျူကေး-၃ ဒုံးပျံ၏ ဒုံးအင်ဂျင်များမှာ ပုံမှန်အတိုင်း လည်ပတ်နိုင်ခဲ့ပြီး မျှော်လင့်ထားသည့်ရလဒ်မျိုး ရရှိခဲ့ကြောင်း လန်းစပေ့ကုမ္ပဏီက သတင်းထုတ်ပြန်ထားသည်။

လန်းစပေ့ကုမ္ပဏီသည် ကျူကေး-၃ ဒုံးပျံကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၃ ရက်တွင် ပထမဆုံးအကြိမ် လွှတ်တင်ခဲ့သည်။

အဆိုပါ စမ်းသပ်လွှတ်တင်မှုတွင် ကျူကေး-၃ ဒုံးပျံ၏ ထိပ်ဖူးအဆင့်ဒုံးယာဉ်သည် သတ်မှတ်ပတ်လမ်းပေါ်သို့ ရောက်ရှိခဲ့သော်လည်း ပထမအဆင့်ပင်မဒုံးယာဉ်ကို ပြန်လည်ရယူနိုင်မှု မရှိခဲ့ကြောင်း သိရသည်။

Ref : Xinhua News

Trs : KKO

# HEALTH

## နာတာရှည်အဆုတ်လေပြွန်ကျဉ်းရောဂါ(COPD) ရောဂါလက္ခဏာများ ပြင်းထန်ဆိုးရွားလာနိုင်မှုကို ထိုးဆေးသစ်တစ်မျိုးဖြင့် ကာကွယ်ပေးနိုင်ဖွယ်ရှိ

**နယူးယောက် ဇူလိုင် ၁**

နာတာရှည် အဆုတ်လေပြွန်ကျဉ်းရောဂါ(COPD) ရောဂါလက္ခဏာများ ပြင်းထန်ဆိုးရွားလာနိုင်မှုကို ထိုးဆေးသစ်တစ်မျိုးဖြင့် ကာကွယ်ပေးနိုင်ဖွယ် ရှိကြောင်း ဇွန် ၃၀ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

COPD လူနာများသည် တစ်ခါတစ်ရံ ရောဂါလက္ခဏာများ ပိုမိုဆိုးရွားပြင်းထန်လာတတ်မှု(Exacerbation)နှင့် ရင်ဆိုင်ရတတ်ပြီး ပြင်းထန်ဆိုးရွားသည့် နောက်ဆက်တွဲ ကျန်းမာရေးပြဿနာများပေါ်လာနိုင်ခြေ မြင့်တက်လာတတ်ကြောင်း သိရသည်။

သို့ရာတွင် Dupilumab အမည်ရှိ ထိုးဆေးတစ်မျိုးသည် COPD ရောဂါလက္ခဏာများ ပြင်းထန်ဆိုးရွားလာနိုင်ခြေကို ၃၀ ရာခိုင်နှုန်းကျော် လျှော့ချပေးနိုင်ကြောင်း ဗြိတိန်သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

သီတင်းနှစ်ပတ်လျှင်တစ်ကြိမ် ထိုးနှံရန်လိုအပ်သည့် Dupilumab ဆေးသည် COPD ရောဂါကြောင့် အသက်ဆုံးပါးနိုင်ခြေနှင့် ဆေးရုံတက်ရောက်ရနိုင်ခြေများကိုလည်း လျှော့ချပေးနိုင်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

Ref : Russia Today

Trs : KKO

## ကိုယ်ခန္ဓာကြွက်သားထုအရည်အသွေးမြင့်မားမှုက နှလုံးကျန်းမာရေးနှင့် ဆက်စပ်နေ

**အီဒင်ဘာ့ဂ် ဇူလိုင် ၁**

ကိုယ်ခန္ဓာကြွက်သားထု အရည်အသွေး မြင့်မားမှုသည် နှလုံးကျန်းမာရေးနှင့် ဆက်စပ်နေကြောင်း သုတေသနပညာရှင်များ၏အဆိုကို ကိုးကား၍ ဇွန် ၃၀ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

စကော့တလန် အီဒင်ဘာ့ဂ် တက္ကသိုလ်မှ သုတေသနပညာရှင်များသည် ပျမ်းမျှအသက် ၅၈ နှစ်အရွယ်ရှိ လူပေါင်း ၁၇၂၂ ဦးတို့၏ ကိုယ်ခန္ဓာကြွက်သားများအတွင်း အဆီပါဝင်မှုအဆင့်ကို ကွန်ပျူတာပုံရိပ်ဖော်စနစ်ဖြင့် လေ့လာခဲ့ကြကြောင်း သိရသည်။

လေ့လာချက်မှ ပေါ်ထွက်လာသည့်ရလဒ်များအရ ကိုယ်ခန္ဓာအထက်ပိုင်း ရင်ဘတ်ပိုင်းနှင့် နောက်ကျောပိုင်းကြွက်သားများ၏ အရည်အသွေးကောင်းမွန်မှုသည် နှလုံးရုတ်တရက်ဖောက်နိုင်ခြေကျဆင်းမှုနှင့်ဆက်စပ်နေသည်ကို တွေ့ရကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

ကိုယ်ခန္ဓာကြွက်သားထု သိပ်သည်းသူများသည် ကိုယ်ကာယလှုပ်ရှားမှု ပိုမြင့်မားသူများဖြစ်နေတတ်ပြီး အကျိုးဆက်အားဖြင့် နှလုံးကျန်းမာရေး ပိုကောင်းလာနိုင်သည်ဟု သုတေသနပညာရှင်များက သုံးသပ်ထားကြောင်း သိရသည်။

သို့ရာတွင် မိမိတို့၏ လေ့လာတွေ့ရှိချက်အရ ကြွက်သားအရွယ်အစားသည် နှလုံးရုတ်တရက်ဖောက်နိုင်ခြေ ကျဆင်းလာမှုနှင့် ဆက်စပ်မှုမရှိဘဲ ကြွက်သားဖွဲ့စည်းပုံနှင့် အရည်အသွေးတို့သည်သာ ဆက်စပ်မှုရှိကြောင်း၊ အဆိုပါ တွေ့ရှိချက်သည် ကိုယ်ကာယလေ့ကျင့်ခန်းပြုလုပ်မှု၏ ကျန်းမာရေးအတွက်အရေးကြီးပုံကို ပြသလျက်ရှိသည်ဟု သုတေသနပညာရှင်များက ပြောကြားကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO



## နိုင်ငံတကာ အားကစားသတင်းများ

# ဝင်ဘယ်ဒန်တင်းနစ်ပြိုင်ပွဲ ဒုတိယအဆင့်သို့ အဲလက်စ် တက်ရောက်

လန်ဒန် ဇူလိုင် ၁

အင်္ဂလန်နိုင်ငံ လန်ဒန်မြို့တွင် ကျင်းပနေသည့် ဝင်ဘယ်ဒန် တင်းနစ်ပြိုင်ပွဲ ပထမအဆင့် ပွဲစဉ် တစ်ပွဲအဖြစ် ဖိလစ်ပိုင်တင်းနစ် မယ် အဲလက်စ်နှင့် မက္ကဆီကို တင်းနစ်မယ် ဇာရာဇူအာတို့ ယှဉ်ပြိုင်ခဲ့ရာ အဲလက်စ်က (၆-၁၊ ၆-၂)ရလဒ်ဖြင့် အနိုင်ရပြီး ဒုတိယ အဆင့်သို့ တက်ရောက်ခဲ့ကြောင်း Sky Sports သတင်းဌာနက ယနေ့ တွင် ဖော်ပြခဲ့သည်။

အဲလက်စ်အနေဖြင့် ပွဲငယ် နှစ်ပွဲလုံးတွင် ပုံစံကောင်းပြသခဲ့ပြီး ပြတ်သားသည့် ရလဒ်များဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။

ထို့ပြင် အဲလက်စ်သည် ဝင်ဘယ်ဒန်တင်းနစ်ပြိုင်ပွဲ ဒုတိယ အဆင့်သို့တက်ရောက်ခဲ့ပြီးနောက် ဂရန်းစလန်း တင်းနစ်ပြိုင်ပွဲ အမျိုးအစားတွင် ဒုတိယအဆင့်ကို တက်ရောက်နိုင်သည့် ပထမဆုံး ဖိလစ်ပိုင် တင်းနစ်မယ်အဖြစ် လည်း မှတ်တမ်းဝင်ခဲ့သည်။

အဲလက်စ်က "ဂရန်းစလန်း တင်းနစ်ပြိုင်ပွဲမှာ ပါဝင်ယှဉ်ပြိုင် ခွင့်ရတဲ့အတွက် သိပ်ကို ဂုဏ်ယူပါ တယ်။ ဖိလစ်ပိုင် ပရိသတ်တွေရဲ့ အားပေးမှုကလဲ အံ့မခန်းပါပဲ။ ကျွန်မအနေနဲ့ ဖိလစ်ပိုင်တင်းနစ် လောကအတွက် အကောင်းဆုံး စွမ်းဆောင် ပေးနိုင်မယ်လို့ ယုံကြည်ပါတယ်"ဟု ပြောကြားခဲ့ ကြောင်း သိရသည်။

Ref : Sky Sports

Trs : AZL



# IBF ကမ္ဘာ့ဟဲဗီးဝိတ်တန်းချန်ပီယံခါးပတ်အတွက် မော့ဆက်စ်ကို ဆန်းချက်ဇ်နှင့် ဆွေးနွေးရန် IBF အဖွဲ့ချုပ် ညွှန်ကြား

နယူးဂျာစီ ဇူလိုင် ၁

IBF ကမ္ဘာ့ဟဲဗီးဝိတ်တန်း ချန်ပီယံခါးပတ်အတွက် WBA နှင့် WBO ဟဲဗီးဝိတ်တန်းချန်ပီယံ ဆလိုဗက်ကီးယား လက်ဝှေ့သမား မော့ဆက်စ်ကို ကျူးဘားလက်ဝှေ့ သမား ဆန်းချက်ဇ်နှင့် ဆွေးနွေး ရန် IBF အဖွဲ့ချုပ်က ညွှန်ကြားခဲ့ ကြောင်း Boxing Scene သတင်း ဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ရှုံးပွဲမရှိသေးသည့် မော့ဆက်စ် သည် ကမ္ဘာ့ဟဲဗီးဝိတ်တန်း ပြိုင်ဘက်ကင်းချန်ပီယံ ယူကရိန်း လက်ဝှေ့သမား အူဆက်ခ်နှင့် ထိုးသတ်ရန် ဆန္ဒရှိနေသော်လည်း အူဆက်ခ်က ပြိုင်ဘက်ကင်း ကမ္ဘာ့ချန်ပီယံခါးပတ်ကို စွန့်လွှတ် ကြောင်း ကြေညာခဲ့ပြီးနောက် လစ်လပ်နေသည့် IBF ဟဲဗီးဝိတ် တန်း ကမ္ဘာ့ချန်ပီယံခါးပတ်အတွက် IBF အဖွဲ့ချုပ်က မော့ဆက်စ်ကို ဆန်းချက်ဇ်နှင့် ဇူလိုင်၂၉ ရက်မတိုင် မီ အပြီးသတ်ဆွေးနွေးသွားရမည် ဖြစ်ကြောင်း ညွှန်ကြားခဲ့သည်။

IBF အဖွဲ့ချုပ်မှ ပြောရေးဆိုခွင့် ရှိသူတစ်ဦးက "လစ်လပ်နေတဲ့ IBF ကမ္ဘာ့ဟဲဗီးဝိတ်တန်းချန်ပီယံ ခါးပတ်အတွက် မော့ဆက်စ်ကို ဆန်းချက်ဇ်နဲ့ ဆွေးနွေးသွားဖို့ ညွှန်ကြားထားပါတယ်။ ဆွေးနွေး မှုကို ဇူလိုင် ၂၉ ရက် နောက်ဆုံး ထား ဆွေးနွေးသွားရမှာဖြစ်ပါ တယ်။ ဆွေးနွေးမှုအဆင်ပြေသွား ရင် သဘောတူညီချက်စာချုပ်မှာ လက်မှတ်ရေးထိုးပြီး စာချုပ်ကို အဖွဲ့ချုပ်ထံပေးပို့သွားဖို့ ညွှန်ကြား ထားပါတယ်"ဟု ပြောကြားခဲ့ ကြောင်း သိရသည်။

Ref : Boxing Scene

Trs : AZL

# အီကွေဒေါအသင်းကို နှစ် ၄၀ အတွင်း ပထမဆုံးအနိုင်ရပြီး ကမ္ဘာ့ဖလားပြိုင်ပွဲ ၁၆ သင်းရှုံးထွက်အဆင့်သို့ မက္ကဆီကိုအသင်း တက်ရောက်

မက္ကဆီကိုစီးတီး ဇူလိုင် ၁

၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲ ၃၂ သင်းရှုံးထွက်အဆင့်တွင် အိမ်ရှင် အသင်းတစ်သင်းဖြစ်သည့် မက္ကဆီ ကိုအသင်းနှင့် အီကွေဒေါအသင်း တို့ တွေ့ဆုံခဲ့ရာ မက္ကဆီကိုအသင်း က နှစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရပြီး နောက် ကမ္ဘာ့ဖလားပြိုင်ပွဲတွင် အီကွေဒေါအသင်းကို နှစ် ၄၀ အတွင်း ပထမဆုံးအကြိမ် အနိုင် ရကာ ၁၆ သင်းရှုံးထွက်အဆင့်သို့ တက်ရောက်ခဲ့ကြောင်း Fotmob သတင်းဝက်ဘ်ဆိုက်က ယနေ့ တွင် ဖော်ပြခဲ့သည်။



မက္ကဆီကိုအသင်းသည် ကမ္ဘာ့ ဖလားပြိုင်ပွဲ ၃၂ သင်း ရှုံးထွက် အဆင့်တွင် အီကွေဒေါအသင်းကို ၁၉၈၆ ခုနှစ်ကတည်းက အနိုင် မရရှိခဲ့ဘဲ ယခု နည်းပြဂျာဗီယာ လက်အောက်တွင် ပုံစံကောင်း ပြသခဲ့ပြီးနောက် နှစ် ၄၀ အတွင်း ပထမဆုံးအကြိမ် အနိုင်ရရှိခဲ့ခြင်း ဖြစ်သည်။

အဆိုပါပွဲစဉ်ကို မက္ကဆီကို အသင်းက အိမ်ကွင်းအားသာချက် ဖြင့် အီကွေဒေါအသင်းကို ဖိအား ပေးကစားခဲ့ရာ ပွဲချိန်တွင် ၂၂ မိနစ် ကွီနိုနက်စ်၊ ပွဲချိန် ၃၁ မိနစ်တွင် ဂျင်မီနက်တို့က ဦးဆောင်ဂိုးများ သွင်းယူခဲ့ပြီး နှစ်ဂိုး ဂိုးမရှိဖြင့် အနိုင် ရကာ ၁၆ သင်း ရှုံးထွက်အဆင့်သို့ တက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။

၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲ ၁၆ သင်းရှုံးထွက်အဆင့်တွင် မက္ကဆီ ကိုအသင်းသည် အင်္ဂလန်အသင်း နှင့် ကွန်ဂိုအသင်းတို့ပွဲစဉ်မှ အနိုင် ရမည့်အသင်းနှင့် ကစားရမည် ဖြစ်ပြီး အဆိုပါပွဲစဉ်ကို ဇူလိုင် ၆ ရက်တွင် မက္ကဆီကိုစီးတီးမြို့ ၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

Ref : Fotmob

Trs : ML

# ကမ္ဘာ့ဖလားပြိုင်ပွဲ ရှုံးထွက်အဆင့်တွင် သွင်းဂိုးအများဆုံးသွင်းယူနိုင်သည့် ကစားသမားအဖြစ် ပြင်သစ်အသင်းမှ အမ်ဘတ်ပီ မှတ်တမ်းဝင်

ပဲရစ် ဇူလိုင် ၁

၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲ ၃၂ သင်းအဆင့် ရှုံးထွက်ပွဲစဉ်အဖြစ် ပြင်သစ်အသင်းက ဆွီဒင်အသင်း ကို သုံးဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့သည့် ပွဲစဉ်တွင် အမ်ဘတ်ပီက ပြင်သစ် အသင်းအတွက် သွင်းဂိုး နှစ်ဂိုး သွင်းယူခဲ့ပြီးနောက် ကမ္ဘာ့ဖလား ပြိုင်ပွဲ ရှုံးထွက်အဆင့်တွင် သွင်းဂိုး အများဆုံး သွင်းယူနိုင်သည့် ကစားသမားအဖြစ် မှတ်တမ်းဝင် ခဲ့ကြောင်း Goal.com သတင်း ဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြ ခဲ့သည်။

အမ်ဘတ်ပီသည် ဆွီဒင်အသင်း နှင့်ပွဲစဉ်တွင် ပွဲချိန် ၄၅ မိနစ် နှင့် ပွဲချိန် ၇၄ မိနစ်တို့တွင် သွင်းဂိုး နှစ်ဂိုး သွင်းယူခဲ့ပြီး နောက် ကမ္ဘာ့ဖလားပြိုင်ပွဲ ရှုံးထွက် အဆင့်တွင် သွင်းဂိုး ၁၀ ဂိုးထိ ရှိလာခဲ့ကာ သွင်းဂိုးအများဆုံး ကစားသမား ဖြစ်လာခဲ့ခြင်း ဖြစ်သည်။

ကမ္ဘာ့ဖလားပြိုင်ပွဲ ရှုံးထွက် အဆင့်တွင် ယခင်က ဘရာဇီး အသင်း တိုက်စစ်မှူးဟောင်းများ ဖြစ်ကြသည့် လီယိုနီဒက်စ်နှင့် ရိုနယ်ဒိုနာဇာရီယိုတို့၏ သွင်းဂိုး ရှစ်ဂိုး စံချိန်ကိုကျော်ဖြတ်ကာ အမ်ဘတ်ပီက သွင်းဂိုး နှစ်ဂိုး အသာဖြင့် မှတ်တမ်းကောင်းတစ်ခု ကို ပိုင်ဆိုင်ခဲ့ခြင်းဖြစ်သည်။

ထို့ပြင် အမ်ဘတ်ပီသည် ယခု ကမ္ဘာ့ဖလား ပြိုင်ပွဲတွင်လည်း သွင်းဂိုးအများဆုံး ကစားသမား စာရင်း၌ အာဂျင်တီးနားအသင်းမှ မက်ဆီနှင့်အတူ သွင်းဂိုး ခြောက်ဂိုး စီဖြင့် ပူးတွဲဦးဆောင်နေကြောင်း သိရသည်။

Ref : Goal.com

Trs : ML

# နိုင်ငံအသင်းအတွက် သွင်းဂိုး ၆၀ ကို ပွဲအနည်းဆုံးဖြင့်ပြည့်မြောက်သည့် ကစားသမားအဖြစ် နော်ဝေအသင်းမှ ဟာလန်း ရပ်တည်

အော့စ်လို ဇူလိုင် ၁

၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲ ၃၂ သင်း ရှုံးထွက်အဆင့်ပွဲစဉ်အဖြစ် ကစားခဲ့သည့် နော်ဝေအသင်းနှင့် အိုင်ဗရီကို့စ် အသင်းတို့ပွဲစဉ်တွင် နော်ဝေအသင်း တိုက်စစ်မှူး ဟာလန်းသည် အသင်းအတွက် သွင်းဂိုး တစ်ဂိုး သွင်းယူခဲ့ပြီး နော်ဝေအသင်းနှင့်အတူ သွင်းဂိုး ၆၀ ပြည့်မြောက်ခဲ့ပြီးနောက် နိုင်ငံ အသင်းအတွက် သွင်းဂိုး ၆၀ ကို ပွဲအနည်းဆုံးဖြင့် ပြည့်မြောက် သည့်ကစားသမားအဖြစ် ရပ်တည် ခဲ့ကြောင်း B/R Football သတင်း ဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြ ခဲ့ကြောင်း သိရသည်။



နော်ဝေအသင်းက အိုင်ဗရီကို့စ် အသင်းကို နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင် ရပြီး ကမ္ဘာ့ဖလားပြိုင်ပွဲ ၁၆ သင်း ရှုံးထွက်အဆင့်သို့ တက်ရောက်ခဲ့ သည့်ပွဲစဉ်တွင် ဟာလန်းသည် ပွဲချိန် ၈၆ မိနစ်တွင် အနိုင်ဂိုးသွင်း ယူခဲ့ပြီးနောက် နော်ဝေအသင်း နှင့်အတူ သွင်းဂိုး ၆၀ ပြည့်မြောက် ခဲ့ခြင်းဖြစ်သည်။

ဟာလန်းသည် နော်ဝေအသင်း နှင့်အတူ နိုင်ငံတကာပြိုင်ပွဲစုံ ၅၇ ပွဲ ပါဝင်ကစားခဲ့ပြီးနောက် သွင်းဂိုး ၆၀ ပြည့်မြောက်ခဲ့ခြင်း ဖြစ်သည့် အတွက် ပွဲအနည်းဆုံးဖြင့် သွင်းဂိုး ၆၀ ပြည့်မြောက်ခဲ့သည့် ကစား သမားအဖြစ် ရပ်တည်နိုင်ခဲ့ခြင်း ဖြစ်သည်။

နိုင်ငံအသင်းအတွက် သွင်းဂိုး ၆၀ ကို ဟာလန်းမတိုင်မီက နောက်ဆုံးပြည့်မြောက်ထားသည့် ကစားသမားအဖြစ် ရပ်တည်နေ သည့် ပြင်သစ်အသင်းမှ အမ်ဘတ်ပီ သည် သွင်းဂိုး ၆၀ ပြည့်မြောက်ရန် နိုင်ငံတကာပြိုင်ပွဲစုံ ၁၀၁ ပွဲထိ ကစားခဲ့ရပြီး ယခုအခါ ဟာလန်း က ၅၇ ပွဲဖြင့် ပြည့်မြောက်ခဲ့သည့် အတွက် အမ်ဘတ်ပီကိုကျော်ဖြတ် ကာ သွင်းဂိုး ၆၀ကို ပွဲအနည်းဆုံးဖြင့် ပြည့်မြောက်ခဲ့သည့် ကစားသမား အဖြစ် ရပ်တည်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Ref : B/R Football

Trs : STA

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## တူကီယဲနိုင်ငံက Roketsan ကုမ္ပဏီထံမှ Tayfun Block-2 ပဲ့ထိန်းဒုံးကျည်များ လက်ခံရရှိခဲ့



တူကီယဲနိုင်ငံသည် ၎င်းတို့၏ကိုယ်ပိုင်နည်းပညာဖြင့် တီထွင်ထုတ်လုပ်ထားသော Tayfun Block-2 ပဲ့ထိန်းဒုံးကျည်များကို ပြည်တွင်းကုမ္ပဏီဖြစ်သော Roketsan ကုမ္ပဏီထံမှ လက်ခံရရှိခဲ့ပြီး နိုင်ငံ၏ ရေရှည်ပစ်ခတ်တိုက်ခိုက်နိုင်စွမ်းကို ဆက်လက်တိုးချဲ့လျက်ရှိကြောင်း The Defense Post သတင်းဌာနက ဇွန် ၂၉ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

တူကီယဲအထူးတပ်ဖွဲ့၏ ထုတ်ပြန်ချက်အရ Tayfun Block-2 ပဲ့ထိန်းဒုံးကျည်များအပြင် လက်နက်တင်ဆောင်သည့်ယာဉ်များ၊ Karayel ရေယာဉ်စနစ်များနှင့် သဘာဝဘေး အန္တရာယ်ကယ်ဆယ်ရေးဆိုင်ရာ စက်ပစ္စည်းများကို စစ်ဆေးခြင်းနှင့်လက်ခံခြင်းလုပ်ငန်းစဉ်များ ပြီးစီးခဲ့ပြီဖြစ်ကြောင်း သိရသည်။ Roketsan ကုမ္ပဏီသည် ၎င်း၏ထိပ်တန်းကာကွယ်ရေးထုတ်ကုန်ဖြစ်သည့် Tayfun Block-2 ပဲ့ထိန်းဒုံးကျည်များကို တူကီယဲတပ်ဖွဲ့ထံ ပေးပို့လျက်ရှိသော်လည်း ပေးပို့သည့်ဒုံးကျည်အရေအတွက်နှင့် စစ်ဆင်ရေးတာဝန် ထမ်းဆောင်မည့်အချိန်ကိုမူ တရားဝင် ထုတ်ဖော်ပြောကြားခြင်း မရှိသေးပေ။

တူကီယဲနိုင်ငံ၏ Tayfun အမျိုးအစား ပဲ့ထိန်းဒုံးကျည်သည် မိုင် ၃၅၀ ခန့်ထိ အောင်မြင်စွာ ပျံသန်းနိုင်သည်။ ၂၀၂၂ ခုနှစ် အောက်တိုဘာလနှင့် ၂၀၂၃ ခုနှစ် မေလတို့တွင်လည်း အောင်မြင်စွာ စမ်းသပ်မှုများ ပြုလုပ်ခဲ့ပြီးဖြစ်သည်။

ထို့ပြင် တူကီယဲနိုင်ငံသည် မိုင် ၅၀၀ ခန့်ထိ ပစ်ခတ်နိုင်စွမ်းရှိပြီး အသံထက်မြန်သော Hypersonic နည်းပညာသုံး Tay-funBlock-4 ပဲ့ထိန်းဒုံးကျည်ကိုလည်း ၂၀၂၅ ခုနှစ် ဇူလိုင်လတွင် မိတ်ဆက်ခဲ့သည်။ အဆိုပါ ဒုံးကျည်သစ်သည် ရန်သူ့လေကြောင်းရန် ကာကွယ်ရေးစနစ်များ၊ ကွပ်ကဲမှုဌာနချုပ်များနှင့် အရေးပါသော အခြေခံအဆောက်အအုံများကို ပစ်မှတ်ထားတိုက်ခိုက်နိုင်ရန် အထူးဒီဇိုင်းထုတ်ထားခြင်းဖြစ်ကြောင်း သိရသည်။

တူကီယဲနိုင်ငံ၏ ဤတိုးတက်မှုသည် နိုင်ငံတကာ စစ်ရေးအင်အားချိန်ခွင်လျှာတွင် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်နေသည်။ Roketsan ကုမ္ပဏီ၏ အဆိုအရ Tayfun ပဲ့ထိန်းဒုံးကျည်စနစ်များသည် ခေတ်မီစစ်မြေပြင်၏ လိုအပ်ချက်ဖြစ်သည့် တိကျမှန်ကန်မှုနှင့် ရွေ့လျားနိုင်မှုတို့ကို အဓိကထား တည်ဆောက်ထားခြင်းဖြစ်သည်။ ဤဒုံးကျည်များသည် တူကီယဲ၏ အချုပ်အခြာအာဏာကို ကာကွယ်ရန်အတွက်သာမက ဒေသတွင်းလုံခြုံရေးကို ထိန်းညှိပေးနိုင်မည့် အဓိကလက်နက်စနစ်များအဖြစ် အသွင်ပြောင်းလဲလာခဲ့သည်။

ထို့ပြင် ဤဒုံးကျည်အစီအစဉ်များသည် တူကီယဲနိုင်ငံ၏ကာကွယ်ရေးစက်မှုလုပ်ငန်းအတွက် ကြီးမားသော အောင်မြင်မှုတစ်ခုဖြစ်သည်။ ပြည်ပနိုင်ငံများအပေါ် မှီခိုနေရမှုကို လျှော့ချပြီး ကိုယ်ပိုင်နည်းပညာဖြင့် တပ်မတော်ကို ခေတ်မီအောင် ပြင်ဆင်နေခြင်းသည် တူကီယဲ၏ ကာကွယ်ရေးမူဝါဒသစ်၏ အဓိကအစိတ်အပိုင်းတစ်ခုဖြစ်သည်။ Tayfun Block-4 ပဲ့ထိန်းဒုံးကျည်များ၏ စွမ်းဆောင်ရည်သည် နောင်လာမည့်ကာကွယ်ရေး စစ်ရေးလေ့ကျင့်မှုများနှင့် ပူးပေါင်းစစ်ဆင်ရေးများတွင် ပိုမိုထင်ရှားလာမည်ဖြစ်ပြီး တူကီယဲလက်နက်ကိုင်တပ်ဖွဲ့ကို ဒေသတွင်း၌ အကောင်းဆုံးတိုက်ခိုက်ရေးအင်အားစုတစ်ခုအဖြစ် ပုံဖော်ပေးနေလျက်ရှိကြောင်း သိရသည်။

**Turkey Receives More Tayfun Block-2 Ballistic Missiles** ကို ဘာသာပြန်ဆိုထားပါသည်။

## ဂျပန်နိုင်ငံက လေကြောင်းကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့ကို လေကြောင်းနှင့်အာကာသကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့အဖြစ် ပြောင်းလဲဖွဲ့စည်းခဲ့

ဂျပန်နိုင်ငံသည် လေကြောင်းကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့ကို လေကြောင်းနှင့် အာကာသကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့အဖြစ် ပြောင်းလဲဖွဲ့စည်းရန် အတည်ပြုခဲ့ကြောင်း ဇွန် ၂၉ ရက်တွင် သတင်းဖော်ပြချက်များအရ သိရသည်။

ဤပြောင်းလဲဖွဲ့စည်းမှုသည် ၁၉၅၀ ပြည့်နှစ်များတွင် ဂျပန်နိုင်ငံ၏လက်နက်ကိုင်တပ်ဖွဲ့များ စတင်ဖွဲ့စည်းခဲ့ပြီးနောက်ပိုင်း ပထမဆုံးအကြိမ်လေကြောင်းနှင့် အာကာသကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့ပြောင်းလဲဖွဲ့စည်းခြင်းဖြစ်သည်။

အဆိုပါပြောင်းလဲမှုအတွက် ဥပဒေကြမ်းကို ယခုနှစ်ဧပြီလတွင် အောက်လွှတ်တော်က အတည်ပြုခဲ့ပြီးနောက် ယခုအခါ အထက်လွှတ်တော်က အတည်ပြုပေးခဲ့သည်။ အဆိုပါပြုပြင်ပြောင်းလဲမှု၏ အဓိကအစိတ်အပိုင်းများမှာ အာကာသစစ်ဆင်ရေးဌာနချုပ် တည်ထောင်ခြင်း၊ အရေးပေါ်တုံ့ပြန်မှုမြှင့်တင်ခြင်း၊ တပ်ဖွဲ့အင်အား တိုးချဲ့ခြင်းတို့ဖြစ်ကြောင်း သိရသည်။

ဤအဖွဲ့သည် အာကာသနယ်ပယ်ဆိုင်ရာ အသိပညာပေးခြင်း၊ ဂြိုဟ်တုများကို စောင့်ကြည့်ထောက်လှမ်းခြင်းနှင့် အာကာသအတွင်း ပစ်လွှတ်နိုင်စွမ်းများကို အဓိကထား လုပ်ဆောင်သွားမည်ဖြစ်သည်။ သဘာဝဘေးအန္တရာယ်နှင့် အရေးပေါ်အခြေအနေများတွင် တုံ့ပြန်မှုပိုမိုကောင်းမွန်စေရန်အတွက် ကာကွယ်ရေးဒုတိယဝန်ကြီးတစ်ဦးကို ထပ်မံခန့်အပ်ပေးထားခြင်း၊ အိုကီနာဝါရှိ မြေပြင်ကိုယ်ပိုင်ကာကွယ်ရေး တပ်ဖွဲ့၏ အမှတ် (၁၅) တပ်မဟာကို တပ်မကြီးတစ်ခုအဖြစ် အဆင့်မြှင့်တင်ခြင်းတို့ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

ဂျပန်ကာကွယ်ရေးဝန်ကြီး ရှင်ဂျီရိုကိုအိဇူမိက ဤလေကြောင်းနှင့် အာကာသကိုယ်ပိုင်ကာကွယ်ရေး တပ်ဖွဲ့အဖြစ်ပြောင်းလဲမှုသည် အမျိုးသားလုံခြုံရေးနှင့် ပြည်သူလူထု၏ နေ့စဉ်ဘဝအတွက် အာကာသနယ်ပယ်၏ အရေးပါမှုကို ထည့်သွင်းစဉ်းစား၍ ဆောင်ရွက်ခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။ ဂြိုဟ်တုလမ်းကြောင်းပြစနစ်များ၊ မိုးလေဝသခန့်မှန်းချက်များနှင့် စမတ်ဖုန်းအပလီကေးရှင်းများထိ လူတို့၏နေ့စဉ်ဘဝသည် အာကာသပေါ် မှီခိုနေရပြီဖြစ်ရာ တပ်ဖွဲ့အနေဖြင့် ၎င်းတို့၏တာဝန်များကို ထိရောက်စွာ ထမ်းဆောင်နိုင်ရန်အတွက် လိုအပ်သော အဖွဲ့အစည်းဆိုင်ရာ မူဘောင်များကို တည်ဆောက်သွားမည်ဖြစ်ကြောင်း ၎င်းကဖြည့်စွက်ပြောကြားခဲ့ကြောင်း သိရသည်။

ဂျပန်နိုင်ငံ၏ ဤလေကြောင်းနှင့် အာကာသ ကာကွယ်ရေးတပ်ဖွဲ့အဖြစ် ပြုပြင်ပြောင်းလဲမှုသည် ခေတ်သစ်စစ်ပွဲများ၏ သဘောသဘာဝပြောင်းလဲလာမှုကို တုံ့ပြန်လိုက်ခြင်းဖြစ်သည်။ အာကာသနယ်ပယ်သည် ယနေ့ခေတ်အမျိုးသားလုံခြုံရေးအတွက်သာမက အရပ်သားပြည်သူတို့၏ နေ့စဉ်ဘဝများတွင်ပါ အရေးပါသည့် အခြေခံအဆောက်အအုံတစ်ခုဖြစ်လာခဲ့ပြီဖြစ်ရာ ဂျပန်အနေဖြင့် အာကာသအတွင်း စစ်ဆင်ရေးစွမ်းရည်များကို ပိုမိုခိုင်မာအောင်တည်ဆောက်ခြင်းသည် ဒေသတွင်းလုံခြုံရေး ဟန်ချက်ညီစေရန်အတွက် မဟာဗျူဟာမြောက် ခြေလှမ်းတစ်ခုဖြစ်ကြောင်း သိရသည်။

ထို့ပြင် အိုကီနာဝါရှိတပ်ဖွဲ့များကို တပ်မကြီးအဆင့်သို့ အဆင့်မြှင့်တင်ခြင်းနှင့် အရေးပေါ်တုံ့ပြန်မှုစနစ်ကို ပိုမိုအားဖြည့်ခြင်းသည် ဂျပန်နိုင်ငံ၏ ပထဝီနိုင်ငံရေးအရ အရေးပါသော အနောက်တောင်ပိုင်းဒေသ လုံခြုံရေးကို ပိုမိုအာမခံချက် ရှိစေမည်ဖြစ်ပြီး ကာကွယ်ရေးစွမ်းရည်ကို အဆင့်တစ်ခုသို့ ပို့ဆောင်ပေးခြင်းပင်ဖြစ်ကြောင်း သိရသည်။



**Japan Approves Air and Space Self-Defense Force Reorganization** ကို ဘာသာပြန်ဆိုထားပါသည်။

**မင်းမျိုး**

# ကျန်းမာရေးနှင့် အစားအသောက်

မန္တလာဆရာမျိုး



ကျန်းမာရေးအတွက် အထောက်အကူပြုသည့် ဟင်းသီးဟင်းရွက်များကို တွေ့ရစဉ်။

အသက်ရှည်လိုလျှင် အစားအသောက်ကို ဂရုစိုက်ပါဆိုသောစကားသည် ယနေ့ခေတ်တွင် ပို၍အဓိပ္ပာယ်ရှိလာသည်။ လူသားတို့၏ကျန်းမာရေးသည် မျိုးရိုးဗီဇ၊ ပတ်ဝန်းကျင်၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့် လူနေမှုပုံစံတို့အပေါ် မူတည်နေသော်လည်း အစားအသောက်သည် အရေးပါဆုံးဖြစ်သည်။ လူတစ်ဦးသည် နေ့စဉ်အစားအစာ စားသုံးပုံအပေါ် မူတည်၍ ကျန်းမာရေးကောင်းမွန်ခြင်း သို့မဟုတ် ရောဂါအမျိုးမျိုး ဖြစ်ပွားခြင်းတို့ဖြစ်လာနိုင်သည်။ ယခင်က ကူးစက်ရောဂါများသည် လူသေဆုံးမှု၏ အဓိကအကြောင်းရင်းဖြစ်ခဲ့သော်လည်း ယနေ့ခေတ်တွင် သွေးတိုးရောဂါ၊ ဆီးချိုရောဂါ၊ နှလုံးသွေးကြောရောဂါ၊ အဝလွန်ရောဂါနှင့် ကင်ဆာရောဂါကဲ့သို့သော မကူးစက်နိုင်သောရောဂါများ (Non-Communicable Diseases) သည် လူ့အသက်အန္တရာယ်ကို ပိုမိုခြိမ်းခြောက်လာနေသည်။ ထိုရောဂါများ၏ အဓိကအကြောင်းရင်းများထဲတွင် ကျန်းမာရေးနှင့်မညီညွတ်သောအစားအသောက်များ စားသုံးခြင်းသည် ထိပ်ဆုံးမှပါဝင်နေသည်။

**အစားအသောက်နှင့် ကျန်းမာရေးဆက်နွယ်မှု**

စက်တစ်လုံးကို ကောင်းမွန်စွာ လည်ပတ်စေရန် အရည်အသွေးကောင်းသော လောင်စာလိုအပ်သကဲ့သို့လူ့ခန္ဓာကိုယ်အတွက်လည်း အရည်အသွေးကောင်းမွန်သောအစားအသောက်များ လိုအပ်သည်။ ကျန်းမာရေးနှင့်ညီညွတ်သောအစားအသောက်များသည် ခန္ဓာကိုယ်ကြီးထွားဖွံ့ဖြိုးစေခြင်း၊ ကြွက်သားနှင့် အရိုးများကိုသန်မာစေခြင်း၊ ကိုယ်ခံအားစနစ်ကိုကောင်းမွန်စေခြင်း၊ ဦးနှောက်စွမ်းဆောင်ရည်ကို မြှင့်တင်ပေးခြင်း၊ စိတ်ကျန်းမာရေးကို အထောက်အကူပြုခြင်း၊ ရောဂါဖြစ်ပွားမှုကိုလျှော့ချပေးခြင်း၊ အသက်ရှည်ကျန်းမာစွာ နေထိုင်နိုင်ခြင်းတို့ကို အထောက်အကူပြုသည်။

**ခန္ဓာကိုယ်အတွက် လိုအပ်သောအာဟာရဓာတ်များ**

ကာဗိုဟိုက်ဒရိတ်သည် ခန္ဓာကိုယ်၏ အဓိကစွမ်းအင်ရင်းမြစ်ဖြစ်သည်။ ဆန်၊ ဂျုံ၊ ပြောင်း၊ အာလူး၊ ခေါက်ဆွဲနှင့် ပေါင်မုန့်တို့တွင် အများဆုံးပါဝင်သည်။ သို့သော် ဆန်ဖြူ၊ မုန့်ချို၊ အချိုရည်များကဲ့သို့ ကာဗိုဟိုက်ဒရိတ်ပါဝင်သော အစားအစာများကို အလွန်အကျွံစားသုံးပါက သွေးတွင်းသကြားဓာတ်မြင့်တက်စေပြီး ဆီးချိုရောဂါနှင့် အဝလွန်ခြင်းဖြစ်နိုင်ခြေကို တိုးစေနိုင်သည်။

အသားဓာတ် (Protein) သည် ခန္ဓာကိုယ်တည်ဆောက်ရေးတွင် အရေးပါသည်။ ကြွက်သားတည်ဆောက်ခြင်း၊ ဒဏ်ရာပြန်လည်သက်သာစေခြင်း၊ ကိုယ်ခံအားကောင်းစေခြင်းတို့အတွက် အရေးကြီးသည်။ ငါး၊ အသား၊ ကြက်ဥ၊ ပဲအမျိုးမျိုး၊ နို့နှင့် နို့ထွက်ပစ္စည်းများတွင် အသားဓာတ်ကြွယ်ဝစွာပါဝင်သည်။

အဆီဓာတ် (Fats) သည် ခန္ဓာကိုယ်အတွက် လိုအပ်သောစွမ်းအင်ရင်းမြစ်တစ်ခုဖြစ်ပြီး ဗီတာမင် A၊ ဗီတာမင် D၊ ဗီတာမင် E၊ ဗီတာမင် K တို့ စုပ်ယူနိုင်ရန် ကူညီပေးသည်။ သို့သော် ကြော်လှော်စာများ၊ အသင့်စားအစားအစာများ၊ အသင့်ထုပ်ပိုးထားသော အစားအသောက်များတွင်ပါဝင်သော trans fat နှင့် saturated fat များကို လွန်ကဲစွာစားသုံးပါက နှလုံးရောဂါနှင့် လေဖြတ်ရောဂါဖြစ်နိုင်ခြေ တိုးလာနိုင်သည်။

ဗီတာမင်နှင့် သတ္တုဓာတ်များသည် ခန္ဓာကိုယ်၏ လုပ်ငန်းဆောင်တာများစွာတွင်ပါဝင်နေသည်။ မျက်စိကျန်းမာရေးအတွက်ဗီတာမင်A၊ ကိုယ်ခံအားကောင်းမွန်စေရေးအတွက် ဗီတာမင် C၊ အရိုးကျန်းမာရေးအတွက် ဗီတာမင်D၊ သွေးအားကောင်းစေခြင်းအတွက် Iron သံဓာတ်၊ အရိုးနှင့်သွားများကောင်းမွန်စေရေးအတွက် ကယ်လ်စီယမ်ဓာတ်သည် အရေးကြီးသည်။

**ဟင်းသီးဟင်းရွက်နှင့် သစ်သီးများ၏ အရေးပါမှု**

WHO ၏အကြံပြုချက်အရ လူကြီးတစ်ဦးသည် နေ့စဉ် ဟင်းသီးဟင်းရွက်နှင့်သစ်သီး စုစုပေါင်း အနည်းဆုံး ဂရမ် ၄၀၀ စားသုံးသင့်သည်။ ဟင်းသီးဟင်းရွက်နှင့် သစ်သီးများတွင် အမျှင်ဓာတ်၊ Antioxidants၊ ဗီတာမင်များ၊ သတ္တုဓာတ်များ ကြွယ်ဝစွာပါဝင်သည်။ ထိုအာဟာရများသည် ကင်ဆာရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါ၊ အဝလွန်ရောဂါများ ဖြစ်ပွားနိုင်ခြေကို လျှော့ချပေးနိုင်သည်။

**ဆားနှင့် ကျန်းမာရေး**

မြန်မာတို့၏ အစားအသောက်များတွင် ဆား၊ ငံပြာရည်နှင့် ငါးပိကို များစွာအသုံးပြုလေ့ရှိသည်။ ဆားအလွန်အကျွံစားသုံးခြင်းသည် သွေးတိုး ရောဂါ၊ နှလုံးရောဂါ၊ ကျောက်ကပ်ရောဂါ၊ လေဖြတ်ရောဂါတို့ကို ဖြစ်စေနိုင်သည်။ WHO က တစ်နေ့လျှင် ဆားငါးဂရမ် (လက်ဖက်ရည်ဇွန်းတစ်ဇွန်းခန့်) ထက် မပိုစေရန်အကြံပြုထားသည်။

**သကြားနှင့် ကျန်းမာရေး**

ယနေ့ခေတ်တွင် အချိုရည်များ၊ Bubble Tea များ၊ Energy Drink များနှင့် သကြားပါဝင်သော အစားအစာများ စားသုံးမှုများပြားလာသည်။ သကြားအလွန်အကျွံစားသုံးခြင်းသည် ဆီးချိုရောဂါ၊ အဝလွန်ခြင်း၊ အသည်းအဆီဖုံးခြင်း၊ သွားပိုးစားခြင်းတို့နှင့် ဆက်စပ်နေသည်။

**အဝလွန်ခြင်းနှင့် အစားအသောက်**

အဝလွန်ခြင်းသည် နာတာရှည်ရောဂါများစွာ၏ အကြောင်းရင်းတစ်ခုဖြစ်သည်။ အဝလွန်သူများတွင် သွေးတိုးရောဂါ၊ ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ အဆစ်အမျက်နာကျင်မှု၊ အိပ်စက်စဉ် အသက်ရှူရပ်ခြင်းတို့ ပိုမိုဖြစ်ပွားနိုင်သည်။

**ကလေးများနှင့် အစားအသောက်**

ကလေးဘဝသည် ခန္ဓာကိုယ်နှင့် ဦးနှောက်ဖွံ့ဖြိုးတိုးတက်မှု အလွန်မြန်ဆန်သော အချိန်ကာလဖြစ်သည်။ ထို့ကြောင့် မနက်စာမှန်မှန်စားခြင်း၊ အချိုရည်များ လျှော့သောက်ခြင်း၊ ဟင်းသီးဟင်းရွက်စားခြင်း၊ အသင့်စားအစားအစာများ လျှော့စားခြင်းတို့ကို ငယ်စဉ်ကတည်းက လေ့ကျင့်ပေးသင့်သည်။

**သက်ကြီးရွယ်အိုများနှင့် အစားအသောက်**

အသက်ကြီးလာသည်နှင့်အမျှ ခန္ဓာကိုယ်၏ အာဟာရလိုအပ်ချက်များ ပြောင်းလဲလာသည်။ သက်ကြီးရွယ်အိုများအတွက် ကယ်လ်စီယမ်၊ ဗီတာမင် D၊ ပရိုတင်း လုံလောက်စွာရရှိရန်အရေးကြီးသည်။

**အစားအသောက်နှင့် စိတ်ကျန်းမာရေး**

သုတေသနများအရ ကျန်းမာစေသော စားသောက်မှုပုံစံသည် စိတ်ကျန်းမာရေးကို ကောင်းမွန်စေနိုင်ကြောင်း တွေ့ရှိရသည်။ ဟင်းသီးဟင်းရွက်၊ သစ်သီး၊ ငါး၊ အစေ့အဆန်များ ကြွယ်ဝစွာ စားသုံးသူများတွင် စိတ်ကျရောဂါနှင့် စိုးရိမ်ပူပန်မှုဖြစ်နိုင်ခြေနည်းပါးနိုင်သည်။

**ကျန်းမာသောစားသောက်မှုပုံစံတစ်ခု ဖန်တီးခြင်း**

ကျန်းမာသော စားသောက်မှုအတွက်-

- ဟင်းသီးဟင်းရွက် ပိုစားပါ။
- သစ်သီး နေ့စဉ်စားပါ။
- အချိုရည်အစား ရေသောက်ပါ။
- ဆားလျှော့စားပါ။
- ဆီကြော်စာများလျှော့စားပါ။
- မနက်စာမစားဘဲ မနေပါနှင့်။
- အစားအသောက်ပမာဏ ထိန်းစားပါ။
- အရက်နှင့်ဆေးလိပ်ကိုရှောင်ကြဉ်ပါ။
- ပုံမှန်ကိုယ်လက် လှုပ်ရှားမှုပြုလုပ်ပါ။
- အိပ်ရေးဝအောင် အိပ်စက်ပါ။

**အစာလဲဆေး၊ ဆေးလဲအစာ**

ကျန်းမာရေးကောင်းမွန်ခြင်းသည် အစားအသောက် ရွေးချယ်စားသောက်မှုနှင့် တိုက်ရိုက်သက်ဆိုင်သည်။ ကျန်းမာရေးနှင့်ညီညွတ်သော အစားအသောက်များကိုစားသုံးခြင်းသည် ရောဂါများကို ကြိုတင်ကာကွယ်နိုင်ရုံသာမက ဘဝအရည်အသွေးကို မြှင့်တင်ပေးပြီး အသက်ရှည်ကျန်းမာစွာ နေထိုင်နိုင်စေသည်။ အစာလဲဆေး၊ ဆေးလဲအစာ ဟူသောစကားအတိုင်း ကျန်းမာရေးကို ကျွန်ုပ်တို့၏ ထမင်းဝိုင်းမှ စတင်တည်ဆောက်နိုင်ပါသည်။

**❖ စက်တစ်လုံးကို ကောင်းမွန်စွာလည်ပတ်စေရန် အရည်အသွေးကောင်းသော လောင်စာလိုအပ်သကဲ့သို့ လူ့ခန္ဓာကိုယ်အတွက်လည်း အရည်အသွေးကောင်းမွန်သော အစားအသောက်များ လိုအပ်သည်။ ကျန်းမာရေးနှင့်ညီညွတ်သော အစားအသောက်များသည် ခန္ဓာကိုယ်ကြီးထွားဖွံ့ဖြိုးစေခြင်း၊ ကြွက်သားနှင့် အရိုးများကိုသန်မာစေခြင်း၊ ကိုယ်ခံအားစနစ်ကို ကောင်းမွန်စေခြင်း၊ ဦးနှောက်စွမ်းဆောင်ရည်ကို မြှင့်တင်ပေးခြင်း၊ စိတ်ကျန်းမာရေးကို အထောက်အကူပြုခြင်း၊ ရောဂါဖြစ်ပွားမှုကို လျှော့ချပေးခြင်း၊ အသက်ရှည်ကျန်းမာစွာ နေထိုင်နိုင်ခြင်းတို့ကို အထောက်အကူပြုသည်။ ❖**


ကိုးကား

- World Health Organization (WHO) – Healthy Diet
- World Health Organization (WHO) – Salt Reduction
- Food and Agriculture Organization (FAO)
- Harvard T.H. Chan School of Public Health – Healthy Eating Plate
- Centers for Disease Control and Prevention (CDC) – Nutrition



## ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်မည့်သူများအနေဖြင့် မလိုလားအပ်သော ဆုံးရှုံးမှုများမဖြစ်ပေါ်စေရေး သတ်မှတ်ချက်များနှင့်အညီဆောင်ရွက်ရန် တိုက်တွန်းနှိုးဆော်ခြင်း

၁။ ပြည်ပတွင် သွားရောက်လုပ်ကိုင်မည့်သူများအနေဖြင့် ဥပဒေနှင့်အညီမှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ် (Passport for Job-PJ) လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ်(OWIC) လျှောက်ထားရယူခြင်းတို့မရှိဘဲ ပြည်ပအလည်အပတ်နိုင်ငံကူးလက်မှတ်(Passport for Visit-PV)ကိုသာ လျှောက်ထားရယူထားပြီး ပြည်ပအလုပ်အကိုင်ဗီဇာများရယူကာ လေကြောင်းခရီးဖြင့် ပြည်ပထွက်ခွာရန်ဆောင်ရွက်လျက်ရှိကြသဖြင့် သက်ဆိုင်ရာက လေဆိပ်တွင်စိစစ်သည့်အခါ သတ်မှတ်ချက်များနှင့်မကိုက်ညီသည့်အတွက် ပြည်ပသို့ထွက်ခွာခွင့်မရခြင်းများကြောင့် လေယာဉ်လက်မှတ်ခအပါအဝင် အခြားသောကုန်ကျစရိတ်များ ဆုံးရှုံးရသည့်ဖြစ်စဉ်များ ဖြစ်ပေါ်လျက်ရှိပါသည်။

၂။ သို့ပါ၍ ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်လိုသူများအနေဖြင့် မလိုလားအပ်သည့် ဆုံးရှုံးနစ်နာမှုများမဖြစ်ပေါ်စေရေးအတွက် ဥပဒေနှင့်အညီမှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ်(Passport for Job-PJ)လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ်(OWIC)လျှောက်ထားရယူခြင်းတို့အား ဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။ **အလုပ်သမားဝန်ကြီးဌာန**

## ဇူလိုင် ၃ ရက်မှစတင်ကာ နိုင်ငံတစ်ဝန်းအဆင့်မြင့်ရုပ်ရှင်ရုံများတွင် ရုံတင်ပြသမည့် Ghost Hotel တစ္ဆေဟိုတယ်ရုပ်ရှင်ဇာတ်ကား Premiere Show ပြုလုပ်



**ရန်ကုန် ဇူလိုင် ၁**

ဇူလိုင် ၃ ရက်မှစတင်ကာ နိုင်ငံတစ်ဝန်း အဆင့်မြင့်ရုပ်ရှင်ရုံများ၌ ရုံတင်ပြသမည့် Ghost Hotel တစ္ဆေဟိုတယ် ရုပ်ရှင်ဇာတ်ကား Premiere Show ကို ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်နဝဒေး အဆင့်မြင့်ရုပ်ရှင်ရုံ၌ ဇွန် ၃၀ ရက်က ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ Ghost Hotel တစ္ဆေဟိုတယ်ရုပ်ရှင်ဇာတ်ကား၏ ဝတ္ထုဇာတ်လမ်းကို ဒါရိုက်တာ မောင်မျိုးမင်း(ရင်တွင်းဖြစ်) က ရေးသားထားပြီး မိုးစက်ဝိုင်နှင့် သူရသဝါက ဇာတ်ညွှန်းရေးသားထားကာ ဒါရိုက်တာ မိုးမိုးက တာဝန်ယူပုံဖော်ရိုက်ကူးထားခြင်း ဖြစ်ကြောင်း သိရသည်။

"ဒီတစ္ဆေဟိုတယ်ရဲ့ ဇာတ်လမ်းက ကျွန်တော့်ရဲ့ဆရာ မောင်မျိုးမင်း(ရင်တွင်းဖြစ်) က ရေးသားပေးတဲ့ ဇာတ်လမ်းပါ။ ကျွန်တော့်အနေနဲ့ အရင်ရိုက်ထားတဲ့ ဦးမျိုးရဲ့ သူတော်တစ္ဆေနဲ့ တစ္ဆေဟိုတယ်က ဆက်စပ်မှုတွေရှိတယ်လို့ ဇာတ်ညွှန်းကိုအောင်ကြီးပြောမှသိရတာပါ။ ဒီဇာတ်ကားကို ပြင်ဦးလွင် ဆောင်းတွင်းကြီးမှာ အကောင်းဆုံး ရိုက်ကူးပုံဖော်ထားကြတာပါ။ ကြောက်စရာကောရယ်စရာတွေပါရောထားတဲ့ ဇာတ်ကားမို့ ရုံတင်ပြသရင်လဲ အားပေးကြပါအုံးလို့ ပြောချင်ပါတယ်"ဟု ဒါရိုက်တာ မိုးမိုးက ပြောပြသည်။

Ghost Hotel တစ္ဆေဟိုတယ် ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင်များအဖြစ် ကျော်ကျော်ဗို၊ မင်းဘုန်းမြတ်၊ စစ်နိုင်၊ ငှက်ပျောကြော်၊ ဇော်ဝင်းနိုင်(မန်း)၊ ဆင်မ၊ ဂျိုကာ၊ သွက်လက်၊ ဒိုပေါက်၊ အုန်းဒိုင်း၊ မေမြင့်မိုရ်၊ ဝေလာရီ၊ ဆွိ၊ ဆူး၊ ခိုင်စု၊ သွန်းစုနဒီထက်နှင့် အနုပညာရှင်များစွာ ပါဝင်ထားကြောင်း သိရသည်။

ASH

## Miss Multicultural World 2026 ပြိုင်ပွဲတွင် မြန်မာနိုင်ငံကိုယ်စားပြုအလှမယ် စိုးမဉ္ဇူလွင်က Winner Crown ဆုရရှိ

**ရန်ကုန် ဇူလိုင် ၁**

ဗီယက်နမ်နိုင်ငံတွင် ကျင်းပခဲ့သည့် Miss Multicultural World 2026 ပြိုင်ပွဲတွင် မြန်မာနိုင်ငံကိုယ်စားပြု ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် အလှမယ် စိုးမဉ္ဇူလွင်သည် Winner Crown ဆုကို ဆွတ်ခူးရရှိခဲ့ကြောင်း အလှမယ် စိုးမဉ္ဇူလွင်ထံမှ သိရသည်။

အဆိုပါ Miss Multicultural World 2026 ပြိုင်ပွဲကို ဇွန် ၂၀ ရက်မှ ဇွန် ၂၈ ရက်ထိ ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့၌ ကျင်းပခဲ့ပြီး အိန္ဒိယ၊ အမေရိကန်၊ ဟွန်ဒူးရပ်စ်၊ ဖိလစ်ပိုင်၊ ဗီယက်နမ်၊ ရုရှား၊ ထိုင်း၊ တရုတ်၊ မွန်ဂိုလီးယား၊ မော်ရိုကို စသည့်နိုင်ငံများမှ နိုင်ငံကိုယ်စားပြုအလှမယ်များနှင့်အတူ မြန်မာကိုယ်စားပြု အလှမယ် စိုးမဉ္ဇူလွင်က ဝင်ရောက်ယှဉ်ပြိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"ညီမက ဗီယက်နမ်နိုင်ငံမှာ ကျင်းပတဲ့ Miss Multicultural World 2026 မှာ မြန်မာကိုယ်စားပြုအနေနဲ့ ပထမဆုံးသွားရောက်ယှဉ်ပြိုင်ခဲ့တာပါ။ ဒီပြိုင်ပွဲမှာ မြန်မာနိုင်ငံရဲ့ တန်ဖိုးရှိတဲ့ ယဉ်ကျေးမှုအမွေအနှစ်တွေကို ချပြခဲ့ပါတယ်။ ညီမအနေနဲ့ အခုလို Winner Crown ဆုကိုရရှိလို့လဲ ဝမ်းသာပီတိဖြစ်ရပါတယ်"ဟု အလှမယ် စိုးမဉ္ဇူလွင်က ပြောပြသည်။




Miss Multicultural World 2026 ပြိုင်ပွဲတွင် Winner Crown ဆုကို မြန်မာကိုယ်စားပြုအလှမယ် စိုးမဉ္ဇူလွင်၊ 1st Runner Up ဆုကို ဟွန်ဒူးရပ်စ် ကိုယ်စားပြုအလှမယ် Nathaly Salmeron၊ 2nd Runner Up ဆုကို ဗီယက်နမ်ကိုယ်စားပြုအလှမယ် Tran Ha Linh၊ 3rd Runner Up ဆုကို ဖိလစ်ပိုင်ကိုယ်စားပြုအလှမယ် Kylah Giganto၊ 4th Runner Up ဆုကို အမေရိကန်ကိုယ်စားပြုအလှမယ် Sarah Ortiz တို့ရရှိခဲ့ကြောင်း သိရသည်။

ASH

## ရုပ်ရှင်လောကသားများကို ဆန်၊ ဆီနှင့် စားသောက်ကုန်များပံ့ပိုးရန်အတွက် သရုပ်ဆောင် လှမျိုးသဉ္ဇာနွယ်က ငွေကျပ် ငါးသိန်း လာရောက်လှူဒါန်း

**ရန်ကုန် ဇူလိုင် ၁**

ရုပ်ရှင်လောကသားများကို ၁၈ ကြိမ်မြောက်အဖြစ် ဆန်၊ ဆီနှင့် စားသောက်ကုန်များကို ပံ့ပိုးလှူဒါန်းရန်အတွက် သရုပ်ဆောင် လှမျိုးသဉ္ဇာနွယ်က ငွေကျပ်ငါးသိန်းကို ဇွန် ၃၀ ရက်က မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးသို့ လာရောက် လှူဒါန်းခဲ့ကြောင်း မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးနာယက မောင်နှင်းမိုးထံမှ သိရသည်။

မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးက ရုပ်ရှင်လောကသားများကို ၁၈ ကြိမ်မြောက်အဖြစ် ဆန်၊ ဆီနှင့်စားသောက်ကုန်များ ပံ့ပိုးလှူဒါန်းရာ၌ ယနေ့တွင် အုပ်ချုပ်၊ ဖြန့်ချီ၊ ဇာတ်ညွှန်း၊ ထုတ်လုပ်သူ၊ ရုပ်ရှင်နောက်ခံတေးဂီတ၊ ပြဇာတ်၊ တည်းဖြတ်သူ၊ အဓိကသရုပ်ဆောင်နှင့် ဒါရိုက်တာများကိုလည်းကောင်း၊ ဇူလိုင် ၂ ရက်တွင် စက်မှုအလွှာမှ အတတ်ပညာရှင်များကိုလည်းကောင်း၊ ဇူလိုင် ၃ ရက်တွင် ဇာတ်ပို့၊ ဇာတ်ရုံများကိုလည်းကောင်း ပံ့ပိုးလှူဒါန်းပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့အစည်းအရုံးက ရုပ်ရှင်လောကသားတွေကို ဆန်၊ ဆီနဲ့ စားသောက်ကုန်တွေကို ပံ့ပိုးပေးခဲ့တာ အခုဆိုရင် ၁၈ ကြိမ်ရှိပါပြီ။ ဒီနေ့ကနေ ဇူလိုင် ၃ ရက်ထိ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး အလွှာအသီးသီးက လောကသားတွေကို ဆန်၊ ဆီနဲ့စားသောက်ကုန်တွေ ပံ့ပိုးလှူဒါန်းပေးမှာဖြစ်ပါတယ်။ ဒီလှူဒါန်းမှုအတွက်လဲ ရုပ်ရှင်လောကသားတွေ၊ စေတနာရှင်၊ အလှူရှင်တွေကလဲ အလှူငွေတွေကို လာရောက်လှူဒါန်းထားပါတယ်"ဟု မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးနာယက မောင်နှင်းမိုးက ပြောပြ၍ သိရသည်။

ASH

## Five Nights at Freddy's-3 ဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကို ဂါရီဒေါက်ဘာမင်က ရေးသားမည်

**နယူးယောက် ဇူလိုင် ၁**

ယူနီဗာဆယ်ရုပ်ရှင်ကုမ္ပဏီ၏ Five Nights at Freddy's-3 ဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ ဂါရီဒေါက်ဘာမင်က တာဝန်ယူရေးသားမည်ဖြစ်ကြောင်း ဇွန် ၃၀ ရက် သတင်းများအရ သိရသည်။

Five Nights at Freddy's-2 ဇာတ်ကားကို ပြီးခဲ့သည့်နှစ် နိုဝင်ဘာလက ရုံတင်ပြသပြီးနောက် Five Night at Freddy's-3 ဇာတ်ကားကို ဆက်လက်ရိုက်ကူးရန် ယူနီဗာဆယ်က စီစဉ်ထားခြင်းဖြစ်ကြောင်း သိရသည်။


Five Nights at Freddy's-3 ဇာတ်ကားကို ဒါရိုက်တာ အမ်မာတင်မီက ရိုက်ကူးပေးဖွယ်ရှိကြောင်း သိရသည်။

ဒါရိုက်တာ အမ်မာတင်မီသည် ရုံတင်ပြသခဲ့ပြီးဖြစ်သည့် Five Nights at Freddy's ဇာတ်ကားနှစ်ကားစလုံးကို ရိုက်ကူးပေးခဲ့သော ဒါရိုက်တာဖြစ်သည်။

Five Nights at Freddy's-3 ဇာတ်ကားတွင် မင်းသား ဂျို့ဟက်ချာဆန်၊ မင်းသမီး အဲလစ်ဇဘတ်လိုင်းနှင့် ပိုက်ပါရူဘီယိုတို့ ပြန်လည်ပါဝင်လာဖွယ်ရှိကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**



## Bender ဟာသဇာတ်ကားကို ဒါရိုက်တာ မိုက်ကယ်မီဒီကို ရိုက်ကူးမည်

**ဒပ်ဘ်လင် ဇူလိုင် ၁**

Bender အမည်ရှိ ဟာသဇာတ်ကားကို ဒါရိုက်တာမိုက်ကယ်မီဒီကိုက တာဝန်ယူရိုက်ကူးမည်ဖြစ်ကြောင်း ဇွန် ၃၀ ရက် သတင်းများအရ သိရသည်။

Bender ဇာတ်ကားရိုက်ကူးရေးလုပ်ငန်းမှ ဒါရိုက်တာ အဒမ်ဘန်းစတိန်း နုတ်ထွက်ခဲ့ပြီးနောက် မိုက်ကယ်မီဒီကိုက ဒါရိုက်တာအဖြစ် အစားထိုးဝင်ရောက်လာခြင်းဖြစ်ကြောင်း သိရသည်။

Bender ဇာတ်ကားတွင် မင်းသား ဘီဘား၊ ခရစ်အိုဒိုးနှင့် မင်းသမီး ရှာဘရက်ဒလေတို့ ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

Bender ဇာတ်ကားသည် ၁၉၇၀ ပြည့်နှစ်ကာလ အိုင်ယာလန်နိုင်ငံ ဒပ်ဘ်လင်မြို့ကို နောက်ခံထား၍ ရိုက်ကူးမည့် ဟာသဇာတ်ကားဖြစ်သည်။

အဆိုပါ Bender ဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကိုစာရေးဆရာ စီရာရန်ဘဲ့လက်က တာဝန်ယူ ရေးသားပေးထားကြောင်း သိရသည်။

လက်ရှိတွင် Bender ဇာတ်ကားရိုက်ကူးထုတ်လုပ်မှုကို အိုင်ယာလန်နိုင်ငံ ဘဲလ်ဖတ်မြို့၌စတင်နေပြီဖြစ်ကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**



# Pre-event activities for Myanmar Women's Day 2026: "Pearl Jubilee Empowerment, Proud Myanmar Women" costume exhibition and film & performing arts concert





Daw Kyu Kyu Hla, Daw San San Aye and Daw Nan Ni Ni Aye enjoying the Myanmar Women's Day 2026 commemorative costume exhibition and film & performing arts concert.

**Nay Pyi Taw July 1**

In commemoration and celebration of Myanmar Women's Day, which falls on July 3, 2026, the "Pearl Jubilee Empowerment, Proud Myanmar Women" costume exhibition and film and performing arts concert, organized by the Myanmar Women's Affairs Federation under the leadership of the National Women's Committee of Myanmar, was held today at 1:00 PM at the Myanmar International Convention Centre-I (MICC-I) in Nay Pyi Taw. The event was graced by the wife of the President of the Republic of the Union of Myanmar and Honorary Patron of the Myanmar Women's Affairs Federation, Daw Kyu Kyu Hla.

The ceremony was attended by the wife of the Vice President (1) of the Republic of the Union of Myanmar and Honorary Patron of the Myanmar Women's Affairs Federation, Daw San San Aye; Vice President (2) and Honorary Patron of the Myanmar Women's Affairs Federation, Daw Nan Ni Ni Aye; wives of the Speakers of the Pyithu Hluttaw and the Amyotha Hluttaw; the wife of the Commander-in-Chief of Defence Services; the wife of the Deputy Commander-in-Chief of Defence Services; the wife of the Deputy Speaker of the Pyithu Hluttaw; special guests; the wife of the Chief of the General Staff (Army, Navy, and Air), the wife of the Commander-in-Chief (Navy); the wife of the Commander-in-Chief (Air); Union Ministers and their wives; the wife of the Chairman of the Union Civil Service Board; the wife of the Chairman of the Nay Pyi Taw Council; wives of Chief Ministers of Regions and States; the wife of the Chairman of the Myanmar National Human Rights Commission; the wife of the Commander of Special Operation Team No. 3; the wife of the Adjutant General; the wife of the Commander of Nay Pyi Taw Command; female Deputy Ministers and wives of Deputy Ministers; female officials equivalent to Deputy Ministers; the wife of the Chairman of the Tax Appeal Tribunal; the Chairman of the Nay Pyi Taw Union Territory Women's Committee and her spouse; members of the Amyotha Hluttaw and Pyithu Hluttaw; military representatives; Permanent Secretaries; Directors-General; donors; chairpersons, vice-chairpersons, and officials of women's organizations; renowned national artists; performing artists; singers; designers; and invited guests.

The ceremony began with performances of songs including "Myanmar Women's Day," "Together with New Strengths," and "New Dawn." This was followed by a costume showcase featuring creations by famous costume designers under the themes "Thirty Years of Pearl Adornment," "Harmonious Couple's Pearl Melody," and "Colorful Radiance Across the Open Plains." Additionally, a one-act educational drama titled "Kagyo" was performed to the song "Eternal Peace," aimed at raising awareness for the elimination of violence against women. This concluded the first part of the ceremony.

In the second part of the program, performances continued with costume presentations under the themes "True Myanmar Spirit of Waso Renewal" and "Harmonious Couple's Pearl Melody (Part Two)." Songs such as "I Want to Eat Deliciously" and "Deserving of Heritage" were performed. A dance performance was presented by young actor Sanye Moe, followed by a dance performance titled "Two Eras of Performing Arts Renewed."

Subsequently, as part of the ceremonial program, bouquets of honour were presented. The wife of the President of the Republic of the Union of Myanmar and Honorary Patron of the Myanmar Women's Affairs Federation, Daw Kyu Kyu Hla, presented bouquets to KBZ Group patron and donor Daw Nan Hlaing Kham, to Secretary of the Myanmar Women's Affairs Federation Daw Myat Myat Oo, and to film artists. The wife of the Vice President (1) and Honorary Patron of the Myanmar Women's Affairs Federation, Daw San San Aye, presented bouquets to performing artists and musicians. The Vice President (2) and Honorary Patron of the Myanmar Women's Affairs Federation, Daw Nan Ni Ni Aye, presented bouquets to Forever Group and John Lwin. The Union Minister for Women's Affairs, Dr. Thet Thet Zin, along with patrons, the chairperson, and the secretary of the Women's Affairs Federation, presented bouquets to designers and donors.

Afterward, Daw Kyu Kyu Hla, Daw San San Aye, Daw Nan Ni Ni Aye, and other officials cordially greeted the artists, bringing the ceremony to a close.

MNA



Daw Kyu Kyu Hla presents a bouquet.



Daw Nan Ni Ni Aye presents a bouquet.

# Delegation led by Lt. Gen. Warathep Boonya of the Royal Thai Armed Forces pays courtesy call on Commander-in-Chief of Defence Services General Ye Win Oo



**Commander-in-Chief of Defence Services General Ye Win Oo receives the delegation led by Lt. Gen. Warathep Boonya of the Royal Thai Armed Forces.**

**Nay Pyi Taw July 1**

A delegation led by Lt. Gen. Warathep Boonya of the Royal Thai Armed Forces, who had attended the 38th Myanmar-Thailand Regional Border Committee Meeting hosted by Myanmar, paid a courtesy call on Commander-in-Chief of Defence Services General Ye Win Oo at the parlour of Zeyathiri Beikman in Nay Pyi Taw this afternoon.

Also present at the meeting together with the Commander-in-Chief were senior military officers from Office of Commander-in-Chief (Army), command commanders, the Myanmar Military Attache (Army, Navy and Air) to Thailand, and officials. The Thai delegation leader was accompanied by the Chargé d'Affaires a.i. of the Thai Embassy in Myanmar, senior military officers from Royal Thai Armed Forces, and officials.

Discussions at the meeting were centred on the success of the 38th Myanmar-Thailand Regional Border Committee Meeting hosted by Myanmar, further strengthening of the existing friendship and cooperation between the armed forces of the two countries, exchange of friendly visits, cultural troupes, sports teams, and trainees between the two armed forces, success of the endeavours to bring peace and prosperity in border areas and to launch counterterrorism operation through cementing of military cooperation between the two countries, enhancing cooperation between the two armed forces and countries to combat illicit trade, narcotic drugs and online scam and gambling. Both sides also discussed Myanmar's expression of its deep gratitude to Thailand for sending relief and rescue teams and disaster relief aids with humanitarian spirit and good neighbourly spirit soon after the destructive Mandalay earthquake jolted on 28 March 2025.

After the meeting, the Commander-in-Chief and the Thai delegation leader exchanged commemorative gifts and posed for group photos. 100

# Another Illegal 2-Story Residential Building Used for Online Scams and Gambling Systematically Demolished in Shwe Kokko; Total of 67 Illegal Buildings Now Destroyed



**Demolition of an illegal two-storey residential building used for online fraud and gambling operations in Shwe Kokko area, Myawaddy District, Kayin State.**

**Nay Pyi Taw July 1**

Joint departmental teams are currently carrying out the permanent demolition of illegal buildings and the systematic destruction of equipment used in operations within the Shwe Kokko and KK Park areas of Myawaddy Township, Kayin State, which had served as bases for online scams and gambling activities. In line with these operations, it is reported that another illegal two-story residential building within the Shwe Kokko area was systematically detonated and demolished today.

Out of 77 buildings used for committing online scam and gambling activities within the Shwe Kokko area, targets have been categorized by building type for systematic demolition, consisting of 57 buildings to be demolished using heavy machinery and 20 buildings to be destroyed by detonation. Regarding these operations, it is reported that another two-story residential building, out of the 57 structures designated for mechanical demolition, was systematically demolished today.

To date, joint departmental teams have systematically demolished and destroyed a total of 67 illegal buildings used in committing online scam and gambling activities. According to reports, operations will continue to systematically destroy the remaining 10 illegal buildings.

100

# UN calls for urgent funding for mine clearance in Afghanistan

**Kabul July 1**

The UN Office for the Coordination of Humanitarian Affairs (OCHA) has called for urgent funding for mine clearance in post-war Afghanistan as unexploded ordnance continues to pose a deadly threat across post-war Afghanistan, particularly to children.

As of June, the mine action sector remains severely underfunded, with only 3.6 million U.S. dollars secured out of the 14.5 million dollars required, a critical shortfall that risks further preventable deaths and injuries, the Afghanistan office of OCHA said in a report on Tuesday.

Afghanistan ranks among the world's three most affected countries by unexploded ordnance, with around 80 percent of victims being children and an average of around 50 people killed or maimed every month, said Olga Cherevko, head of communications for OCHA in Afghanistan. Xinhua

# Authorities uncover truth about seeking ransoms under threat of enlisting in people's military service



**Photo of Nyein Chan Oo, aged 31, arrested.**



**Photo of Khaing Su Yee, aged 32, arrested.**




**Photo posted on Facebook by Khit Thit Media regarding the disappearance of Nyein Chan Oo.**




**Photo posted on Facebook by the sister regarding the disappearance of Nyein Chan Oo.**

**Nay Pyi Taw July 1**

It was found that Maung Nyein Chan Oo, who lives in Thingangyun Township in Yangon Region and is a son of U Kyaw Kyaw Oo, lost contact with his family while he was going from home to work on 25 June and his family members had to release disappearance notces on their social media accounts.

In connection with the case, unidentified man contacted Nyein Chan Oo's mother on the phone at about 1 p.m in the afternoon of 27 June, telling her that Nyein Chan Oo had been kidnapped and she and her family to delete social media posts of his disappearance written by them and demanding a MMK 10 million ransom for his release. The bank account for ransom transfer would be informed, the man added. Meanwhile, Dr Khaing Su Yee, the girlfriend of Nyein Chan Oo, contacted an aunt of Nyein Chan Oo on the phone, saying she was calling her as she was worried about the health of Nyein Chan Oo's mother after she learnt that his mother was unwell and visiting a clinic. Therefore, authorities checked the phone number and found that it was registered under the name of Dr Khaing Su Yee, raising suspect about the relations between Dr Khaing Su Yee and Nyein Chan Oo initially.

At about 7.30 am on 30 June, Nyein Chan Oo, pretending to be the kidnapper by disguising his voice, contacted on the phone again asking when would the ransom be transferred as they had been given three day's time and saying he did not want the ransom in cash but through the KBZ pay. He added that if they refused to pay the ransom, Nyein Chan Oo would be in enlisted in the people's military service and the MMK 10 million ransom must be transferred to Nyein Chan Oo's KBZ pay account. After launching necessary investigation to arrest him, Nyein Chan Oo and Dr Khaing Su Yee were detained in a hotel in Tarmway Township at about noon oon 30 June. To stay longer with his girlfriend, Nyein Chan Oo admitted that he cut off contact with his family on 27 June to stay with his girlfriend longer and lied that he had been kidnapped. As a result, action will be taken against them according to the law, rules and regulations.

In connection with recent disappearances, destructive media including Khit Thit Media are writing and publishing various contents of lies about matters related to the People's Military Service Law and people's military service under various headlines to create misconception about the government and the Tatmadaw among the people. When relevant authorities launched investigations on such incidents, it was found that they were untrue rumor news like the one mentioned above.

Recruiting teams for people's military service are taking measures in accordance with the People's Military Service Law announced without detaining or interrogating anyone without reason. Therefore, the public is urged to assess false news and misinformation and on the other hand, members of security forces are exerting efforts for peaceful living of the public and the rule of law in cooperation with the people.

100

# Plan underway to grow more than 30,000 acres of rainfed paddy in Yinmabin Township this year

**Yinmabin July 1**

Local authorities earmarked cultivation of more than 30,000 acres of rainfed paddy in Yinmabin Township of Sagaing Region this year, according to the township Agriculture Department.

During the 2026-2027 monsoon cropping season, Yinmabin Township has targeted the cultivation of 30,000 acres of rainfed paddy. Planting is scheduled to take place from July through September this year.

"We have set a target of cultivating 30,000 acres of monsoon paddy in Yinmabin Township during this year's monsoon cropping season. Efforts will be made to ensure that the target acreage is fully achieved. We will provide the necessary cultivation technologies and seed varieties for paddy production. Field-level support will also be carried out to help farmers complete monsoon paddy planting on time," said U Hla Myint, Head of the Department of Agriculture in Yinmabin Township.

During this year's monsoon cropping season, the relevant township agriculture department and local farmers will work together to ensure that monsoon paddy can be cultivated systematically and without difficulties.

Farmers cultivating monsoon paddy in Yinmabin Township will receive agricultural technical assistance, awareness training on pest prevention and control, guidance to minimize crop losses, and information on ensuring that harvested paddy is transported under shelter in a timely manner.

To ensure successful crop establishment and good yields from this year's monsoon paddy fields in Yinmabin Township, staff from the Township Department of Agriculture will provide field-based technical support, including the selection and cultivation of quality certified seeds, pest monitoring, land preparation and weeding, removal of off-type plants, and the proper application of fertilizers, along with other agricultural extension services.

206

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ချည်မျှင်ရှည်ဝါ ၁၃၉၆ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



ပွင့်ဖြူ ဇူလိုင် ၁

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ချည်မျှင်ရှည်ဝါ ၁၃၉၆ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ချည်မျှင်ရှည်ဝါ ၁၇၅၅ ဧက စိုက်ပျိုးရန် လျာထားပြီး အဆိုပါ စိုက်ပျိုးမှုကို ယခုနှစ် ဇွန်လမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၁၃၉၆ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ပွင့်ဖြူမြို့နယ်မှာ ချည်မျှင်ရှည်ဝါ ၁၇၅၅ ဧက စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ၁၃၉၆ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ချည်မျှင်ရှည်ဝါကို လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်နေပါတယ်။ ချည်မျှင်ရှည်ဝါသီးနှံစိုက်ပျိုးရေးနဲ့ ပတ်သက်ပြီး အထွက်နှုန်း ကောင်းမွန်တဲ့ မျိုးကောင်းမျိုးသန့်တွေ ရွေးချယ်စိုက်ပျိုးကြဖို့၊ ပိုးမွှားရောဂါကင်းရှင်းဖို့၊ သွင်းအားစုတွေ စနစ်တကျသုံးစွဲကြဖို့ စိုက်ပျိုးရေး အသိပညာပေးတာတွေကို ဆောင်ရွက် ပေးလျက်ရှိပါတယ်" ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြ၍ သိရသည်။

ချည်မျှင်ရှည်ဝါကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း သုံးစွဲမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ မြင့်မားတိုးတက်လာမည် ဖြစ်သောကြောင့် ဒေသမရွေး ချည်မျှင်ရှည်ဝါကို တိုးချဲ့စိုက်ပျိုးသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြ၍ သိရသည်။

ရဲဝင်းနိုင်(ညောင်ဦး)

# ကျောင်းကုန်းမြို့နယ်တွင် ပဲလွမ်းဖြူများ အရောင်းအဝယ်ကောင်းမွန်နေ

ကျောင်းကုန်း ဇူလိုင် ၁

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ်တွင် ပဲလွမ်းဖြူများ အရောင်းအဝယ်ကောင်းမွန်နေကြောင်း ကျောင်းကုန်းမြို့နယ် ပဲအမျိုးမျိုးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ချိုပြုံးက ပြောပြသည်။

ကျောင်းကုန်းမြို့နယ်တွင် ဇွန်လဒုတိယပတ်မှ စတင်ပြီး ယနေ့ထိ ပဲလွမ်းဖြူများဝယ်လိုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း၊ အဆိုပါ ပဲလွမ်းဖြူများ ဝယ်လိုအားကောင်းလာခြင်းသည်ဒေသထွက် ပဲလွမ်းဖြူများကို ရန်ကုန်ဈေးကွက်က ဝယ်ယူအားကောင်းလာခြင်းဖြစ်ကြောင်း သိရသည်။

''ဒေသထွက် ပဲလွမ်းဖြူတွေကို ဒေသဈေးကွက်အပြင် အခြားဒေသတွေကပါ အဝယ်လိုက်နေပါတယ်။ အခုလဒုတိယပတ်လောက်ကနေပြီး သိသိသာသာကို အဝယ်လိုက်လာတာဖြစ်ပါတယ်။ ဒေသထွက်ပဲလွမ်းဖြူတွေကို ရန်ကုန်ဈေးကွက်က အဝယ်လိုက်နေပါတယ်''ဟု ကျောင်းကုန်းမြို့နယ် ပဲအမျိုးမျိုးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ချိုပြုံးက ပြောပြသည်။



ကျောင်းကုန်းမြို့နယ်တွင် ပဲလွမ်းဖြူ ၁၆ ပြည်ဝင်တစ်အိတ်လျှင် ငွေကျပ် ၁၁၅၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါဒေသမှ ပဲအမျိုးမျိုးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များသည် ဒေသထွက်ပဲလွမ်းဖြူများကို ရန်ကုန်ဈေးကွက်သို့အဓိကထား တင်ပို့ရောင်းချလျက်ရှိပြီး ပဲလွမ်းဖြူအပြင် မတ်ပဲ၊ ပဲတီစိမ်း၊ ပြောင်းနှင့် စပါး၊ ဆန်များလည်း တင်ပို့ ရောင်းချလျက်ရှိကြောင်း သိရသည်။

ကျော်ကျော်လင်း

# မချမ်းဘော့မြို့နယ် အလန်ဂါးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

မချမ်းဘော့ ဇူလိုင် ၁

ကချင်ပြည်နယ် ပူတာအိုခရိုင် မချမ်းဘော့မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေဖြင့် ဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှုအခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မချမ်းဘော့မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခေတ္တမြို့နယ်ဦးစီးမှူး ဦးကျော်နိုင်မင်းနှင့် မြို့နယ်စီမံကိန်းတာဝန်ခံ ဝန်ထမ်းများသည် မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်း အဖွဲ့ဝင်များနှင့်တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၄၂ ဒသမ ၁ သန်းဖြင့် ဆောင်ရွက်ထားရှိသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း အောင်မြင်ဖြစ်ထွန်းနေမှုအခြေအနေများနှင့် လ အလိုက်ဖြည့်သွင်းရမည့်ငွေစာရင်းဇယားပုံစံများ ပြည့်စုံမှု ရှိ၊ မရှိ စစ်ဆေးပြီး ခေတ္တမြို့နယ်ဦးစီးမှူး ဦးကျော်နိုင်မင်းက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ အလန်ဂါးကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ခုနစ်ဦးကို ငွေကျပ် ၅ ဒသမ ၈ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၈ ဦးကို ငွေကျပ် ၁၅ ဒသမ ၇ သန်း၊ ရောင်းဝယ်ရေးလုပ်ငန်း လုပ်ကိုင်သူ ၁၅ ဦးကို ငွေကျပ် ၁၀ ဒသမ ၃ သန်းနှင့် အခြားအသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူ ၁၁ ဦးကို ငွေကျပ် ၁၀ ဒသမ ၃ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၅၁ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၄၂ ဒသမ ၁ သန်းကို အတိုးနှုန်းသက်သာစွာဖြင့် ထုတ်ချေးပေးထားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းများ အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း မချမ်းဘော့မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခေတ္တမြို့နယ်ဦးစီးမှူး ဦးကျော်နိုင်မင်းက ပြောပြ၍ သိရသည်။

အောင်ရဲကျော်




# ပင်လောင်းမြို့နယ် တောင်လေး(မ)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး



ပင်လောင်း ဇူလိုင် ၁

ရှမ်းပြည်နယ် (တောင်ပိုင်း) ပအိုဝ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်ရန် လိန်းညားအုပ်စု တောင်လေး (မ) ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးပေးခြင်းကို ဇွန် ၃၀ ရက်က တာဝန်ရှိသူများ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပင်လောင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်စွာက တောင်လေး (မ) ကျေးရွာရှိ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားလာစေရန်၊ တိုးပွားလာသော ရန်ပုံငွေများဖြင့် ကျေးရွာတွင်းဖွံ့ဖြိုးရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် စသည့် ရည်ရွယ်ချက်များဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း လည်ပတ်ရန်ပုံငွေများ ထုတ်ချေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဝန်ထမ်းများက စီမံကိန်း အကြောင်းအရာများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ရန်ပုံငွေထုတ်ချေးရာတွင် လိုက်နာရမည့်စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံသို့ အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ်သိန်း ၄၃၀ ကို လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ကွင်းဆင်းကြီးကြပ်မှုဖြင့် မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက တောင်လေး (မ) ကျေးရွာရှိ စိုက်ပျိုးရေး လုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၄၇ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် သိန်း ၄၃၀ ကို အတိုးနှုန်းသက်သာစွာဖြင့် ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

မောင်ခိုင်








ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ၏ဇနီး မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်ကြူကြူလှနှင့် အခမ်းအနားတက်ရောက်လာကြသူများက “ရောင်သွေးစုံလင်ပါတိတ်လွင်ပြင်” ခေါင်းစဉ်ဖြင့် နာမည်ကျော်ဝတ်စုံဒီဇိုင်နာများ ဖန်တီးဆန်းသစ်ထားသောဝတ်စုံများဖြင့် ဝတ်စားဆင်ယင်ပြသမှုကို ကြည့်ရှုအားပေးစဉ်။

ရှေ့ဖုံးမှအဆက်

ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌများ၏ဇနီးများ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီး၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီး၊ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ၏ဇနီး၊ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ အထူးဧည့်သည်တော်များ၊ ကာကွယ်ရေး ဦးစီးချုပ်(ရေ)၏ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ)၏ ဇနီး၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ၏ ဇနီး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၏ဇနီး၊ တိုင်းဒေသကြီး၊ ပြည်နယ်ဝန်ကြီးချုပ်များ၏ ဇနီးများ၊ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ)၏ဇနီး၊မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌ၏ဇနီး၊ အမှတ်(၃)စစ်ဆင်ရေးအထူးအဖွဲ့မှူး၏ဇနီး၊ စစ်ရေးချုပ်၏ဇနီး၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၏ဇနီး၊ အမျိုးသမီးဒုတိယဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများ၏ ဇနီးများ၊ အခွန်အယူခံအဖွဲ့ဥက္ကဋ္ဌ၏ဇနီး၊ ပြည်ထောင်စုနယ်မြေနေပြည်တော်အမျိုးသမီးကော်မတီဥက္ကဋ္ဌနှင့် ဇနီး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ၊ တပ်မတော်သားကိုယ်စားလှယ်များ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ အလှူရှင်များ၊ အမျိုးသမီးအဖွဲ့များ၏ ဥက္ကဋ္ဌများ၊ ဒုတိယဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ နိုင်ငံကျော်အနုပညာရှင်များ၊ သဘင်ပညာရှင်များ၊ အဆိုတော်များ၊ ဒီဇိုင်နာများနှင့် ဖိတ်ကြားထားသူများတက်ရောက်ကြသည်။

အခမ်းအနားတွင် “မြန်မာအမျိုးသမီးများနေ့”တေးသီချင်း၊ “အင်အားသစ်များနှင့်အတူ”တေးသီချင်း၊ “ရောင်နီသစ်ပြီ”စသည့် တေးသီချင်းများဖြင့် ဖျော်ဖြေခြင်း၊ “နှစ်သုံးဆယ်အသွင်ပုလဲအဆင်”၊ “တူစုံမောင်မယ်တေးပုလဲသွယ်”၊ “ရောင်သွေးစုံလင်ပါတိတ်လွင်ပြင်” ခေါင်းစဉ်ဖြင့် နာမည်ကျော်ဝတ်စုံ ဒီဇိုင်နာများ ဖန်တီးဆန်းသစ်ထားသော ဝတ်စုံများကို ဝတ်စားဆင်ယင်ပြသခြင်းနှင့် “ထာဝရငြိမ်းချမ်းရေး” တေးသီချင်းနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်စေရန်ရည်ရွယ်၍ “ကကြိုး” အမည်ဖြင့် တစ်ခန်းရပ် ပညာပေးဇာတ်လမ်းတိုဖြင့် တင်ဆက်ကြပြီး အခမ်းအနားအစီအစဉ် ပထမပိုင်းကို ခေတ္တရပ်နားသည်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ(၁)၏ဇနီး မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်စမ်းစမ်းအေး သဘင်ပညာရှင်များကို ဂုဏ်ပြုပန်းစည်းပေးအပ်ချီးမြှင့်စဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ(၂) မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်နန်းနီနီအေး Forever Group မှ ဒေါ်ခင်ခင်လေးအား ဂုဏ်ပြုပန်းစည်းပေးအပ်ချီးမြှင့်စဉ်။

အခမ်းအနားအစီအစဉ် ဒုတိယပိုင်းတွင် “ဝါဆိုဆန်းသစ်မြန်မာ့ချိတ်အစစ်”နှင့် “တူစုံမောင်မယ်တေးပုလဲသွယ်” (ဒုတိယပိုင်းအစီအစဉ်)ဝတ်စားဆင်ယင်မှုဖြင့်တင်ဆက်ခြင်း၊ “ထမင်းမိန်မိန်စားချင်တယ်”နှင့် “မွေခံထိုက်စေ”တေးသီချင်းဖြင့်ဖျော်ဖြေခြင်း၊ မင်းသားစမ်းရေမိုးက ကပြဖျော်ဖြေတင်ဆက်ခြင်းနှင့် “သဘင်တစ်ခေတ်နှစ်ပါးအသစ်”ဖြင့် ကပြဖျော်ဖြေကြသည်။

ဆက်လက်၍ အခမ်းအနားအစီအစဉ်အရ ဂုဏ်ပြုပန်းစည်းချီးမြှင့်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ၏ ဇနီး မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်ကြူကြူလှက KBZ Group နာယက အလှူရှင် ဒေါ်နန်းလိုင်းခမ်း၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်မှ အတွင်းရေးမှူး ဒေါ်မြတ်မြတ်ဦးနှင့် ရုပ်ရှင်အနုပညာရှင်များအားလည်းကောင်း၊ ဒုတိယသမ္မတ(၁)၏ဇနီး မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်စမ်းစမ်းအေးက သဘင်ပညာရှင်များနှင့် ဂီတပညာရှင်များကိုလည်းကောင်း၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒုတိယသမ္မတ(၂) ဒေါ်နန်းနီနီအေးက Forever Group နှင့် John Lwin တို့ကိုလည်းကောင်း၊ အမျိုးသမီးရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ဇင်၊ အမျိုးသမီးရေးရာအဖွဲ့ချုပ် နာယကများနှင့်ဥက္ကဋ္ဌ၊ အတွင်းရေးမှူးတို့က ဒီဇိုင်နာများ၊ အလှူရှင်များကိုလည်းကောင်း ဂုဏ်ပြုပန်းစည်းများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ၏ဇနီး မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်ကြူကြူလှ၊ ဒုတိယသမ္မတ(၁)၏ဇနီး ဒေါ်စမ်းစမ်းအေး၊ ဒုတိယသမ္မတ(၂) ဒေါ်နန်းနီနီအေးနှင့် တာဝန်ရှိသူများက အနုပညာရှင်များကို ရင်းရင်းနှီးနှီး နှုတ်ဆက်ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

❖ **ရိုးရာခြင်းလုံးပြိုင်ပွဲမှ**

ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်း၊ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဦးသန်းမောင်၊ ဒေါက်တာ မျိုးသိန်းကျော်၊ ဦးတင်ဦးလွင်၊ ဦးမြင့်ကြိုင်၊ ဦးမောင်မြင့်၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံရိုးရာခြင်းလုံးအဖွဲ့ချုပ်နာယက၊ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ပြိုင်ပွဲကျင်းပရေးအဖွဲ့များ၊ ဝန်ကြီးဌာနကိုယ်စားပြု ပြိုင်ပွဲဝင်အသင်းများ တက်ရောက်ကြသည်။

ဖွင့်ပွဲတွင် မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်းက အမှာစကားပြောကြားပြီး ပြိုင်ပွဲကိုဖွင့်လှစ်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့်အဖွဲ့သည် ပြိုင်ပွဲဝင်အသင်းများ၊ ပြိုင်ပွဲတွင် ပါဝင်ကူညီအားဖြည့်ပေးခဲ့သည့် ဘင်ခရာအဖွဲ့နှင့် ဒိုင်လူကြီးများအတွက် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

ယင်းနောက် ခြောက်ပေါက်တန်း အမျိုးသားပြိုင်ပွဲ ပွဲစဉ်များအဖြစ် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအသင်းနှင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအသင်း၊အလုပ်သမားဝန်ကြီးဌာနအသင်းနှင့် သာသနာရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားမှုများကို ကြည့်ရှုအားပေးကြသည်။

၂၀၂၆ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံရိုးရာခြင်းလုံး အမျိုးသား၊ အမျိုးသမီးပြိုင်ပွဲကို နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားရုံ(A)၌ ဇူလိုင် ၁ ရက်မှ ၆ ရက်ထိ ကျင်းပသွားမည်ဖြစ်ပြီး ဝန်ကြီးဌာနများမှ ပြိုင်ပွဲဝင် အမျိုးသားအသင်း ၁၄ သင်း၊ အမျိုးသမီးအသင်း ခြောက်သင်း စုစုပေါင်းပြိုင်ပွဲဝင် ၂၅၃ ဦး ဝင်ရောက် ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

**ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန အသိပေးကြေညာချက်**

မော်တော်ယာဉ်များတွင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက ထုတ်ပေးသည့် မော်တော်ယာဉ်နံပါတ်ပြားမဟုတ်ဘဲ အခြားနံပါတ်ပြားတပ်ဆင်ခြင်း၊ မူလနံပါတ်ပြားကို အလှဆင်ပြုပြင်ထားသည့် နံပါတ်ပြားများတပ်ဆင်ခြင်း၊ အလှဆင်နံပါတ်ပြားများတပ်ဆင်ခြင်း၊ မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်နှင့် သုံးဘီးတပ်ယာဉ်များတွင် အသံပိုမိုကျယ်လောင်စေရန် အသံထိန်းကိရိယာများ ပြောင်းလဲတပ်ဆင်ခြင်း၊ အသံထိန်းကိရိယာဖြုတ်၍ မောင်းနှင်ခြင်း၊ ဆူညံသံဖြစ်ပေါ်စေသည့် ကိရိယာတပ်ဆင်အသုံးမပြုကြရန်နှင့် တပ်ဆင်အသုံးပြုသော မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်နှင့် သုံးဘီးတပ်ယာဉ်များကို ၂၀၂၀ ပြည့်နှစ် ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့်မော်တော်ယာဉ်စီမံခန့်ခွဲမှုဥပဒေအရ ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ယာဉ်ထိန်းရဲတပ်ဖွဲ့**

☆ **ကျောဖုံးမှအဆက်**

လာရောက်ဂါရဝပြုတွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများ၊ တိုင်းမှူးများ၊ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာစစ်သံ (ကြည်း၊ ရေ၊ လေ)နှင့်တာဝန်ရှိသူများ တက်ရောက်ကြပြီး ထိုင်းကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံယာယီသံရုံးတာဝန်ခံ ထိုင်းဘုရင့်တပ်မတော်မှအရာရှိကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပပြုလုပ်သော ၃၈ ကြိမ်မြောက် မြန်မာ- ထိုင်းဒေသဆိုင်ရာ နယ်ခြားကော်မတီအစည်းအဝေး အောင်မြင်စွာကျင်းပနိုင်ခဲ့မှုအခြေအနေများ၊ နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုများနှင့်ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုတိုးမြှင့်ခိုင်မာအောင်ဆက်လက်ဆောင်ရွက်သွားမည့်အခြေအနေများ၊ ၂၀၂၅ ခုနှစ် မတ် ၂၈ ရက်တွင် လှုပ်ခတ်ခဲ့သည့် မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးခဲ့မှုများအပေါ် ထိုင်းနိုင်ငံအနေဖြင့် မြန်မာနိုင်ငံသို့ လူသားချင်းစာနာထောက်ထားသည့်စိတ်၊ အိမ်နီးချင်းကောင်းပီသသည့် စိတ်ဓာတ်တို့ဖြင့် ကူညီကယ်ဆယ်ရေးအဖွဲ့များနှင့် ထောက်ပံ့ပစ္စည်းများ စေလွှတ်ပေးအပ်သည့်အတွက် များစွာကျေးဇူးတင်ရှိမှု၊ နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရေးခရီးစဉ်များ၊ ယှဉ်ကျေးမှုအဖွဲ့များ၊ အားကစားအဖွဲ့များနှင့် သင်တန်းသားများအပြန်အလှန်စေလွှတ်ရေးဆိုင်ရာကိစ္စရပ်များ၊ နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ပြီး နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အကြမ်းဖက်မှုတိုက်ဖျက်ရေးဆိုင်ရာများကို အောင်မြင်စွာဆောင်ရွက်နိုင်မည့် အခြေအနေများ၊ တရားမဝင်ကုန်သွယ်မှု၊ မူးယစ်ဆေးဝါးနှင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုတိုက်ဖျက်ရေးလုပ်ငန်းစဉ်များတွင် နှစ်နိုင်ငံအစိုးရနှင့် တပ်မတော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ဆောင်ရွက်သွားမည့် အခြေအနေများနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ထိုင်းဘုရင့်တပ်မတော်ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်တို့သည် လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြပြီး အမှတ်တရစုပေါင်းဓာတ်ပုံရိုက်ခဲ့ကြကြောင်း သတင်းရရှိသည်။(မဝ၁)





တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့် ထိုင်းဘုရင့်တပ်မတော်မှ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် Lt. Gen. Warathep Boonya တို့ လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်စဉ်။

# ၃၈ ကြိမ်မြောက် မြန်မာ-ထိုင်း ဒေသဆိုင်ရာနယ်ခြားကော်မတီအစည်းအဝေးပြုလုပ်

**နေပြည်တော် ဇူလိုင် ၁**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် ၃၈ ကြိမ်မြောက် မြန်မာ-ထိုင်း ဒေသဆိုင်ရာ နယ်ခြားကော်မတီအစည်းအဝေးဖွင့်ပွဲအခမ်းအနားကို ဇွန် ၃၀ ရက် နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ရှိ Amazing Kengtong Resort ဟိုတယ်၌ကျင်းပရာ မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဗိုလ်ချုပ်ကျော်လင်းမောင်၊ ဒုတိယအဖွဲ့ခေါင်းဆောင် ဒုတိယဗိုလ်ချုပ်ကြီးဇော်မင်းလတ်နှင့် တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ထိုင်းနိုင်ငံမှ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် Lt. Gen. Warathep Boonya နှင့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဦးစွာ မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ကျော်လင်းမောင်နှင့် ထိုင်းကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် Lt. Gen. Warathep Boonya တို့က အမှာစကားများ အသီးသီးပြောကြားကြပြီး နှစ်နိုင်ငံအဖွဲ့ဝင်များက အပြန်အလှန်မိတ်ဆက်ကြသည်။ ထို့နောက် နှစ်နိုင်ငံအဖွဲ့ခေါင်းဆောင်များသည် တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး အဖွဲ့ဝင်များကို ရင်းရင်းနှီးနှီးနှုတ်ဆက်ကာ ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းခဲ့သည်။



၃၈ ကြိမ်မြောက် မြန်မာ-ထိုင်း ဒေသဆိုင်ရာ နယ်ခြား ကော်မတီ အစည်းအဝေး ကျင်းပစဉ်။

အဆိုပါ ၃၈ ကြိမ်မြောက် မြန်မာ-ထိုင်း ဒေသဆိုင်ရာကော်မတီ အစည်းအဝေးတွင် နှစ်နိုင်ငံနယ်နိမိတ်ဆိုင်ရာကိစ္စရပ်များ၊ မူးယစ်ဆေးဝါးတားဆီးကာကွယ်ရေးနှင့် နှိမ်နင်းရေးအတွက် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ဆဲနှင့် ဆက်လက်ဆောင်ရွက်သွားမည့်ကိစ္စရပ်များ၊ နှစ်နိုင်ငံနယ်စပ်ဒေသများ၌ တရားမဝင်ပြည်ပနိုင်ငံသားများ ဝင်ရောက်နေထိုင်မှုနှင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ငန်းများမရှိစေရေးအတွက် တိုက်ဖျက်နှိမ်နင်းရေးလုပ်ငန်းစဉ်များကို နှစ်နိုင်ငံအစိုးရချင်း ဆက်လက် ပူးပေါင်းဆောင်ရွက်သွားမည့် ကိစ္စရပ်များ၊ နယ်စပ်ဒေသတွင် ကဏ္ဍအလိုက် ပူးပေါင်းဆောင်ရွက်မှုကိစ္စရပ်များ၊ အခြားကိစ္စရပ်များနှင့်ပတ်သက်၍ ကဏ္ဍအလိုက် အသီးသီးဆွေးနွေးကြသည်။

ညပိုင်းတွင် မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ကျော်လင်းမောင်က ထိုင်းကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင် Lt.Gen.Warathep Boonya နှင့် နယ်ခြားကော်မတီအစည်းအဝေးသို့တက်ရောက်လာကြသည့် နှစ်နိုင်ငံကိုယ်စားလှယ်အဖွဲ့ဝင်များကို စိန်ပန်းနီနီညစာစားပွဲဖြင့် တည်ခင်းဧည့်ခံပြီး အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြသည်။

အစည်းအဝေးဒုတိယနေ့ကို ယနေ့နံနက်ပိုင်းတွင် Amazing Kengtong Resort ဟိုတယ်၌ ဆက်လက်ကျင်းပရာ နှစ်နိုင်ငံကိုယ်စားလှယ်ခေါင်းဆောင်များက ၃၈ ကြိမ်မြောက် မြန်မာ-ထိုင်း ဒေသဆိုင်ရာနယ်ခြားကော်မတီအစည်းအဝေးသဘောတူညီချက်များကို အတည်ပြုလက်မှတ်ရေးထိုး၍ အပြန်အလှန်လဲလှယ်ကြပြီး အမှာစကားများ အသီးသီးပြောကြားကြသည်။

ထို့နောက် နှစ်နိုင်ငံကိုယ်စားလှယ်ခေါင်းဆောင်များသည် နှစ်နိုင်ငံအထိမ်းအမှတ်တံဆိပ်များ အပြန်အလှန်ပေးအပ်၍ ကော်မတီအဖွဲ့ဝင်များနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။ ယင်းနောက် ကော်မတီအဖွဲ့ဝင်များကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ကာ အစည်းအဝေးကိုအောင်မြင်စွာရုပ်သိမ်းခဲ့သည်။

၃၈ ကြိမ်မြောက် မြန်မာ-ထိုင်း ဒေသဆိုင်ရာနယ်ခြားကော်မတီအစည်းအဝေးသို့ တက်ရောက်လာကြသည့် ထိုင်းနိုင်ငံမှ ကိုယ်စားလှယ်အဖွဲ့ဝင်များသည် မြန်မာနိုင်ငံသို့ရောက်ရှိနေစဉ်အတွင်း နေပြည်တော်ရှိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ သွားရောက်ဖူးမြော်ကြည်ညိုခြင်း၊ သူရဲကောင်းဗိမာန်(နေပြည်တော်)သို့ သွားရောက်ကြည့်ရှုလေ့လာ၍ပန်းခွေချအလေးပြုခြင်း၊ ကျိုင်းတုံမြို့ရှိ တန်ခိုးကြီးဘုရားစေတီများသို့သွားရောက်ဖူးမြော်ခြင်းများ ဆောင်ရွက်ကြပြီး နေပြည်တော်နှင့် ကျိုင်းတုံမြို့ရှိ အထင်ကရနေရာများသို့လည်း သွားရောက်လေ့လာလည်ပတ်ခဲ့ကြကြောင်း သတင်းရရှိသည်။ (မဝ၁)

## ၂၀၁၅ ခုနှစ်မှ ၂၀၁၇ ခုနှစ်အတွင်းနှင့် ၂၀၂၁ ခုနှစ်မှ ၂၀၂၅ ခုနှစ်အတွင်း တင်သွင်းခွင့်လိုင်စင်ဖြင့်တင်သွင်းရောက်ရှိပြီးနောက် မှတ်ပုံတင်လုပ်ငန်းများ ဆောင်ရွက်ရန်ကျန်ရှိသော မော်တော်ယာဉ်များအနေဖြင့် မှတ်ပုံတင်လုပ်ငန်းများဆောင်ရွက်နိုင်ရန် အများပြည်သူသို့ အသိပေးကြေညာ

မြန်မာနိုင်ငံအတွင်းသို့ ကုန်သွယ်ရေးဦးစီးဌာန၏ တင်သွင်းခွင့်ပြုချက်နှင့် အကောက်ခွန်ဦးစီးဌာနတို့တွင် အခွန်များပေးဆောင်၍ တင်သွင်းရောက်ရှိပြီးသော မော်တော်ယာဉ်များသည် ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနတွင် ကနဦးမှတ်ပုံတင်ဆောင်ရွက်ရမည်ဖြစ်သော်လည်း မှတ်ပုံတင်ဆောင်ရွက်ခြင်းမရှိဘဲ နံပါတ်ပြားအတုများ၊ အလှဆင်နံပါတ်ပြားများတပ်ဆင်၍ အသုံးပြုနေသည်ကိုလည်းကောင်း၊ လုပ်ငန်းသုံးယာဉ်များနှင့် စက်ယန္တရားယာဉ်များသည်လည်း မှတ်ပုံတင်လုပ်ငန်းဆက်လက်ဆောင်ရွက်ခြင်းမပြုဘဲ စီမံကိန်းများနှင့် လုပ်ငန်းခွင်များတွင် တရားမဝင်အသုံးပြုနေသည်ကိုလည်းကောင်း တွေ့ရှိရပါသည်။ အဆိုပါ မော်တော်ယာဉ်များသည် တည်ဆဲ ၂၀၂၀ ပြည့်နှစ် ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့်မော်တော်ယာဉ်စီမံခန့်ခွဲမှုဥပဒေနှင့်အညီ ကနဦးမှတ်ပုံတင်ခြင်းလုပ်ငန်းများကို မဖြစ်မနေဆောင်ရွက်ရမည်ဖြစ်ပါသောကြောင့် ပထမပိုင်းအနေဖြင့် ကုန်သွယ်ရေးဦးစီးဌာနမှ ၂၀၁၈ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အတွင်း တင်သွင်းခွင့်လိုင်စင်ထုတ်ပေးထားသောယာဉ်များသည် ၃၀.၆.၂၀၂၆ ရက်နောက်ဆုံးထား၍ နီးစပ်ရာကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနရုံးများတွင် ကနဦးမှတ်ပုံတင်လုပ်ငန်းများဆောင်ရွက်နိုင်ရန်နှင့် သတ်မှတ်ကာလကျော်လွန်သည်ထိ မှတ်ပုံတင်လုပ်ငန်းများ လာရောက်ဆောင်ရွက်ခြင်းမရှိပါက တည်ဆဲဥပဒေများအရ အရေးယူဆောင်ရွက်မည်ဖြစ်ပါကြောင်း အသိပေးကြေညာခဲ့ပြီးဖြစ်ပါသည်။

ယခုအခါဒုတိယပိုင်းအနေဖြင့် ၂၀၁၅ ခုနှစ်မှ ၂၀၁၇ ခုနှစ်အတွင်းနှင့် ၂၀၂၁ ခုနှစ်မှ ၂၀၂၅ ခုနှစ်အတွင်း တင်သွင်းခွင့်လိုင်စင်ထုတ်ပေးထားသောယာဉ်များသည် ၃၁.၁၂.၂၀၂၆ ရက် နောက်ဆုံးထား၍ ကနဦးမှတ်ပုံတင်ခြင်းလုပ်ငန်းများကို နီးစပ်ရာကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနရုံးများတွင် ပြီးပြတ်အောင်ဆောင်ရွက်ကြရန်ဖြစ်ပါသည်။

သတ်မှတ်ကာလကျော်လွန်ပါက ကနဦးမှတ်ပုံတင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးမည်မဟုတ်ပါကြောင်းနှင့် မှတ်ပုံတင်ခြင်းလုပ်ငန်းများ အချိန်မီဆောင်ရွက်ခြင်းမပြုပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ပို့ဆောင်ရေးဝန်ကြီးဌာန**

# တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၇ ရက်မြောက်နေ့ကျင်းပ




နေပြည်တော် ဇူလိုင် ၁

တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၇ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ၊ ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်းနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် သောက်သုံးရေရရှိရေး၊ မြို့ပေါ်ရပ်ကွက်များ ရေလွှမ်းမိုးမှုကာကွယ်ရန် မြစ်ကြောင်းတစ်လျှောက် သဲနုန်းတူးဖော်ခြင်းနှင့် တာပေါင်မြှင့်တင်ပေးနိုင်ရေး၊ ဆည်ပြန်လည်ပြုပြင်ပေးနိုင်ရေး၊ ရေလှောင်ကန်နှင့်စပ်လျဉ်းသည့် ကျန်ရှိလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ရေး၊ ကျေးရွာများ လျှပ်စစ်မီး၊ ထရန်စဖော်မာများ၊ လမ်းဘေးဝဲယာ ဆိုလာမီးသီးများတပ်ဆင်ပေးနိုင်ရေး၊ လျှပ်စစ်ဓာတ်အားခွဲရုံ အဆင့်မြှင့်တင်ပေးနိုင်ရေးတို့နှင့်စပ်လျဉ်း၍ မေးခွန်း ၁၂ ခု မေးမြန်းဖြေကြားခြင်းတို့ကို ဆောင်ရွက်ကြသည်။

ကျွန်းလှမဲဆန္ဒနယ်မှ ဦးစိုးကျော်နိုင်၏ **ကျွန်းလှမြို့တွင် သောက်သုံးရေရရှိရေးအတွက် နိုင်ငံတော်အစိုးရက ပံ့ပိုးကူညီပေးရန်အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်က သမန်းဆိပ်ရေလှောင်တမံ တည်ဆောက်ခဲ့စဉ်က ကျွန်းလှမြို့သစ်ကို ၁၉၉၆ ခုနှစ်၌ ရွှေ့ပြောင်းတည်ဆောက်ခဲ့ပြီး မိုးတွင်းကာလ၌ ရေကြီးရေလျှံမှုကာကွယ်ရန်နှင့် မြို့ရေပေးဝေရေးလုပ်ငန်းများကို ဆောင်ရွက်ရန်အတွက် ကျွန်းလှမြို့နယ်အနီးရှိ ဘိုယားချောင်းကိုပိတ်၍ ဘိုယားတမံ (၁)နှင့်(၂)တို့ကို တည်ဆောက်ပေးခဲ့ပါကြောင်း။

ဘိုယားတမံ (၁) နှင့် (၂) ၏ ကန်ရေပြည့် ရေလှောင်ပမာဏ ဧကပေ ၈၁၀၊ (ရေဂါလန် သန်း ၂၂၀ ခန့်)ရှိသည့်အနက် အသုံးပြုနိုင်သည့်ရေပမာဏမှာ ရေဂါလန် သန်း ၂၀၀ ဖြစ်ပါကြောင်း၊ မြို့နေလူထု၏ အဓိကရေသုံးစွဲမှုမှာ မြေအောက်ရေမှ ထုတ်ယူသုံးစွဲခြင်းဖြစ်ပြီး ၂၀၂၅ ခုနှစ် နှစ်ကုန်ပိုင်းနှင့် ယခုကာလတွင် နယ်မြေအခြေအနေများကြောင့် လျှပ်စစ်မီးမရရှိသည့် အခြေအနေကြောင့် ထုတ်ယူသုံးစွဲရန် အခက်အခဲဖြစ်ပေါ်သည့်အတွက် ဘိုယားတမံ(၁)မှ ရေကိုပြောင်းလဲသုံးစွဲခဲ့ရပါကြောင်း။

ထိုသို့သုံးစွဲနိုင်ရေးအတွက် ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနအနေဖြင့် ဆည်ရေကို ဘိုယားတမံ (၁)အခြေရှိ ရေငြိမ်ကန်သို့ ရေဖြည့်တင်းပေးပြီး ကျွန်းလှမြို့နယ် စည်ပင်သာယာရေးကော်မတီမှ မြို့နေလူဦးရေ ၂၄၀၀ ခန့်အတွက် ရေဂါလန် ၆၀၀၀၀ ခန့် နေ့စဉ်ဖြန့်ဖြူးပေးခြင်းကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ လက်ရှိအခြေအနေအရ ကျွန်းလှမြို့ပေါ် ရပ်ကွက်ကြီးလေးခုရှိ လူဦးရေ ၁၄၄၁၈ ဦးအနက် ဦးရေ ၂၄၀၀ အတွက်သာ ရေပေးဝေနိုင်သဖြင့် ရေလုံလောက်စွာ ပေးဝေနိုင်ရန်အတွက် သိုလှောင်ပမာဏ ဂါလန် ၄၅၀၀၀ ရှိသော ရေငြိမ်ကန်တစ်လုံးတည်ဆောက်ခြင်းနှင့် တမံအတွင်းမှ ရေငြိမ်ကန်သို့ရေဖြည့်ပေးသည့် ရေတံခါးပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးရန် လိုအပ်မည်ဖြစ်ပါကြောင်း။

အဆိုပါ လုပ်ငန်းအတွက် လိုအပ်ရန်ပုံငွေကို ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ် တိုင်းဒေသကြီးအစိုးရအဖွဲ့ရန်ပုံငွေ သို့မဟုတ် သင့်လျော်ရာရန်ပုံငွေတွင် တင်ပြတောင်းခံပြီး ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

လှိုင်ကော်မဲဆန္ဒနယ်မှ ဦးမောင်ရွှေ၏ **ကယားပြည်နယ် လှိုင်ကော်မြို့ပေါ်ရပ်ကွက်များကို ရေလွှမ်းမိုးမှုမှကာကွယ်ရန် ဘီလူးချောင်းဘေးမှ ရေတားတာပေါင်ပြုလုပ်ပေးပါရန်နှင့် ရှိပြီးသားတာပေါင်ကို ပြန်လည်မြှင့်တင်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်က ကယားပြည်နယ် လှိုင်ကော်မြို့နယ်တွင် နှစ်စဉ်မိုးများ၍ ဘီလူးချောင်းရေမြင့်တက်မှုကြောင့် ဘီလူးချောင်းကမ်းဘေးအနိမ့်ပိုင်းရပ်ကွက်များ နှစ်စဉ် ရေလွှမ်းမိုးမှုဒဏ်ခံရလေ့ရှိပြီး ရေဝင်ရောက်လွှမ်းမိုးမှုကို ကာကွယ်ရန်အတွက် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ပြည်နယ်ရန်ပုံငွေဖြင့် ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ရေနီကန်ကျေးရွာနှင့် သတ္တုပလူကျေးရွာအနီး ဘီလူးချောင်းအတွင်းရှိ သဲနုန်းများနှင့် ဒိုက်ပင်၊ ကိုင်းပင်များကို တူးဖော်ဖယ်ရှားခြင်းလုပ်ငန်းနှစ်ခု၊ ကန္တာရဝတီတံတားမှ နမ့်ကွတ်ရေစီးကွေ့အတွင်း ဘီလူးချောင်းဘေးမြေနိမ့်နေရာကို ကျောက်ရောမြေဖြင့် ပေါင်မြှင့်တင်ခြင်းနှင့် ရေဆိုးထုတ်မြောင်းနေရာ ငါးနေရာကို ရေတံခါးတည်ဆောက်ခြင်းလုပ်ငန်းတို့ကို ဆောင်ရွက်ခဲ့ပါကြောင်း။

ဘီလူးချောင်းကမ်းပါးဘေး ထပ်မံ၍ လိုအပ်သောနေရာများဖြစ်သည့် ရှမ်းစုရပ်ကွက် နန္ဒာလမ်းကျောက်စီရေတားတာပေါင်နှင့် လျှောက်လမ်းပြုလုပ်ခြင်း အလျား ပေ ၄၃၀ (မြဝတီလမ်းမှ ရှမဝလမ်းထိ)၊ ဒေါ်ဥရပ်ကွက် ကမ်းနားလမ်းကျောက်စီရေတားတာပေါင်နှင့် လျှောက်လမ်းပြုလုပ်ခြင်း အလျား ပေ ၁၀၆၀ (ကျွန်းတောလမ်းမှ ဒွေးမယ်နော်လမ်းထိ) တို့ကို ဘဏ္ဍာနှစ်အလိုက် ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

သုံးခွမဲဆန္ဒနယ်မှ ဦးအောင်ကျော်မင်း၏ **သုံးခွမြို့နယ်အတွင်းရှိ မြို့ပေါ်ရပ်ကွက်များ၌ သန့်ရှင်းသောသောက်သုံးရေရရှိရေးအတွက် လက်ရှိရေပေးဝေမှုစနစ်ကို ပိုမိုကောင်းမွန်အောင်ဆောင်ရွက်ပေးခြင်း သို့မဟုတ် အနီးဆုံးဆည်၊ တမံမှ ရေရယူဖြန့်ဝေပေးရန် စီစဉ်ဆောင်ရွက်ပေးနိုင်ခြင်း ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်က ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့တွင် ရပ်ကွက် ၁၂ ရပ်ကွက်၊ အိမ်ထောင်စု ၇၄၆၈ စု၊ လူဦးရေ ၂၇၇၈၈ ဦး နေထိုင်လျက်ရှိပြီး တစ်နှစ်သောက်သုံးရေလိုအပ်ချက်မှာ ၁၆၈ ဒသမ ၈၁ ဂါလန်သန်း ဖြစ်ပါကြောင်း၊ သုံးခွမြို့နယ်အတွင်း သောက်သုံးရေ ပေးဝေနိုင်ရေးအတွက် ဌာနက တည်ဆောက်ထိန်းသိမ်းထားသော ရေလှောင်တမံများမရှိပါကြောင်း၊ သုံးခွမြို့နှင့် အနီးဆုံးတည်ရှိနေသော ရေလှောင်တမံမှာ ကျောက်တန်းမြို့နယ်ရှိ ဘန့်ဘွေးကုန်းရေလှောင်တမံဖြစ်ပြီး မြို့နှင့် ၂၅ မိုင်ခန့်ကွာဝေးပါကြောင်း၊ ဘန့်ဘွေးကုန်းရေလှောင်တမံသည် သိုလှောင်ရေပမာဏ ၁၇၃၅ ဧကပေ(ရေဂါလန် ၄၆၉ သန်းခန့်) ရှိပြီး ကျောက်တန်းမြို့နယ်အတွင်းရှိ စိုက်ပျိုးမြေဧရိယာ ၁၉၂ ဧကကို အကျိုးပြုနိုင်ရန်အတွက် ရည်ရွယ်တည်ဆောက်ထားခြင်းဖြစ်ပါကြောင်း။

ဘန့်ဘွေးကုန်းရေလှောင်တမံသည် မြို့ပြရေပေးဝေရန်အတွက် ဆောင်ရွက်ထားသော ရေလှောင်တမံမဟုတ်ဘဲ စိုက်ပျိုးရေပေးဝေလျက်ရှိသော ရေလှောင်တမံဖြစ်ပါကြောင်း၊ ရေသယ်ယူရမည့် အကွာအဝေးမှာလည်း များပြားပါသဖြင့် အနီးနားတွင်ရှိသည့် ရေအရင်းအမြစ်ကို သာသုံးစွဲရန်သင့်လျော်သည့် အခြေအနေ ဖြစ်ပါကြောင်း။

သုံးခွမြို့တွင် မြေသားရေလှောင်ကန် ၅၈ ကန်ရှိပြီး တိုးတက်လာသည့်လူဦးရေအတွက် ရေအရင်းအမြစ်များထပ်မံလိုအပ်လာမှုအပေါ် နံ့ယောချောင်းပေါ်ရှိ သုံးခွရေတံခါးမှရေကို မြို့ပေါ်ရပ်ကွက်အတွင်းရှိ သောက်သုံးရေကန်များသို့ ရေကူဖြည့်တင်းရန်အတွက် ၂၀၂၁ ခုနှစ် အောက်တိုဘာလမှ ၂၀၂၂ ခုနှစ် မတ်လထိ ခြောက်လဘဏ္ဍာနှစ် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ရန်ပုံငွေဖြင့်လည်းကောင်း၊ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်မှ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်ထိ သုံးခွမြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ငွေလုံးငွေရင်းအသုံးစရိတ်ရန်ပုံငွေဖြင့်လည်းကောင်း သုံးခွမြို့နယ်စည်ပင်သာယာရေးအဖွဲ့က နှစ်အလိုက် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါကြောင်း။

သို့ဖြစ်ပါ၍ သုံးခွမြို့နယ်အတွင်းရှိ မြို့ပေါ်ရပ်ကွက်များကို ရေပေးဝေနိုင်ရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ ဆည်တမံမှ ရေပေးဝေနိုင်ရန်မှာ ရေသယ်ယူရမည့် အကွာအဝေး များပြားသဖြင့်လည်းကောင်း၊ စိုက်ပျိုးရေပေးဝေနေရသဖြင့် ရေပေးဝေနိုင်မှုပမာဏ ကန့်သတ်ချက်များရှိသောကြောင့်လည်းကောင်း၊ မြို့ရေပေးဝေရေးနှင့်ပတ်သက်၍ လက်ရှိစီမံဆောင်ရွက်လျက်ရှိသော ဌာနကသာ ဆက်လက်ဆောင်ရွက်ရန် သင့်လျော်ပါကြောင်းနှင့် ဝန်ကြီးဌာနအနေဖြင့် လိုအပ်သလိုပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

တမူးမဲဆန္ဒနယ်မှ ဦးအောင်ကိုလတ်၏ **တမူးမြို့ပေါ်ရှိ ကံကြီးဝဆည်ကြီးကို အမြန်ဆုံး ပြုပြင်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်က ကံကြီးဝရေလွှဲဆည်သည် စစ်ကိုင်းတိုင်းဒေသကြီး တမူးမြို့ မြို့မရပ်ကွက် မဟူရာချောင်း ခေါ် ပါဟဲချောင်းပေါ်တွင် တည်ရှိပြီး ၂၀၂၅ ခုနှစ် မိုးတွင်းကာလ တောင်ကျချောင်းရေများ စီးဆင်းမှုကြောင့် ကံကြီးဝရေလွှဲဆည်အထက်ပိုင်းတွင် သဲနုန်းများပို့ချခဲ့ခြင်း၊ ရေတိုက်စားမှုကြောင့် ရေလျှံထိန်းတာပေါင် အလျား ပေ ၁၀၀၀ ခန့်ပျက်စီးခြင်းနှင့် ရေလွှဲဆည် အောက်ပိုင်းရေငြိမ်ကန် ရေတိုက်စားမှုကြောင့် အောက်ခံကြမ်းခင်းပျက်စီးခြင်းများဖြစ်ပေါ်ခဲ့ပါကြောင်း၊ စိုက်ပျိုးမြေဧရိယာ ၈၃၅ ဒသမ ၂၄ ဧကကို ကောင်းမွန်လုံလောက်စွာ ရေပေးဝေနိုင်ရေးအတွက် ကံကြီးဝရေလွှဲဆည် အထက်ပိုင်းတွင် သဲနုန်းတူးဖော်ခြင်း၊ ရေလွှဲဆည်အထက်ပိုင်း ရေလျှံထိန်းတာပေါင်တည်ဆောက်ခြင်း၊ ရေလွှဲဆည်အောက်ပိုင်းရေငြိမ်ကန်အထွက်ပိုင်းတွင် မျောတုတ်ရိုက် Gabion Box ကျောက်ချခြင်းလုပ်ငန်းများနှင့် အခြားလိုအပ်သောပြင်ဆင်မှုများ ဆောင်ရွက်ရန် လိုအပ်ပါကြောင်း။

သို့ဖြစ်ပါ၍ တောင်သူများစိုက်ပျိုးရေးအတွက် အားထားရသော ကံကြီးဝရေလွှဲဆည် ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းအတွက် လိုအပ်သောရန်ပုံငွေကို ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ် ပြည်ထောင်စုရန်ပုံငွေ သို့မဟုတ် သင့်လျော်ရာရန်ပုံငွေတွင် တင်ပြတောင်းခံပြီး ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ကျောက်ဆည်မဲဆန္ဒနယ်မှ ဦးအောင်မြင့်သန်း၏ **ကျောက်ဆည်မြို့ပေါ်ရပ်ကွက်ကြီးများကို ရေကြီးမှုမှကာကွယ်ရန် ဇော်ဂျီမြစ်ကြောင်းတစ်လျှောက် သဲနုန်းတူးဖော်ခြင်း အလျား မိုင် ၂၀ ဇော်ဂျီတာပေါင်မြှင့်တင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးရန် ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်က ဇော်ဂျီမြစ်သည် ရှမ်းပြည်နယ် (တောင်ပိုင်း) ပင်းတယမြို့နယ်မှ မြစ်ဖျားခံ၍ ပင်းတယ၊ ရပ်စောက်၊ ရွာငံမြို့နယ်တို့ကို ဖြတ်သန်းစီးဆင်းကာ မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်နှင့် စဉ့်ကိုင်မြို့နယ်တို့ကိုဖြတ်သန်း၍ ဒုဋ္ဌဝတီမြစ်အတွင်းသို့စီးဝင်ပါကြောင်း၊ ဇော်ဂျီမြစ်ပေါ်၌ ဇော်ဂျီရေလှောင်တမံကို ၁၉၉၇ ခုနှစ်တွင် တည်ဆောက်ပြီးစီးခဲ့ပါကြောင်း၊ ၂၀၁၂ ခုနှစ်တွင် ဇော်ဂျီမြစ် ရေစီးရေလာကောင်းမွန်စေရေးနှင့် မြစ်ရေလွှမ်းမိုးမှု လျှော့ချနိုင်ရေးအတွက် ဇီးတောရေလွှဲဆည်မှ ဒုဋ္ဌဝတီမြစ်ထိ အလျား မိုင်၂၀ ကို မြစ်ကြောင်းချဲ့ထွင်ခြင်းနှင့် သဲနုန်းတူးဖော်ခြင်း လုပ်ငန်းကိုလည်းကောင်း၊ နှောင်ခမ်းကျေးရွာအနီးတွင် ဇော်ဂျီမြစ်အရေးပေါ်ရေလျှံပေါက် အကျယ် ပေ ၁၅၀ တည်ဆောက်ခြင်း လုပ်ငန်းကိုလည်းကောင်း ဆောင်ရွက်ပေးခဲ့ပါကြောင်း။

ရွာငံမြို့နယ်တွင် မြို့ကြီးရေလှောင်တမံကို ၂၀၁၆ ခုနှစ်တွင် တည်ဆောက်ပြီးစီးခဲ့သဖြင့် နောက်ပိုင်းနှစ်များတွင် ရေကြီးရေလျှံမှုကို လျှော့ချနိုင်ခဲ့ပါကြောင်း၊ ဇော်ဂျီမြစ်အတွင်း တိုက်ရိုက်စီးဝင်သည့် သံပိုချောင်းနှင့် ငမွဲချောင်းမှ ရေများကို နှောင်ခမ်းအရေးပေါ်ရေလျှံပေါက်မှ ထိန်းညှိထုတ်လွှတ်ထားခြင်းများကြောင့် ရာသီဥတုကောင်းမွန်သောနှစ်များတွင် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခြင်း မရှိခဲ့ပါကြောင်း။

၂၀၂၄ ခုနှစ်တွင် ရာဂီမုန်တိုင်းအရှိန်ကြောင့် ထူးကဲမိုးရွာသွန်းမှုများဖြစ်ပေါ်ခဲ့ချိန်တွင် မြို့ကြီးတမံရေပိုလွှဲမှ ၈ ဒသမ ၁ ပေကျော်စီးဆင်းခဲ့ခြင်း၊ မြစ်အတွင်းသို့ တိုက်ရိုက်စီးဝင်သည့် သံပိုချောင်းနှင့် ငမွဲချောင်းမှ စီးဆင်းရေများပြားခဲ့ခြင်းကြောင့် ဇော်ဂျီမြစ်ရေကြီးရေလျှံမှုဖြစ်ပေါ်ခဲ့သော်လည်း နှောင်ခမ်းအရေးပေါ်ရေလျှံပေါက်မှ ပန်းလောင်မြစ်သို့ ခွဲထုတ်စီးဆင်းစေခဲ့ခြင်းကြောင့် ကျောက်ဆည်မြို့သို့ ရေလွှမ်းမိုးမှုဘေးအန္တရာယ်ကို အထိုက်အလျောက် လျှော့ချနိုင်ခဲ့ပါကြောင်း။

အလားတူ ၂၀၂၅ ခုနှစ်တွင် ကာဂျီကီ မုန်တိုင်းအရှိန်ကြောင့် မိုးရွာသွန်းမှုများ ပြားခဲ့စဉ် ဇော်ဂျီမြစ်အတွင်းသို့ စီးဝင်ရေများပြားခဲ့သော်လည်း နှောင်ခမ်းအရေးပေါ် ရေလျှံပေါက်မှ ပန်းလောင်မြစ်သို့ ခွဲထုတ် စီးဆင်းစေခဲ့ခြင်းကြောင့် ရေလွှမ်းမိုးမှု ဘေးအန္တရာယ်ဖြစ်ပေါ်ခဲ့ခြင်း မရှိခဲ့ပါကြောင်း၊ ထူးကဲမိုးရေချိန်ဖြင့် မိုးရွာသွန်းချိန်ကာလများတွင် ရေကြီးရေလျှံမှု ဘေးအန္တရာယ် ဖြစ်ပေါ်နိုင်ပါသဖြင့် ဇော်ဂျီမြစ်ကြောင်း ရေစီးရေလာကောင်းမွန်စေရေးအတွက် လိုအပ်သည့်နေရာ များတွင် **စာမျက်နှာ ၁၉ သို့**

**စာမျက်နှာ ၁၈ မှအဆက်**

သဲနုန်းတူးဖော်ခြင်း၊ မြစ်ကြောင်းချဲ့ထွင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်လိုအပ်မည်ဖြစ်ပြီး တွက်ချက်မှုများအရ အလျား ၁၉ မိုင်ခန့်၊ မြေကြီးကျင်း ၁၄ သိန်းကျော်ခန့် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

အဆိုပါလုပ်ငန်းများဆောင်ရွက်ပြီးစီးပါက မိုးရွာသွန်းမှုများပြားနိုင်သည့်ကာလများတွင် မြစ်ဘေး ဝဲယာရှိ ကျေးရွာများ၊ မြို့ပေါ်ရပ်ကွက်များ၊ စိုက်ပျိုးမြေများတွင် ဇော်ဂျီမြစ်ရေလျှံမှုကြောင့် ဖြစ်ပေါ်မည့် ရေကြီးနစ်မြုပ်မှုအန္တရာယ်ကို လျှော့နည်းသက်သာစေမည်ဖြစ်ပါကြောင်း၊ ဆောင်ရွက်ရမည့် လုပ်ငန်းပမာဏများပြားခြင်းကြောင့် ဦးစားပေးအစီအစဉ်အရ အပိုင်းလိုက်လျာထားပြီး မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ထံမှ ရန်ပုံငွေတင်ပြတောင်းခံပြီး ရန်ပုံငွေရရှိမှုပေါ်မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ဝေါမဲဆန္ဒနယ်မှ ဦးအောင်နိုင်၏ **ဝေါမြို့နယ်အတွင်းရှိ မိုးယွန်းကြီးရေလှောင်ကန်ကို ပုကိုင်တာနှင့်ထိစပ်နေသော မိုးယွန်းကြီး-ဖွဲ့ဘက်တာ ၁၆/၅ မိုင်လိုင်းကာကျောက်ကြီးစီခြင်းလုပ်ငန်း ၁ ဒသမ ၇ မိုင် ဆောင်ရွက်ပြီးစီးပြီး ကျန် ၁၄/၈ မိုင်ကို ဆက်လက်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်က မိုးယွန်းကြီး-ဖွဲ့ဘက်တာသည် မိုးယွန်းကြီးရေလှောင်ကန်၏ ကန်ပတ်တာတစ်ခုဖြစ်ပြီး အလျား ၁၆ ဒသမ ၅ မိုင်ရှိပါကြောင်း၊ မိုးယွန်းကြီးရေလှောင်ကန်ကို ၁၈၇၈ ခုနှစ်တွင် တည်ဆောက်ပြီးစီးခဲ့ပြီး ရေဆင်းဧရိယာ စတုရန်းမိုင် ၆၀ ရှိပါကြောင်း၊ ၂၀၂၃ ခုနှစ် ပဲခူးခရိုင်တွင် ၆-၁၀-၂၀၂၃ ရက်မှ ၈-၁၀-၂၀၂၃ ရက်ထိ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မိုးယွန်းကြီး ရေလှောင်ကန်အတွင်းသို့ စီးဝင်သော ချောင်းများမှတစ်ဆင့် မိုးယွန်းကြီးကန်အတွင်း ရေဝင်ရောက်မှုများပြားခဲ့ပြီး လှိုင်းပုတ်ခတ်မှုဒဏ်တို့ကြောင့် မိုးယွန်းကြီး-ဖွဲ့ဘက်တာ၏ တာမိုင် ခုနစ်မိုင်မှ တာမိုင် ၇ မိုင် ၄ ဖာလုံအတွင်း၊ တာမိုင် ၈ မိုင် ၂ ဖာလုံမှ တာမိုင် ၁၂ မိုင်အတွင်းနှင့် တာမိုင် ၁၃ မိုင်မှ တာမိုင် ၁၅ မိုင်အတွင်းရှိ တာပေါင်များ ပွဲ့ကျပျက်စီးမှုများဖြစ်ပေါ်ခဲ့သဖြင့် ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ပြည်ထောင်စုအရေးပေါ် ရန်ပုံငွေ(ငွေလုံးငွေရင်း)ဖြင့် ဆောင်ရွက်ထားရှိပြီးဖြစ်သဖြင့် လတ်တလောစိုးရိမ်ရသည့် အခြေအနေတွင် မရှိပါကြောင်း။

မိုးယွန်းကြီး-ဖွဲ့ဘက်တာ၏ တာပေါင်အားနည်းသည့်အပိုင်းများကိုသာ ဦးစားပေး၍ လှိုင်းကာကျောက်ကြီးစီခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ခြင်းကြောင့် ယခုလက်ရှိအခြေအနေမှာ အလျား ပေ ၉၀၀၀ ဆောင်ရွက်ပြီးဖြစ်ပါကြောင်း၊ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ပြည်ထောင်စုရန်ပုံငွေ(ငွေလုံးငွေရင်း)ဖြင့် မိုးယွန်းကြီး-ဖွဲ့ဘက်တာ တာမိုင် ၁၅ မိုင် ၇ ဖာလုံမှ တာမိုင် ၁၆ မိုင် ၄ ဖာလုံ အတွင်း၊ အလျား ပေ ၇၅၀ ခန့်ကို လှိုင်းကာကျောက်ကြီးစီခြင်းနှင့် တာမိုင် လေးမိုင်မှ တာမိုင် ခုနစ်မိုင်အတွင်း တာပုံစံကျပြုပြင်ခြင်းတို့ကို ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ထပ်မံ၍ မိုးယွန်းကြီးကန် ရေရှည်တည်တံ့ခိုင်မြဲမှုရှိစေရန်အတွက် ရေလှိုင်းကာ ကျောက်ကြီးစီရန်လိုအပ်သောအပိုင်းများ အလျား ၅ ဒသမ ၃၅ မိုင်ကို ဆောင်ရွက်သွားရန် ဘဏ္ဍာနှစ်အလိုက် ရန်ပုံငွေ တင်ပြတောင်းခံသွားမည်ဖြစ်ပါကြောင်း၊ လှိုင်းဒဏ်ခံစားရသည့်အပိုင်းများကို ဦးစားပေးအခိုင်အမာကျောက်ကြီးစီခြင်းလုပ်ငန်းဆောင်ရွက်နိုင်ရန် ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ် ပြည်ထောင်စုရန်ပုံငွေ သို့မဟုတ် အခြားသင့်လျော်ရာ ရန်ပုံငွေမှာတင်ပြပြီး ရန်ပုံငွေရရှိမှုအပေါ်မူတည်ကာ ဦးစားပေးအစီအစဉ်လိုက် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

သဲကုန်းမဲဆန္ဒနယ်မှ ဒေါ်ဥမ္မာမိုမိုဇော်၏ **သဲကုန်းမြို့နယ်၌ ချောင်းမြောင်းတူးဖော်ရာတွင် အခက်အခဲများကြုံတွေ့ရပါသဖြင့် ရန်ပုံငွေလုံလောက်စွာချမှတ်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်က အင်းမအင်းသည် သဲကုန်းမြို့နယ်၏ အနောက်တောင်ဘက် ၂ ဒသမ ၅ မိုင်အကွာတွင်တည်ရှိပြီး အင်းမအင်းအတွင်း ဂရန်အင်း ၂၇ အင်းရှိပြီး ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနအနေဖြင့် အင်းမအင်းအတွင်း အဓိကစီးဝင်သည့် အရှေ့ဘက် ပင်မရေလမ်းကြောင်း အလျား ၄ ဒသမ ၇၉ မိုင်၊ အကျယ် ၇၅ ပေနှင့် အနောက်ဘက် ပင်မရေလမ်းကြောင်း အလျား ၂ ဒသမ ၆၄ မိုင်၊ အကျယ် ၇၅ ပေ ရေလမ်းကြောင်း နှစ်ခုကို တာဝန်ယူထိန်းသိမ်းလျက်ရှိပါကြောင်း။

ဌာနအနေဖြင့် အင်းမအင်း ပင်မရေလမ်းကြောင်းများ ရေစီးရေလာကောင်းမွန်စေရန်နှင့် စိုက်ပျိုးမြေများ ရေကြီးနစ်မြုပ်မှု လျှော့နည်းစေရန်အတွက် မြေတူးစက်(Back Hoe On Pontoon)ဖြင့် ရေလမ်းကြောင်း တူးဖော်ရှင်းလင်းခြင်း၊ အင်းနှင့်ဆက်စပ်လျက်ရှိသော ချောင်း၀များအတွင်းရှိ ဗေဒါဒိုက်ပင်များရှင်းလင်းခြင်းလုပ်ငန်းများကို ရန်ပုံငွေရရှိမှုအပေါ်မူတည်ပြီး ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေဖြင့် ၂၀၂၅ - ၂၀၂၆ ဘဏ္ဍာနှစ်တွင် အရှေ့ဘက် ပင်မရေလမ်းကြောင်း အလျား ၁ ဒသမ ၁ မိုင် တူးဖော်ရှင်းလင်းခြင်းလုပ်ငန်းကို ဆောင်ရွက်ပေးခဲ့ပြီး ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် အရှေ့ဘက် ပင်မရေလမ်းကြောင်း ၁ ဒသမ ၆၀ မိုင် တူးဖော်ရှင်းလင်းခြင်းလုပ်ငန်းကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ကျန်ရှိသောလုပ်ငန်းများကိုလည်း ၂၀၂၇ - ၂၀၂၈ ခုနှစ် တိုင်းဒေသကြီးရန်ပုံငွေ သို့မဟုတ် သင့်လျော်ရာရန်ပုံငွေတွင် ထည့်သွင်းတင်ပြတောင်းခံပြီး ရန်ပုံငွေရရှိမှုအပေါ် မူတည်၍ ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း။

သဲကုန်းမြို့နယ်အတွင်း မြစ်မခမြစ်မှာ အလျား ၇ ဒသမ ၂၀ မိုင် ရှည်လျားပြီး ယခုအခါ ၎င်းမြစ်ကွေ့များတွင် ပြန်လည်သောင်ထွန်းလာပါသဖြင့် မြစ်မခမြစ် မြစ်ကြောင်းဖြောင့်ခြင်း လုပ်ငန်းကို ၂၀၂၇ - ၂၀၂၈ ခုနှစ် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရန်ပုံငွေ သို့မဟုတ် သင့်လျော်ရာရန်ပုံငွေတွင် ထည့်သွင်းတင်ပြတောင်းခံကာ ရန်ပုံငွေရရှိမှုအပေါ် မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း။

၂၀၂၅-၂၀၂၆ ခုနှစ် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရန်ပုံငွေဖြင့် ကျေးလူးချောင်းနှင့် သဲဖြူချောင်းတူးဖော်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့ကြောင်း၊ ယခု ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင်လည်း ကင်းဒက်ချောင်း၊ ဈေးချောင်း၊ သိုက်တောမချောင်း၊ သဲကုန်းကြီးချောင်းနှင့် ရေဆိုးထုတ်ချောင်းတို့ကို တူးဖော်ပေါင်ဆင့်ခြင်းနှင့် လိုအပ်သောနေရာများတွင် တုတ်တန်းရိုက်ကာရံခြင်းလုပ်ငန်းများကို ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း။

သို့ဖြစ်ပါ၍ သဲကုန်းမြို့နယ်အတွင်းရှိ စပါး စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေးအတွက် ရေကြီးရေလျှံမှုများကြောင့် လယ်ဧကများစွာ ပျက်စီးဆုံးရှုံးမှုများ မဖြစ်ပေါ်စေရေးအတွက် အင်းမအင်း ရေဝင်ချောင်းများ တူးဖော်ပေါင်ဆင့်ခြင်း၊ အထွက်ရေလမ်းကြောင်း ရှင်းလင်းခြင်း၊ လိုအပ်သည့်နေရာများတွင် တုတ်တန်းရိုက်ကာရံခြင်းလုပ်ငန်းများနှင့် ရေစီးထွက်မှုကောင်းစေရန်အတွက် မြစ်မခမြစ် မြစ်ကြောင်းဖြောင့်ခြင်း လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေ သို့မဟုတ် သင့်လျော်ရာရန်ပုံငွေတွင် ဦးစားပေးအစီအစဉ်ဖြင့် ရန်ပုံငွေပိုမိုရရှိရေး လျာထားတင်ပြသွားမည်ဖြစ်ပြီး ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

နမ့်စန်မဲဆန္ဒနယ်မှ ဦးငွေးလွင် ခေါ် ဦးဒီလုံး၏ **နမ့်စန်မြို့နယ် ဟိုင်းနားကြီးကျေးရွာအုပ်စု နားရိုင်းလမ်းမကြီးရှိ ၃၃ ကေဗွီ ဓာတ်အားလိုင်းမှ နောင်ခမ်း-နောင်ခါး-နမ့်စမ်(နမ့်ဟူးမိုင်)- နောင်ဒေးကျေးရွာများထိ ၃၃ ကေဗွီ ဓာတ်အားလိုင်း ၇ မိုင်နှင့် ၃၃/၀ ဒသမ ၄ ကေဗွီ ထရန်စဖော်မာ လေးလုံးတည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့် စပ်လျဉ်း၍ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကျော်က ရှမ်းပြည်နယ် နမ့်စန်ခရိုင် နမ့်စန်မြို့နယ် ဟိုင်းနားကြီးကျေးရွာအုပ်စု နောင်ခမ်းကျေးရွာ၊ နောင်ခါးကျေးရွာ၊ နမ့်စမ်(နမ့်ဟူးမိုင်)နှင့် နောင်ဒေးကျေးရွာများ ဓာတ်အားရရှိရေးအတွက် နမ့်စန်-နားရိုင်း ၃၃ ကေဗွီ ဓာတ်အားလိုင်းမှ ၃၃/၀ ဒသမ ၄ ကေဗွီ ထရန်စဖော်မာဖြင့် ဓာတ်အားရရှိပြီးဖြစ်သည့် နောင်ခမ်းကျေးရွာ ကေဗွီအေ ၁၀၀ ထရန်စဖော်မာတစ်လုံး တည်ဆောက်ခြင်းအတွက် ခန့်မှန်းကုန်ကျစရိတ် ငွေကျပ် ၇၉၆ ဒသမ ၀၀၀ သန်း၊ နောင်ခါးကျေးရွာ ကေဗွီအေ ၁၀၀ ထရန်စဖော်မာ တစ်လုံး တည်ဆောက်ခြင်းအတွက် ခန့်မှန်းကုန်ကျစရိတ် ငွေကျပ် ၅၈၅ ဒသမ ၇၀၀ သန်း၊ နမ့်စမ်(နားဟူးမိုင်)ကျေးရွာ ကေဗွီအေ ၂၀၀ ထရန်စဖော်မာ တစ်လုံး တည်ဆောက်ခြင်းအတွက် ခန့်မှန်းကုန်ကျစရိတ် ငွေကျပ် ၈၈၁ ဒသမ ၁၀၀ သန်းနှင့် နောင်ဒေးကျေးရွာ ကေဗွီအေ ၂၀၀ ထရန်စဖော်မာတစ်လုံးတည်ဆောက်ခြင်းအတွက် ခန့်မှန်းကုန်ကျစရိတ် ငွေကျပ် ၅၆၅ ဒသမ ၆၅၀ သန်း ကုန်ကျမည်ဖြစ်ပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ငွေလုံးငွေရင်း အသုံးစရိတ်ရန်ပုံငွေဖြင့် ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်မှစ၍ ဘဏ္ဍာနှစ်အလိုက် ထည့်သွင်း လျာထားပေးမည်ဖြစ်ပြီး ဘဏ္ဍာငွေခွင့်ပြုရရှိမှုအပေါ် မူတည်၍ ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

သာပေါင်းမဲဆန္ဒနယ်မှ ဦးမောင်မောင်စိုး၏ **သာပေါင်းမြို့နယ် ငှက်ပျောတော၊ မဲဇလီကွင်းပေါက်၊ ဆင်လမ်းနှင့်သပြေကုန်းကျေးရွာအုပ်စုတို့တွင် လျှပ်စစ်မီးရရှိနိုင်ရေးဆောင်ရွက်ပေးနိုင်ခြင်း ရှိ၊ မရှိ၊ မရှိပါက ဆိုလာမီးကဲ့သို့ ရရှိနိုင်ရေးအတွက် ဘဏ္ဍာနှစ်များတွင် ဆောင်ရွက်ပေးနိုင်ခြင်း ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးအေးကျော်က သာပေါင်းမြို့နယ် ငှက်ပျောတောကျေးရွာအုပ်စု၊ မဲဇလီကွင်းပေါက်ကျေးရွာအုပ်စု၊ ဆင်လမ်းကျေးရွာအုပ်စုနှင့် သပြေကုန်းကျေးရွာအုပ်စုများ လျှပ်စစ်မီးရရှိနိုင်ရေးအတွက် လက်ရှိ ဓာတ်အားဖြန့်ဖြူးပေးလျက်ရှိသည့် ၃၃/၁၁ ကေဗွီ၊ ၅ အမ်ဗွီအေ ဘဲဂရက်ဓာတ်အားခွဲရုံ၏ ၁၁ ကေဗွီ ဒါးကဖီဒါမှ ၁၁ ကေဗွီ ဓာတ်အားလိုင်း ပေ ၁၅၈၂၀၊ ၂ ဒသမ ၉၉၇ မိုင်၊ ၁၁/၀ ဒသမ ၄ ကေဗွီ၊ ကေဗွီအေ ၂၀၀ ထရန်စဖော်မာ သုံးလုံးနှင့် ၁၁/၀ ဒသမ ၄ ကေဗွီ၊ ကေဗွီ ၁၀၀ ထရန်စဖော်မာ တစ်လုံး တည်ဆောက်ခြင်း လုပ်ငန်းများအတွက် ခန့်မှန်းကုန်ကျငွေ စုစုပေါင်းငွေကျပ် ၈၄၅ ဒသမ ၃၇၅ သန်းကို ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ငွေလုံးငွေရင်းအသုံးစရိတ်တွင် ထည့်သွင်းလျာထားပေးမည်ဖြစ်ပြီး ဘဏ္ဍာငွေရရှိမှုအပေါ်မူတည်၍ အကောင်အထည်ဖော်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်းနှင့် ကျေးရွာတွင်း ဗို့ ၄၀၀ လိုင်း တည်ဆောက်ခြင်းလုပ်ငန်းများကို သက်ဆိုင်ရာကျေးရွာများမှ ကိုယ့်အားကိုယ်ကိုးဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ပူတာအိုမဲဆန္ဒနယ်မှ ဦးရားနီ၏ **ပူတာအိုမြို့တွင်း ပြည်ထောင်စုလမ်းမကြီးပေါ်ရှိ ကတ္တရာလမ်းဘေးဝဲယာ၌ တပ်ဆင်ရန် ဆိုလာမီးသီး ၃၅၀ နှင့် ဆက်စပ်ပစ္စည်းများရရှိနိုင်ရေး လမ်းညွှန်မှာကြားချက်ကို ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးအေးကျော်က ပူတာအိုမြို့နယ် မူလာရှီးဒီရပ်ကွက်မှ ဟိုခိုရပ်ကွက်ထိ အရှည် ၈ ဒသမ ၇ မိုင်ရှိသော ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် မူလရှိပြီး ဓာတ်တိုင်များအပေါ်တွင် ဆိုလာမီးလုံး ၃၀၃ လုံးကို တပ်ဆင်ရမည်ဖြစ်ပြီး ဓာတ်တိုင်မရှိသော နေရာများတွင် လမ်းမီးတိုင်နှင့် ဆိုလာမီးလုံးတွဲလျက် ၄၇ စုံကို တပ်ဆင်ရမည်ဖြစ်ပါကြောင်း၊ ဆိုလာမီးလုံး အလုံး ၃၅၀ နှင့် Street Light Single Arm Pole ၄၇ တိုင် တပ်ဆင်ခြင်းလုပ်ငန်းအတွက် ခန့်မှန်းကုန်ကျငွေကျပ် ၃၄၆ ဒသမ ၃၅၀ သန်းကို ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ကချင်ပြည်နယ်အစိုးရအဖွဲ့၏ ဖြည့်စွက်ရန်ပုံငွေ (RE) သို့မဟုတ် အထွေထွေပိုလျှံရန်ပုံငွေ(GRF)တွင် ထည့်သွင်းလျာထားသွားမည်ဖြစ်ပါကြောင်းနှင့် ရန်ပုံငွေရရှိမှုအခြေအနေပေါ် မူတည်၍ အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ချမ်းအေးသာစံ မဲဆန္ဒနယ်မှ ဒေါ်မြင့်မြင့်ဌေး၏ **ချမ်းအေးသာစံမြို့နယ် ကန္တနမဟီရပ်ကွက် ၇၆ လမ်း ၃၀ x ၃၅ လမ်းတစ်လျှောက်တွင် လျှပ်စစ်မီးလင်းရေး၊ ၇၇ လမ်း ၂၆ x ၃၅ လမ်းတစ်လျှောက်တွင် ထပ်ပိုးလမ်းခင်းပြုပြင်ရန်နှင့် မီးလင်းရေးတို့အတွက် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးအေးကျော်က မန္တလေးတိုင်းဒေသကြီး စည်ပင်သာယာရေး နယ်နိမိတ်အတွင်းရှိ မဟာအောင်မြေခရိုင် ချမ်းအေးသာစံမြို့နယ် ကန္တနမဟီရပ်ကွက် ၇၆ လမ်း ၃၀ x ၃၅ လမ်းတစ်လျှောက်တွင် လျှပ်စစ်မီးလင်းရေးအတွက် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီက ကွင်းဆင်းစစ်ဆေးခဲ့ရာ လမ်းမီးတိုင် ၃၁ တိုင်၊ မီးလုံး ၃၁ လုံးရှိရာ အခန်း ၂၂ ခန်း၊ မီးကြိုးအရှည် ၁၃၄၁ မီတာ၊ လမ်းမီးပုံးအတွင်းရှိ Breaker၊ Timer နှင့် Relay များပျောက်ဆုံးနေကြောင်း စစ်ဆေးတွေ့ရှိရပြီး အလားတူ ၇၇ လမ်း ၂၆ x ၃၅ လမ်းတစ်လျှောက်တွင်လည်း လမ်းမီးတိုင် ၄၇ တိုင်၊ မီးလုံး ၄၇ လုံးရှိရာ အခန်း ၃၉ ခန်း၊ မီးကြိုးအရှည် ၂၃၇၈ မီတာ၊ လမ်းမီးပုံးအတွင်းရှိ Breaker၊ Timer နှင့် Relay များ ပျောက်ဆုံးနေကြောင်း စစ်ဆေးတွေ့ရှိရပါကြောင်း။

အဆိုပါလမ်းမီးများကို မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီအနေဖြင့် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်အတွင်း ဦးစားပေးပြုပြင်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် ၇၇ လမ်း၊ ၃၃ နှင့် ၃၅ လမ်းအပိုင်းမှာ နိုင်လွန်ကတ္တရာလမ်းဖြစ်ပြီး လမ်းသားကောင်းမွန်မှုရှိ၍ ၂၆ နှင့် ၃၃ လမ်းအပိုင်းမှာ ရိုးရိုးကတ္တရာလမ်းဖြစ်ပြီး အချို့နေရာများတွင် အပေါ်ယံကတ္တရာအလွှာများပျက်စီးနေခြင်းကို ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်တွင် ဘဏ္ဍာငွေရရှိမှုအပေါ်မူတည်၍ ထည့်သွင်းလျာထားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

အုတ်တွင်းမဲဆန္ဒနယ်မှ ဦးဝင်းမြင့်၏ **ကျွဲပွဲမြို့မှ ၃၃/၁၁ ကေဗွီ (၅) အမ်ဗွီအေ လျှပ်စစ်ဓာတ်အားခွဲရုံကို ၃၃/၁၁ ကေဗွီ (၁၀) အမ်ဗွီအေအဖြစ်သို့ အဆင့်မြှင့်တင်ရန် အစီအစဉ် ရှိ၊ မရှိနှင့် ရှိပါက မည်သည့် ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်းမေးခွန်း**နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးအေးကျော်က ပဲခူးတိုင်းဒေသကြီးအရှေ့ အုတ်တွင်းမြို့နယ် ကျွဲပွဲမြို့ရှိ ၃၃/၁၁ ကေဗွီ၊ ငါးအမ်ဗွီအေ ဓာတ်အားခွဲရုံမှ ကျွဲပွဲမြို့ပေါ်ရပ်ကွက် ငါးရပ်ကွက်နှင့် ကျေးရွာ ၆၆ ရွာရှိ အိမ်ထောင်စု ၇၇၆၀ တို့ကို ဓာတ်အားဖြန့်ဖြူးပေးလျက်ရှိရာ အမြင့်ဆုံးသုံးစွဲဝန်အားမှာ ၃ ဒသမ ၂ မဂ္ဂါဝပ် (တပ်ဆင်အင်အား၏ ၈၀ ရာခိုင်နှုန်းခန့်) သုံးစွဲလျက်ရှိပြီး ကျေးရွာ ၂၉ ရွာကို ထပ်မံဓာတ်အားဖြန့်ဖြူးပေးရန် ကျန်ရှိနေသေးပါကြောင်း။

သို့ဖြစ်ပါ၍ ကျွဲပွဲမြို့ပေါ်ရပ်ကွက်များ၊ မီးလင်းပြီးဖြစ်သော ကျေးရွာများနှင့် မီးလင်းရန်ကျန်ရှိသော ကျေးရွာ ၂၉ ရွာတို့ကို တိုးချဲ့ဓာတ်အားဖြန့်ဖြူးပေးနိုင်ရန်အတွက် ၃၃/၁၁ ကေဗွီ၊ ငါးအမ်ဗွီအေ ဓာတ်အားခွဲရုံမှ ၁၀ အမ်ဗွီအေဓာတ်အားခွဲရုံသို့ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းအတွက် ခန့်မှန်းကုန်ကျငွေကျပ် ၃၇၄၂ ဒသမ ၄၇ သန်းကို ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ် ပြည်ထောင်စုရန်ပုံငွေတွင် ထည့်သွင်းလျာထားသွားမည် ဖြစ်ပါကြောင်းနှင့် ဘဏ္ဍာငွေရရှိမှုအပေါ်မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၇ ရက်မြောက်နေ့ကိုရပ်နားလိုက်ပြီး အစည်းအဝေး ၁၈ ရက်မြောက်နေ့ကို ဇူလိုင် ၃ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# နိုင်ငံတော်သမ္မတရုံး၏ သတင်းစာရှင်းလင်းပွဲ ကျင်းပ

**နေပြည်တော် ဇူလိုင် ၁**

နိုင်ငံတော်သမ္မတရုံး၏ သတင်းစာရှင်းလင်းပွဲကို ဇွန် ၃၀ ရက် မွန်းလွဲပိုင်းတွင် နိုင်ငံတော်သမ္မတရုံး ဘက်စုံသုံးခန်းမ၌ ကျင်းပရာ နိုင်ငံတော်သမ္မတရုံး ပြောရေးဆိုခွင့်ရှိသူ ဒုတိယဝန်ကြီး ဒေါက်တာ ခိုင်ခိုင်စိုးက နိုင်ငံတော်သမ္မတ၏ အိန္ဒိယနိုင်ငံနှင့် တရုတ်နိုင်ငံ ခရီးစဉ်များအတွင်း ဆောင်ရွက်ချက်များ၊ အစိုးရ၏ ရက် ၁၀၀ စီမံချက်အတွင်း ဆောင်ရွက်နေမှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။



နိုင်ငံတော်သမ္မတရုံး၏ သတင်းစာရှင်းလင်းပွဲ ကျင်းပစဉ်။(၃၀-၆-၂၀၂၆)

ဆက်လက်၍ တက်ရောက်လာသည့် ပြည်တွင်း၊ ပြည်ပသတင်းဌာနများမှ မေးမြန်းသည့် မေးခွန်းများကို နိုင်ငံတော်သမ္မတရုံး ပြောရေးဆိုခွင့်ရှိသူက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည် -

**ယမန်နေ့မှ အဆက်**

**One News Channel မှ သတင်းထောက် ဦးကျော်လွင်**၏ နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်မှု ကဏ္ဍများနှင့် စပ်လျဉ်းသည့်မေးခွန်းကို ဖြေကြားရာတွင် တရုတ်နှင့် အိန္ဒိယနိုင်ငံတို့သို့ ချစ်ကြည်ရေးခရီးစဉ်များ သွားရောက်ခဲ့ပြီးဖြစ်ကြောင်း၊ မကြာမီ လာအိုနိုင်ငံသို့ နိုင်ငံတော်သမ္မတကြီး သွားရောက်မည်ဖြစ်ကြောင်း၊ တရုတ်၊ အိန္ဒိယ၊ ထိုင်း၊ ဘင်္ဂလားဒေ့ရှ်၊ လာအို စသည့် အိမ်နီးချင်းနိုင်ငံများနှင့်လည်း ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ဆောင်ရွက်သွားလျက်ရှိကြောင်း။



One News Channel မှ သတင်းထောက် ဦးကျော်လွင် မေးမြန်းစဉ်။

မိမိတို့နိုင်ငံအနေဖြင့် ကုန်သွယ်ရေးကဏ္ဍတွင် ထိုင်းနိုင်ငံနှင့် ရေလမ်း၊ ကုန်းလမ်း၊ လေကြောင်းလမ်းတို့ဖြင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ပြင် အာဆီယံနိုင်ငံများနှင့်လည်း မူလအတိုင်း မိတ်ဝတ်မပျက်ဆက်ဆံရေးဖြင့် ပူးပေါင်းဆောင်ရွက်နေပါကြောင်း၊ နိုင်ငံအချို့က အထင်အမြင်လွဲမှားပြီး မိမိတို့နိုင်ငံအပေါ်တွင် ဆက်ဆံရေးပြောင်းလဲခဲ့ကြောင်း၊ မိမိတို့ဘက်က အလုပ်ဖြင့် သက်သေပြနေကြောင်း၊ ရွေးကောက်ပွဲကျင်းပခဲ့ပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ လုပ်ဆောင်ရမည့် လုပ်ငန်းစဉ်အားလုံးကို တစိုက်မတ်မတ် ဆောင်ရွက်လျက်ရှိပါကြောင်း။

နောက်တစ်ခုမှာ ဘင်းမ်စတက်ဖြစ်ပြီး ဘင်းမ်စတက်အတွင်းရေးမှူးချုပ်လာရောက်တွေ့ဆုံ၍ မြန်မာနိုင်ငံသည် ဘင်းမ်စတက်တွင် အတက်ကြွဆုံး နံပါတ် (၁) နိုင်ငံဟု ပြောသွားပါကြောင်း၊ နောက်ခြောက်လအကြာတွင် မိမိတို့နိုင်ငံသည် ဘင်းမ်စတက်အတွင်းရေးမှူးချုပ် တာဝန်ယူရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် BIM-STEC တွင် ပါဝင်သည့် အနောက်ခြမ်းနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ၎င်းပြောကြားသွားသည့် နံပါတ် (၁)အခန်းကဏ္ဍကိုလည်း ဆက်လက်ထိန်းသိမ်းပြီး အတွင်းရေးမှူးချုပ် တာဝန်ယူရမည်ဖြစ်သည့်အတွက် ယခင်ထက်ပိုပြီး တက်တက်ကြွကြွ ပါဝင်လှုပ်ရှားဦးဆောင်နိုင်သည့် အနေအထားမျိုးဖြစ်ကြောင်း။

မြန်မာနိုင်ငံအတွက် ဘယ်လောက်ထိ အခွင့်အလမ်းတွေရှိမလဲ ဆိုသည့်ဆက်စပ်မေးခွန်းနှင့်စပ်လျဉ်း၍ မိမိတို့နိုင်ငံအနေဖြင့် ဘင်းမ်စတက်နှင့် ဆက်ဆံရေးကောင်းမွန်ပါကြောင်း၊ ပူးပေါင်းဆောင်ရွက်မှုများလည်း လုပ်ဆောင်နေကြောင်း၊ အာဆီယံနိုင်ငံများအနေဖြင့် နိုင်ငံတော်သမ္မတအဖြစ် ကျမ်းသစ္စာကျိန်ဆိုသည့်နေ့တွင် အာဆီယံ ၁၀ နိုင်ငံအနက် ငါးနိုင်ငံက ဂုဏ်ပြုသဝဏ်လွှာပေးပို့ခဲ့ပါကြောင်း၊ အလားတူ နိုင်ငံတော်အစိုးရသစ်ကာလတွင် အာဆီယံနိုင်ငံ အချို့မှ လာရောက်တွေ့ဆုံပြီး ဆွေးနွေးခဲ့သည့် အကြောင်းအရာများအနက် ထုတ်ပြန်၍ရသည့် အကြောင်းအရာများကို သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်ပါကြောင်း၊ မည်သို့ပင်ဆိုစေ မိမိတို့နိုင်ငံကို လာရောက်တွေ့ဆုံခြင်းသည် ဆက်ဆံရေးမျက်နှာစာသစ်ဖွင့်ရန် ပြန်လည်စဉ်းစားနေသည့် အနေအထားမျိုးဖြစ်သည်ကို ခန့်မှန်းတွက်ချက်နိုင်ပါကြောင်း ဖြေကြားသည်။

**KS News Media အယ်ဒီတာ ဦးကျော်စွာမြင့်**၏ အစိုးရ၏ ရက် ၁၀၀ စီမံချက်အတွင်း အခြေခံဆင်းရဲမှုလျှော့ချရေးနှင့် အခြေခံလူတန်းစားမြှင့်တင်ရေးအတွက် စီမံချက်များ ရှိ၊ မရှိနှင့် ရှိပါက အကြမ်းဖျင်းစီမံချက်များကို ရှင်းပြပေးစေလိုကြောင်းနှင့် စပ်လျဉ်း၍ ဖြေကြားရာတွင် မိမိတို့နိုင်ငံသည် ဖွံ့ဖြိုးဆဲနိုင်ငံဖြစ်ပြီး ဆင်းရဲမှုနှုန်းမှာ မြင့်မားနေဆဲဖြစ်ပါကြောင်း၊ ထို့ကြောင့် ဆင်းရဲမှုလျှော့ချရန်ဆိုသည့် ကိစ္စကို မိမိတို့အစိုးရလက်ထက်တွင်သာ မဟုတ်ဘဲ အစိုးရအဆက်ဆက် ဆောင်ရွက်ခဲ့ပါကြောင်း၊ ယခုအစိုးရလက်ထက်စပြီး တာဝန်ယူသည့်အချိန်၌ အမျိုးသားရေးရည်မှန်းချက်နှစ်ရပ်ဖြစ်သည့် စားရေရိက္ခာဖူလုံရေး၊ တိုင်းပြည် သာယာဝပြောရေးကို တစိုက်မတ်မတ် ဦးစားပေးဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်ရသည့်



KS News Media မှ အယ်ဒီတာ ဦးကျော်စွာမြင့် မေးမြန်းစဉ်။

အကြောင်းရင်းမှာ မိမိတို့နိုင်ငံသည် မြို့ပြတွင်နေထိုင်သူ ၃၀ ရာခိုင်နှုန်းသာရှိပြီး ကျေးလက်တွင် နေထိုင်သူက ၇၀ ရာခိုင်နှုန်းရှိပါကြောင်း၊ ကျေးလက်တွင်နေသည့် လူအများစုမှာ ဆင်းရဲပြီး စိုက်ပျိုးမွေးမြူရေးကိုသာ အဓိကထားလုပ်ကိုင်ကြပါကြောင်း။

နိုင်ငံတော်သမ္မတကြီးက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ရာတွင် စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍ၌ စိုက်ပျိုးမြေများ အလုံအလောက်ရှိသည့်အတွက် လက်ရှိစိုက်ပျိုးနေသည့် စိုက်ပျိုးမြေများတွင် သီးနှံအထွက်နှုန်းတိုးရန် သက်ဆိုင်ရာဝန်ကြီးဌာနများကို တွန်းအားပေး ဆောင်ရွက်လျက်ရှိပါကြောင်း၊ တရုတ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့ကိုသွားသည့် ရည်ရွယ်ချက်များအနက် စိုက်ပျိုးမွေးမြူရေးကဏ္ဍ မြှင့်တင်ရန်၊ ခေတ်မီနည်းပညာများ၊ AI သုံးပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ရန်ဆိုသည့် ရည်ရွယ်ချက်လည်း ပါဝင်ပါကြောင်း၊ မိမိတို့နိုင်ငံမှ အခြေခံလူတန်းစားများ၊ တောင်သူလယ်သမားများ၏ ဘဝမြှင့်တင်ရေးအတွက် အထွက်နှုန်းကောင်းမွန်ရန် ဆောင်ရွက်လျက်ရှိကြောင်း။

စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် ထွက်ရှိလာသည့် ကုန်ပစ္စည်းများ ဈေးကောင်းရရှိရန်၊ အရည်အသွေးပြည့်မီရန်၊ တန်ဖိုးမြင့်ထုတ်ကုန်များဖြစ်စေရန် တစ်ဆင့်ပြီးတစ်ဆင့် ဆောင်ရွက်လျက်ရှိကြောင်း၊ MSME လုပ်ငန်းများသည် ဖွံ့ဖြိုးဆဲနိုင်ငံများ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် မရှိမဖြစ်လိုအပ်ကြောင်း၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရန် MSME လုပ်ငန်းကို ပစ်ပယ်၍မရကြောင်း၊ MSME သည် ကျေးလက်ဒေသမှ ထွက်ရှိသည့် စိုက်ပျိုးမွေးမြူရေးအခြေခံပစ္စည်းများကိုအသုံးပြုပြီး ဆောင်ရွက်ရခြင်းဖြစ်သည့်အတွက် ကျေးလက်နေပြည်သူများ၊ ဆင်းရဲသူများ လူမှုဘဝမြှင့်တင်ရေးလုပ်ငန်းစဉ်များထဲမှ တစ်ခုဖြစ်ကြောင်း၊ ယခုအချိန်တွင် MSME ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်လျက်ရှိပြီး ဆက်လက်တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

ထို့ပြင် နိုင်ငံတော်သမ္မတကြီးက မြန်မာနိုင်ငံကို ကမ္ဘာ့စားနပ်ရိက္ခာ အဓိကဖြည့်ဆည်းတင်ပို့ပေးနိုင်သည့် နိုင်ငံဖြစ်ရမည်ဆိုသည့် မူဝါဒချမှတ်ပေးခဲ့ပြီး ယင်းမူဝါဒအတိုင်း ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုမူဝါဒကို အပြည့်အဝအကောင်အထည်ဖော်နိုင်ပါက ဆင်းရဲမှုကို မိမိတို့အမြစ်ပြတ်တိုက်ထုတ်နိုင်သည့် အနေအထားကို ရောက်ရှိလာမည်ဖြစ်ကြောင်း ဖြေကြားသည်။

**Skynet Media မှ သတင်းထောက် ဦးမြင့်ဇော်**၏ လက်ရှိ ပြည်တွင်းငြိမ်းချမ်းရေးနှင့်ပတ်သက်ပြီး မည်သည့်အခြေအနေကိုရောက်ရှိနေသည်၊ မည်မျှမျှော်လင့်နိုင်မည်ကို သိရှိလိုခြင်းမေးခွန်းနှင့်စပ်လျဉ်း၍ ဖြေကြားရာတွင် ပြည်တွင်းငြိမ်းချမ်းရေးနှင့်ပတ်သက်ပြီး ဗိုလ်ချုပ်ကြီးရာပြည့် ဦးဆောင်သည့်အဖွဲ့က ဆွေးနွေးမှုများ အဆက်မပြတ် လုပ်ဆောင်နေပါကြောင်း၊ NCA ထိုးပြီးသည့်အဖွဲ့များ၊ NCA မထိုးရသေးသောအဖွဲ့များနှင့် ဆွေးနွေးနေပါကြောင်း၊ မကြာသေးမီက မိုင်းလား



Skynet Media မှ သတင်းထောက် ဦးမြင့်ဇော် မေးမြန်းစဉ်။

နှင့်“ဝ”ဒေသကို သွားခဲ့ပါကြောင်း၊ NDAA နှင့် “ဝ”အဖွဲ့များနှင့် ဆွေးနွေးခဲ့ပါကြောင်း၊ ဆွေးနွေးသည့်အထဲတွင် ပညာရေး၊ ကျန်းမာရေးကဏ္ဍများပါသကဲ့သို့ ကလေးများ ကျောင်းပြန်တက်နိုင်ရေးကိစ္စလည်း ပါပါကြောင်း။

ဆရာ၊ ဆရာမများ ခန့်ထားရေး၊ ငြိမ်းချမ်းရေးကိစ္စများကို ဆွေးနွေးခဲ့ပါကြောင်း၊ “ဝ” အဖွဲ့နှင့် ဆွေးနွေးစဉ် ၎င်းတို့က နိုင်ငံရေးအခင်းအကျင်းကို ယခုထက်ပိုပြီး ကောင်းမွန်သည့်အခင်းအကျင်းဖြစ်ရန်အတွက် သူတို့လည်း ဝိုင်းဝန်းပါဝင်ပြီး ဆောင်ရွက်သွားမည်၊ ယခုထက်ပိုပြီး ကောင်းမွန်သောအခင်းအကျင်းဖြစ်အောင် လုပ်သွားမည်ဆိုသည့် ရည်မှန်းချက်ဖြင့် ဆွေးနွေးခဲ့ပါကြောင်း၊ “ဝ”နှင့် မိုင်းလားကိုသွားခဲ့သော ခရီးစဉ်မှာ ရလဒ်ကောင်းများရခဲ့သည်ဟု သိရပါကြောင်း၊ ရှေ့ဆက်ပြီးလည်း ဆွေးနွေးမှုများ လုပ်သွားမည်ဖြစ်ပါကြောင်း။

လက်ရှိ တိုက်ပွဲဖြစ်နေသည့် အဖွဲ့များကိုလည်း နိုင်ငံတော်သမ္မတကြီးက ငြိမ်းချမ်းရေးအတွက် ဖိတ်ခေါ်ထားပါကြောင်း၊ ရက် ၁၀၀ ဆိုတော့ ရက် ၁၀၀ အတွင်းမှာ ပြီးပြီလားစသည်ဖြင့် ရေးနေ၊ ပြောနေတာတွေ့ရှိပါကြောင်း၊ ငြိမ်းချမ်းရေးနှင့်ပတ်သက်ပြီး ဘာကြိုတင်ကန့်သတ်ချက်မှမရှိပါကြောင်း၊ ငြိမ်းချမ်းရေးလိုချင်လျှင် လာခဲ့ပါ၊ အပြည့်အဝဆွေးနွေးမည်ဖြစ်ပါကြောင်း၊ ရက် ၁၀၀ အတွင်းသာ မဟုတ်ဘဲ ရက် ၁၀၀ ကျော်သွားလျှင်လည်း ဆွေးနွေးမည်ဖြစ်ပါကြောင်း၊ အချိန်မရွေး လာခဲ့ပါ၊ တံခါးဖွင့်ထားတယ်၊ ကမ်းလှမ်းကြိုဆိုပါတယ်ဆိုပြီး နိုင်ငံတော်သမ္မတကြီး၏ အသံကိုပါ မိမိတို့၏ PPIB website ၌ တင်ထားပါကြောင်း၊ အသံကို ကိုယ်တိုင် နားထောင်ကြည့်နိုင်ပါကြောင်း။

ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ နံပါတ် (၁)ပါဆိုပြီး နိုင်ငံတော်သမ္မတကြီး ပြောထားပါကြောင်း၊ ယခုအစိုးရလက်ထက်မှာ ပထမဦးဆုံး စလုပ်သည်မှာ ငြိမ်းချမ်းရေးဖြစ်ပြီး ရက် ၁၀၀ အတွင်း အောင်မြင်အောင်လုပ်မည်၊ ရက် ၁၀၀ ကျော်သွားလျှင်လည်း ဆက်ပြီး ငြိမ်းချမ်းရေးလိုချင်သူ မည်သူမဆိုလာခဲ့ပါ၊ တံခါးဖွင့်ကမ်းလှမ်းကြိုဆိုပါတယ်ဟု ပြောထားတာရှိပါကြောင်း ဖြေကြားသည်။

**အမိမြေသစ္စာ သတင်းစုံဂျာနယ်မှ သတင်းထောက် ဦးစောမျိုးအောင်**၏ လက်ရှိ နိုင်ငံတော်အစိုးရက နိုင်ငံရေးပြစ်ဒဏ်ကျသူများကို လွတ်ငြိမ်းချမ်းသာခွင့်ပေးခြင်း၊ အကြမ်းဖက်အမည်ခံ PDF များကို ဥပဒေဘောင်အတွင်း လက်တွဲခေါ်ခြင်း၊ ပြည်တွင်းပြည်ပရှိ မတူကွဲပြားခဲ့သူအချို့ကိုလည်း



အမိမြေသစ္စာ သတင်းစုံဂျာနယ်မှ သတင်းထောက် ဦးစောမျိုးအောင် မေးမြန်းစဉ်။

စာမျက်နှာ ၂၁ သို့

စာမျက်နှာ ၂၀ မှအဆက်

ပြည်တွင်းကို ပြန်လည်ဖိတ်ခေါ်နေခြင်းရှိရာ ယင်းပုဂ္ဂိုလ်များ Black List စာရင်းတွင် ပါဝင်မှု ရှိ၊ မရှိ၊ အကယ်၍ Black List စာရင်းတွင်ပါဝင်နေပါက မည်သို့ပယ်ဖျက်ရန် ဆောင်ရွက်ရမည်ဆိုသည့် နည်းလမ်းကို သိရှိလိုခြင်းနှင့်စပ်လျဉ်း၍ ဖြေကြားရာတွင် လွတ်ငြိမ်းသက်သာခွင့်ဖြင့် ပြန်လည်လွတ်မြောက် လာသူများသည် ပြစ်ဒဏ်ကျခံပြီးဖြစ်သည့်အတွက် Black List စာရင်းတွင် ပါဝင်ခြင်း လုံးဝမရှိပါကြောင်း၊ သာမန်ပြည်သူဖြစ်သွားပြီဖြစ်ပါကြောင်း၊ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် PDF အဖွဲ့များသည်လည်း နိုင်ငံသား၊ ပြည်သူပြည်သားများဖြစ်သည့်အပြင် စာပေသင်ကြားရမည့် သားသမီး အရွယ်ကလေးများ ဖြစ်ပါကြောင်း၊ ၎င်းတို့ကိုလည်း Black List စာရင်းတွင် ထည့်သွင်းမထားပါကြောင်း၊ Black List သွင်းထားသည်မှာ သက်ဆိုင်ရာ ဌာန၊ အဖွဲ့အစည်းများမှ အကြောင်းအမျိုးမျိုးကြောင့် ဌာနကင်းကွာသွားသည့် ဝန်ထမ်းများ၊ နိုင်ငံတော်သို့ ငွေကြေးအကျေပြန်လည် မပေးဆပ်သူ စီးပွားရေးလုပ်ငန်းရှင်များကိုသာ သက်ဆိုင်ရာ ဌာန၊ အဖွဲ့အစည်းများက Black List ထည့်သွင်းထားပါကြောင်း။

ဌာနကင်းကွာ ဖြစ်သွားသူများအနေဖြင့် Black List တွင် ပါဝင်ခြင်းကို ဖြေလျှော့ပေးရန် သက်ဆိုင်ရာဌာနမှ တစ်ဆင့် လျှောက်ထားနိုင်ပါကြောင်း၊ သက်ဆိုင်သည့် ဌာန၊ သံရုံးများမှတစ်ဆင့် လျှောက်ထားနိုင်ပါကြောင်း၊ မိမိမှတ်မိသလောက် Black List ဖြေလျှော့ပေးသည့် အရေအတွက် ၇၀၀၀ ကျော် ရှိပြီဖြစ်ပါကြောင်း၊ ထို့ကြောင့် Black List တွင်ပါဝင်နေပါက ဖြေလျှော့ပေးရန် လျှောက်ထားနိုင်ပါကြောင်း၊ ဥပဒေကို ဆန့်ကျင်သည့် အခြေအနေမျိုးလုပ်ဆောင်ခြင်းမရှိဘဲ အကြောင်းအမျိုးမျိုးကြောင့် Black List တွင် ပါဝင်နေပါက လုပ်ငန်းစဉ်အတိုင်း ဖြေလျှော့ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

**Voice of Myanmar News – VOM မှ အယ်ဒီတာချုပ် ဦးနေမျိုးလင်း**၏ ရက် ၁၀၀ စီမံကိန်းအပါအဝင် နိုင်ငံတိုးတက်ပြောင်းလဲရေးအတွက် ရည်ရွယ်ချက်များ၊



Voice of Myanmar News – VOM မှ အယ်ဒီတာချုပ် ဦးနေမျိုးလင်း မေးမြန်းစဉ်။

ဦးတည်ချက်များနှင့် လုပ်ဆောင်နေကြသည်ကို တွေ့ရှိရပါကြောင်း၊ သို့သော် ပြည်တွင်းပဋိပက္ခကြောင့် ဖွံ့ဖြိုးမှုနောက်ကျရသည့်အတွက် ပြည်တွင်းပဋိပက္ခများ ပြေလည်စေရန် အတိုက်အခံဖြစ်နေသော အဖွဲ့အစည်းများ၊ တိုင်းရင်းသားခေါင်းဆောင်များ၊ ဒေါ်အောင်ဆန်းစုကြည်တို့လိုပုဂ္ဂိုလ်မျိုးကို လက်ရှိအစိုးရ၏ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်တွင် ပါဝင်ခွင့်ပေးဖို့ ဖိတ်ခေါ်သွားရန် အစီအစဉ် ရှိ၊ မရှိ မေးမြန်းမှုနှင့်စပ်လျဉ်း၍ ဖြေကြားရာတွင် EAO များနှင့်ပတ်သက်၍ ငြိမ်းချမ်းရေး ဖိတ်ခေါ်ထားပါကြောင်း၊ ငြိမ်းချမ်းရေးဆွေးနွေးပြီးလျှင်၊ သဘောတူညီချက်များရပြီးသွားလျှင် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ၎င်းတို့အနေဖြင့်လည်း မိမိတို့ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး၊ မိမိတို့လူမျိုး တိုးတက်ရေးအတွက် ရည်မှန်းချက်များထားပြီး လုပ်ဆောင်သွားမည်သာဖြစ်ပါကြောင်း၊ မိမိတို့သည် တစ်နိုင်ငံတည်းက နိုင်ငံသားများဖြစ်သည့်အတွက် အားလုံးပူးပေါင်းဆောင်ရွက်သွားကြမည်ဖြစ်ပါကြောင်း။

အတိုက်အခံဟု ပြောဆိုကြသော်လည်း အတိုက်အခံပါတီများသည် ရွေးကောက်ပွဲတွင် ပါဝင်ခဲ့ကြပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်ဖြစ်သူ၊ မဖြစ်သူ ရှိကြပါကြောင်း၊ အားလုံးအတူတူ ရှေ့ဆက်ပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျရာကဏ္ဍမှ ပူးပေါင်းပါဝင် ဆောင်ရွက်၍ ရပါကြောင်း။

ဒေါ်အောင်ဆန်းစုကြည်နှင့်ပတ်သက်၍ ဒေါ်အောင်ဆန်းစုကြည်သည် လက်ရှိတွင် ပြစ်ဒဏ်ကျခံနေရသူ ဖြစ်သည့်အတွက် ပြစ်ဒဏ်ကာလပြီးဆုံးပါက နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကိစ္စများတွင် ပါဝင်ဆောင်ရွက်ခွင့်ရမည်ဖြစ်ပါကြောင်း၊ မည်သည့် ပြဿနာ၊ မည်သည့်အခက်အခဲမျှ မရှိပါကြောင်း၊ နိုင်ငံသား ပြည်သူတစ်ယောက်အနေဖြင့် ပါဝင်ဆောင်ရွက်နိုင်ပါကြောင်း၊ ပြင်ပတွင် ပြောဆိုနေကြသကဲ့သို့ ဒေါ်အောင်ဆန်းစုကြည်သည် နိုင်ငံရေးပုဒ်မ၊ နိုင်ငံရေးပြစ်မှုတို့ဖြင့် အရေးယူခံထားရခြင်းမဟုတ်ပါကြောင်း၊ ပြစ်မှုဆိုင်ရာ ဥပဒေများနှင့် အရေးယူခံထားရခြင်းဖြစ်ပါကြောင်း၊ ထို့ကြောင့် ဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့်အညီ ဥပဒေဘောင်အတွင်းမှ ပြစ်ဒဏ်များ ကျခံပြီးသွားပါက ဖွံ့ဖြိုးရေးလုပ်ငန်းတွင် ပါဝင်နိုင်မည်ဖြစ်ပါကြောင်း ဖြေကြားသည်။

**NHK သတင်းဌာနမှ ဒေါ်ခင်မိုမိုမြင့်**၏ ဒေါ်အောင်ဆန်းစုကြည်၏ လက်ရှိကျန်းမာရေးအခြေအနေ၊ အာဆီယံအထူးကိုယ်စားလှယ်က တွေ့ခွင့်တောင်းထား



NHK သတင်းဌာနမှ ဒေါ်ခင်မိုမိုမြင့် မေးမြန်းစဉ်။

သည့် ကိစ္စ၊ ဇူလိုင်လတွင် ကျင်းပမည့် အာဆီယံနိုင်ငံခြားရေးဝန်ကြီး အစည်းအဝေးနှင့် နိုဝင်ဘာလတွင်ကျင်းပမည့် အာဆီယံ ထိပ်သီးအစည်းအဝေးတွင် မြန်မာနိုင်ငံ တက်ရောက်နိုင်မည့်အခြေအနေကို သိရှိလိုခြင်းမေးခွန်းနှင့်စပ်လျဉ်း၍ ဖြေကြားရာတွင် ဒေါ်အောင်ဆန်းစုကြည်၏ ကျန်းမာရေးအခြေအနေ အလွန်ကောင်းမွန်နေပါကြောင်း၊ ဘာမှ ပြဿနာမရှိပါကြောင်း၊ ဆေးစစ်ဆေးမှုများကိုလည်း ပုံမှန်ပြုလုပ်ပေးနေပါကြောင်း၊ အာဆီယံအထူးကိုယ်စားလှယ်က တွေ့ခွင့်တောင်းသည့် ကိစ္စနှင့်ပတ်သက်၍ ဒေါ်အောင်ဆန်းစုကြည်သည် ပြစ်မှုများဖြင့် ဥပဒေအရ အရေးယူခံထားရသည့် ပြစ်ဒဏ်ကျခံနေရသူ ဖြစ်ပါကြောင်း၊ ယင်းအတွက် နိုင်ငံတကာကိုယ်စားလှယ်များနှင့် တွေ့၍မရပါကြောင်း၊ ပြစ်ဒဏ်ကျခံပြီးသွားသည့် အချိန်ကျမှသာတွေ့ခွင့်ရကောင်းရနိုင်ပါကြောင်း၊ မိမိအနေဖြင့် အာဆီယံအစည်းအဝေးကို တက်မှာလားဆိုသည့် မေးခွန်းနှင့်စပ်လျဉ်း၍ ဖိတ်မှာလားဟု ပြန်မေးလိုပါကြောင်း၊ ဖိတ်ကြားပါက တက်ရောက်မည်ဖြစ်ပါကြောင်း၊ ၎င်းတို့အနေဖြင့် နောက်ပိုင်းတွင် အဆင့်ခွဲခြား၍ ဖိတ်ကြားမှုများရှိလာပါကြောင်း၊ သို့သော်လည်း မိမိတို့အနေဖြင့် ဒေသတွင်း၌ အာဆီယံနှင့် မိတ်ဝတ်မပျက် ဆက်ဆံရေးအတွက် လုံးဝတာဝန်မပျက်ကွက်ခဲ့ပါကြောင်း၊ အမြဲတမ်း တက်ရောက်ခဲ့ပါကြောင်း ဖြေကြားသည်။

**Nikkei Shimbun သတင်းဌာနမှ ဒေါ်နန်းပြည့်**၏ လက်ရှိ မြန်မာနိုင်ငံအနေဖြင့် တရုတ်နိုင်ငံနှင့်ပူးပေါင်းပြီး ကျောက်ဖြူရေနက်ဆိပ်ကမ်း စီမံကိန်း၊



Nikkei Shimbun သတင်းဌာနမှ ဒေါ်နန်းပြည့် မေးမြန်းစဉ်။

မူဆယ်-မန္တလေး ရထားလမ်းစီမံကိန်းတို့ အကောင်အထည်ဖော်ဆောင်ရွက်နေသလို အိန္ဒိယနိုင်ငံနှင့်လည်း ကုလားတန်မြစ်ကြောင်း ဘက်စုံသယ်ယူပို့ဆောင်ရေးစီမံကိန်း၊ အိန္ဒိယ-မြန်မာ-ထိုင်း သုံးနိုင်ငံအဝေးပြေးလမ်းမကြီး စီမံကိန်းတို့ကို ဆောင်ရွက်နေသည်ဟု သိရှိရပါကြောင်း၊ ထိုစီမံကိန်း တစ်ခုချင်းစီ၏ လက်ရှိအခြေအနေ၊ မကြာမီကာလမှာ ဘယ်လိုလုပ်ငန်းအဆင့်များကို ဆက်လက်ပြီး လုပ်ဆောင်သွားမလဲ၊ ဂျပန်နိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်နေသည့် အပိုင်းကို ကြည့်မည်ဆိုလျှင် အချို့ရပ်ဆိုင်းနေသည်များရှိပါကြောင်း၊ ဂျပန်နိုင်ငံက ODA ရပ်ဆိုင်းထားသည့်အတွက် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေး အပိုင်းများ ရပ်တန့်နေပါကြောင်း၊ မြန်မာနိုင်ငံအစိုးရအနေဖြင့် ဂျပန်နိုင်ငံကို ဘယ်လိုမျိုးမျှော်လင့်ထားပါသလဲ၊ လက်ရှိရေတိုကာလမှာ ဂျပန်နိုင်ငံ၏ အထောက်အပံ့က မြန်မာနိုင်ငံ အခြေခံအဆောက်အအုံဖွံ့ဖြိုးတိုးတက်မှုအတွက် မလိုအပ်သေးဘူးလို့ ယူဆပါသလားဆိုသည့် မေးခွန်းနှင့်စပ်လျဉ်း၍ ဖြေကြားရာတွင် မူဆယ်-မန္တလေး ရထားလမ်းစီမံကိန်းတွင် မူဆယ်မှ မန္တလေးအထိ လမ်းကြောင်းရှာသည့် အပိုင်း၌ လေ့လာမှုပြီးစီးသွားပြီဖြစ်ပြီး အစီအစဉ် စလုပ်ဖို့အနေအထားဖြစ်ပါကြောင်း၊ မန္တလေး-ကျောက်ဖြူ အပိုင်းအတွက် လမ်းကြောင်းအကြမ်းဖျင်း ရွေးချယ်ပြီးပြီ၊ လေ့လာမှုလုပ်နေရင်းမှ ယခုဖြစ်ပေါ်နေသည့် ပဋိပက္ခများကြောင့် တချို့နေရာများ၌ လုံခြုံရေးစိတ်မချရသည့်အတွက် ရပ်သွားပါကြောင်း၊ လုံခြုံရေးအခြေအနေ ပြန်လည်ကောင်းမွန်ပါက အမြန်ဆုံးပြန်စဖို့ ဆောင်ရွက်နေပါကြောင်း ။

ကုလားတန်မြစ်ကြောင်း ဘက်စုံသယ်ယူပို့ဆောင်ရေးစီမံကိန်းကို အမြန်ဆုံးအပြီးသတ် ဆောင်ရွက်နိုင်ရေးအတွက် သဘောတူညီချက်များ ရရှိပြီးဖြစ်ပါကြောင်း၊ အဓိကမှာ နယ်မြေအေးချမ်းရန် ဖြစ်ပါကြောင်း၊ နယ်စပ်ဒေသများတွင် နယ်မြေအေးချမ်းပြီး လုံခြုံရေးကောင်းမွန်သည်နှင့် ချက်ချင်းပြန်စမည်ဖြစ်ပါကြောင်း။

ဂျပန်မှ ODA အကူအညီများ အများကြီးရခဲ့ပြီး အထူးသဖြင့် ပညာသင်ကြားရေးကဏ္ဍ၊ အခြေခံအဆောက်အအုံဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများနှင့် ပတ်သက်သည့်ကဏ္ဍများတွင် အကူအညီများစွာရရှိခဲ့သဖြင့် အထောက်အကူလည်း အများကြီးဖြစ်ခဲ့ပါကြောင်း၊ ယခု အကူအညီများကို ရပ်ထားပါကြောင်း၊ ဆောင်ရွက်နေသည့်လုပ်ငန်းများ အကုန်ရပ်သွားသည့်အတွက် ပြည်သူများကို ထိခိုက်ပါကြောင်း၊ ရထားလမ်းစီမံကိန်း ရပ်သွားသည့်အတွက် ပြည်သူများ ဒုက္ခရောက်ရပါကြောင်း။

ဂျပန်အစိုးရကို ပြောကြားလိုသည်မှာ အကူအညီပေးခဲ့သည်များ အားလုံးအတွက် ကျေးဇူးတင်ပါကြောင်း၊ မိမိတို့ အကူအညီလိုအပ်နေပါကြောင်း၊ အထူးသဖြင့် မိမိတို့နိုင်ငံသည် ဖွံ့ဖြိုးဆဲနိုင်ငံ တစ်နိုင်ငံဖြစ်ရသည့်အထဲ ၂၀၂၅ ခုနှစ်က ဖြစ်ပွားခဲ့သည့် မန္တလေးငလျင်ကြီးကြောင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ များစွာလုပ်နေရပါကြောင်း၊ ပျက်စီးသွားသည့်ကိစ္စအများအပြားရှိသည့်အတွက် အကူအညီအများကြီးလိုအပ်ပါကြောင်း၊ ဖြစ်နိုင်ပါက အကူအညီအသစ်များ မပေးသည့်တိုင် မိမိတို့ ယခင်သဘောတူညီခဲ့သည့် အကူအညီများကို ပြန်ပေးမည်ဆိုလျှင် ပြည်သူများအတွက် အများကြီးအထောက်အပံ့ဖြစ်မည်ဖြစ်ပါကြောင်း၊ ပြည်သူများအတွက် အများကြီး အကျိုးရှိခဲ့သည်ကို ပြောချင်ပါကြောင်း၊ သတင်းထောက်ကြီးမေးမြန်းသည့် "အကူအညီ မလိုတော့ဘူးလား" မေးခွန်းနှင့်ပတ်သက်၍ အကူအညီလိုပါတယ်၊ အကူအညီပေးပါဟု ဤနေရာမှ တောင်းဆိုလိုပါကြောင်း ဖြေကြားသည်။

**Truth Zone Online မီဒီယာမှ အယ်ဒီတာချုပ် ဒေါ်သဇင်ဦး**၏ လူငယ်များအနေဖြင့် သူတို့အနာဂတ်အတွက် စိုးရိမ်ပူပင်နေကြပါကြောင်း၊ ထို့ကြောင့် နိုင်ငံအတွင်းမှ လူငယ်များ ပြည်ပသို့ထွက်ခွာနေကြရခြင်းအပေါ် အစိုးရအနေဖြင့် ဘယ်လိုသုံးသပ်မိပါသလဲ၊ လူငယ်များအတွက် မြန်မာနိုင်ငံတွင် ပညာရေး၊ အလုပ်အကိုင်၊အခွင့်အလမ်းနှင့် အနာဂတ်မျှော်လင့်ချက်များ ပြန်လည်ရရှိအောင် နိုင်ငံတော်အစိုးရအနေဖြင့် ဘယ်လိုအထူးစီမံချက်များဖြင့် ဆွဲဆောင်ထိန်းသိမ်းသွားမလဲ မေးခွန်းနှင့်စပ်လျဉ်း၍ ဖြေကြားရာတွင် လူငယ်များက သူတို့အနာဂတ်အတွက် စိုးရိမ်မှုတွေရှိနေသလို မိမိတို့လူကြီးများကလည်း နိုင်ငံ့အနာဂတ်အတွက် စိုးရိမ်ပါကြောင်း၊ နိုင်ငံတော်သမ္မတကြီး အပါအဝင် အစိုးရအဖွဲ့ဝင်များ



Truth Zone Online မီဒီယာမှ အယ်ဒီတာချုပ် ဒေါ်သဇင်ဦး မေးမြန်းစဉ်။

လည်း စိုးရိမ်ပါကြောင်း၊ ဘာကြောင့်လဲဆိုသော် လူငယ်ဆိုသည်မှာ နောက်တစ်ချိန်လူကြီးဖြစ်မည့်သူများ၊ နိုင်ငံ့စွမ်းအားများ၊ အရင်းအမြစ်များ ဖြစ်ပါကြောင်း။

မိမိအနေဖြင့် ဆက်စပ်သည့်အတွက် ကိုယ်တိုင်လေ့လာထားသည့် ကိစ္စတစ်ခုကို ထည့်သွင်းပြောကြားလိုပါကြောင်း၊ ၂၀၁၄ သန်းခေါင်စာရင်းကောက်လိုက်သည့်အချိန်တွင် လူငယ်အရေအတွက် အများကြီးရှိပါကြောင်း၊ ယင်းမှာလွန်ခဲ့သည့် အနှစ် ၃၀၊ ၄၀ ကာလများက မွေးနှုန်းမြင့်မားခဲ့၍ ဖြစ်ပါကြောင်း၊ ၂၀၁၄ တုန်းက အလုပ်လုပ်နိုင်သည့် အရွယ်ရောက်နေသူ ဘယ်လောက်များသလဲဆိုတာ မိမိသိပါကြောင်း၊ အလုပ်လုပ်နိုင်သူတကယ်များခဲ့ပါကြောင်း၊မိမိတို့ လူဦးရေ Bonus ရနေခြင်းဖြစ်ပါကြောင်း၊ Demographic Dividend ဟု ခေါ်ပါကြောင်း။

ယခု ၂၀၂၄ သန်းခေါင်စာရင်းကောက်လိုက်သည့်အခါ လွန်ခဲ့သည့် ၁၀ နှစ်က အသက် ၁၄၊ ၁၅ နှစ် ရှိသည့် အုပ်စုက ယခုအချိန်မှာ အသက် ၂၄ နှစ်၊ ၂၅ နှစ် ဖြစ်မည်၊ အလုပ်လုပ်နိုင်သည့်အရွယ် လူငယ်တွေများလာရမည့်အစား လျော့သွားသည်ကိုတွေ့ရပါကြောင်း၊ သို့သော်လည်း လူငယ်အများကြီး ရှိနေဆဲဖြစ်ပါကြောင်း၊ ဘယ်လိုပဲဖြစ်ဖြစ် ယခင်ထက်စာလျှင် ရွှေ့ပြောင်းနေထိုင်သူ များလာပါကြောင်း၊ ထိုအချက်အလက်များအတွက် မိမိတို့ စိုးရိမ်ပါကြောင်း၊ စိတ်ပူပါကြောင်း။

မိမိတို့၏ ကျွမ်းကျင်လုပ်သားများ ဆုံးရှုံးသွားသလားဟု စိတ်ပူပါကြောင်း၊ ယင်းကို ဘယ်လိုတားမလဲ စဉ်းစားရာ ရွှေ့ပြောင်းနေထိုင်ကြခြင်းမှာ မိမိတို့နိုင်ငံသာမဟုတ်ဘဲ ဖွံ့ဖြိုးဆဲနိုင်ငံအားလုံးတွင် အလွန်မြင့်မားပါကြောင်း၊ ထို့ကြောင့် မိမိတို့နိုင်ငံသည်လည်း ကိုယ့်နိုင်ငံအနေအထားအရသော်လည်းကောင်း၊ကမ္ဘာလုံးဆိုင်ရာမှာစီးမြောသွားသည့် အနေအထားအရသော်လည်းကောင်း ရွှေ့ပြောင်းနေထိုင်မှုများနေခြင်းဖြစ်ပါကြောင်း၊ သူတို့ဘာလို့ထွက်သွားသလဲဆိုတော့ အဓိကအကြောင်းရင်းကိုကြည့်သည့်အခါ အလုပ်အကိုင် အခွင့်အလမ်းကြောင့်ဖြစ်ပါကြောင်း၊ အလုပ်အကိုင် အခွင့်အလမ်းအပြင် တခြားအကြောင်းအရာများလည်း ရှိပါကြောင်း၊ သို့သော်လည်း အဓိကရည်ရွယ်ချက်မှာ အလုပ်အကိုင်အခွင့်အလမ်းရရှိဖို့

စာမျက်နှာ ၂၂ သို့

**စာမျက်နှာ ၂၁ မှအဆက်**

သူတို့ဘဝ ဖွံ့ဖြိုးတိုးတက်ဖို့၊ စီးပွားရေး ပြေလည်ဖို့ဖြစ်ပါကြောင်း။

လေ့လာကြည့်သည့်အခါ ပညာ အရည်အချင်းအရ မူလတန်း၊ အလယ်တန်း အဆင့်ရှိသူများ ပြည်ပသို့ထွက်ခွာမှုများ သည်ကို တွေ့ရပါကြောင်း၊ ထို့ကြောင့် တစ်ချိန်မှာ လုပ်သားအင်အား ရှားပါးမှု ပြဿနာဖြစ်လာနိုင်ပါကြောင်း၊ အဓိက အကြောင်းရင်းမှာ အလုပ်အကိုင်အခွင့် အလမ်းအတွက် သွားခြင်းဖြစ်၍ မိမိတို့က ကျေးလက်တွင် စိုက်ပျိုးရေး၊ မွေးမြူရေး ကဏ္ဍ ပြန်ပြီးတိုးတက်လာအောင်၊ နိုင်ငံ တကာမှ ရင်းနှီးမြှုပ်နှံမှုများ ခေါ်တယ် ဆိုတာလည်း ထိုရည်ရွယ်ချက် ပါပါ ကြောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုး တက်ရေးအတွက်ဖြစ်ပါကြောင်း၊ နောက် တစ်ခုမှာ MSME ကလည်း ကျေးလက်မှ ထွက်ကုန်များကို ပိုပြီး အဆင့်မြှင့်တင်ပြီး နိုင်ငံစီးပွားဖွံ့ဖြိုးတိုးတက်ဖို့ အလုပ်အကိုင် အခွင့်အလမ်းရရှိဖို့ဖြစ်ပါကြောင်း၊ နောက် တစ်ခုက နိုင်ငံတော်သမ္မတကြီးကိုယ်တိုင် ပြည်ပခရီးစဉ်များတွင် ပြုလုပ်သည့် စီးပွားရေးဖိုရမ်များတွင် ပါဝင်ဆွေးနွေးခဲ့ ပါကြောင်း၊ ဖိတ်ခေါ်ခဲ့တယ်ဆိုတာက လည်း ပြည်တွင်းကို ရင်းနှီးမြှုပ်နှံမှုတွေ စီးဝင်လာဖို့ဖြစ်ပါကြောင်း၊ ယခုလို စီးဝင် မှုပဲ မိမိတို့နိုင်ငံရှိ လူငယ်များအတွက် အလုပ်အကိုင် အခွင့်အလမ်းများ ပေါ်များ လာမည် ဖြစ်ပါကြောင်း။

နောက်တစ်ခုကတော့ နိုင်ငံတော်၏ စေတနာပါ။ပြည်ပကို တရားမဝင်ထွက်ခွာ သွားသူများရှိပါကြောင်း၊ အလုပ်လုပ်သည့် အခါ အထူးသဖြင့် ထိုင်းနိုင်ငံ၊ မလေးရှား နိုင်ငံ စသည်ဖြင့် နိုင်ငံတို့တွင် အင်မတန် ဒုက္ခရောက်ပါကြောင်း၊ နိုင်ငံတော်အစိုးရ၏ စေတနာက တရားမဝင် အထောက် အထားမဲ့ ထွက်ခွာသွားသူများကို အထောက်အထားရရှိအောင် CI (Certificate of Identity) ကို ပြည်ပကိုသွား ရောက်ပြီး ထုတ်ပေးပါကြောင်း၊ နှစ်နိုင်ငံ MoU များထိုးထားပြီး သူတို့ကို တရားဝင် ဖြစ်အောင်လုပ်ပေးနေပါကြောင်း၊ ယင်းမှာ မိမိတို့နိုင်ငံသားများအတွက် စောင့်ရှောက် သည့် နိုင်ငံတော်၏ စေတနာပါသည့် လုပ်ငန်းစဉ်တစ်ရပ်ဖြစ်ပါကြောင်း၊ ငါးနှစ် တာကာလအတွင်း အလုပ်အကိုင် အခွင့် အလမ်းများလာအောင်၊ စီးပွားရေးဖွံ့ဖြိုး တိုးတက်လာအောင် မိမိတို့ဆောင်ရွက် နိုင်မည်ဆိုလျှင် ရွှေ့ပြောင်းသွားလာသူများ အကုန်လုံးလိုလိုကို ထိန်းပြီးသားဖြစ်သလို ပြည်ပကို ရောက်နေသူများလည်း ပြန်လာ မည်ဖြစ်ပါကြောင်း၊ ကိုယ့်နိုင်ငံ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားလုံး ဝိုင်းပြီး ဆောင်ရွက်ရန်လိုပါကြောင်း ဖြေကြားသည်။

**People Media မှ သတင်းထောက်ချုပ် ဦးကျော်စိုးဦး၏** ၂၀၂၆ ခုနှစ်အတွင်း တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် PDF များ အလင်းဝင်ရောက်မှုနှုန်း မြင့်တက် လာကာ ယခုအချိန်ထိ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် အလင်းဝင်ရောက်သည့် PDF ဦးရေကို သိရှိလိုပြီး ရက် ၁၀၀ အလွန် တွင် PDF များနှင့်ပတ်သက်၍ နိုင်ငံတော် အနေဖြင့် စီမံဆောင်ရွက်သွားမည့် အခြေ အနေ၊ ဥပဒေဘောင်အတွင်း ဝင်ရောက် လာမည့် PDF များနှင့်စပ်လျဉ်း၍ မည်ကဲ့သို့ သတင်းစကား ပါးချင်သည်ကို သိရှိလိုခြင်းနှင့်စပ်လျဉ်း၍ ဖြေကြား ရာတွင် မိမိအနေဖြင့် ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် PDF ၄၀၀၀ ကျော် ရှိပြီဟု သိရှိမှတ်သားမိပါကြောင်း၊ ရက် ၁၀၀ စီမံချက်ဟုပြောဆိုခြင်းမှာ ရက် ၁၀၀ အတွင်းကိုသာ ဆိုလိုခြင်းမဟုတ်ပါ



People Media မှ သတင်းထောက်ချုပ် ဦးကျော်စိုးဦး မေးမြန်းစဉ်။

ကြောင်း၊ ရက် ၁၀၀ ကို အစပြုဖိတ်ခေါ် ခြင်းကိုဆိုလိုပြီး ရက် ၁၀၀ ကျော်သွား ပါကလည်း ဖိတ်ခေါ်မည်ဖြစ်ပါကြောင်း၊ အထူးသဖြင့် မန္တလေးတိုင်းဒေသကြီးမှ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် PDF အဖွဲ့များ များစွာရှိပါကြောင်း၊ PDF အဖွဲ့များတွင် ကလေးအရွယ်၊ ကျောင်း တက်၍ ပညာရှာရမည့်အရွယ်၊ လုပ်ငန်းခွင် ဝင်ရောက်ရမည့် အရွယ်များ ပါဝင်နေပါ ကြောင်း၊ ထို့ကြောင့် ရက် ၁၀၀ ကျော်သွား ပါကလည်း နွေးထွေးစွာကြိုဆိုနေမည် ဆိုသည်ကို ပြောကြားလိုပါကြောင်း ဖြေကြားသည်။

**ဆက်လက်၍ တပ်မတော်သတင်းမှန် ပြန်ကြားရေးအဖွဲ့မှ ဗိုလ်မှူးချုပ်စံညီဝင်း** က ၂၀၂၆ ခုနှစ် ဇန်နဝါရီလမှ ယနေ့ထိ PDF ၂၅၇၅ ဦး ဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့ပြီး ၂၀၂၃ ခုနှစ် ဇန်နဝါရီလမှ ယနေ့ထိဆိုပါက ၄၁၈၆ ဦး ဥပဒေ ဘောင်အတွင်း ဝင်ရောက်ခဲ့ပါကြောင်း ဖြေကြားသည်။

**Myanmar Hard Talk အယ်ဒီတာချုပ် ဦးအောင်မင်း၏** NSPNC မှ ဗိုလ်ချုပ်ကြီး ရာပြည့်နှင့်အဖွဲ့ “ဝ”နဲ့ မိုင်းလားကို သွားရောက်တွေ့ဆုံခဲ့မှုအပေါ် မည်သို့ ရလဒ်ရရှိသည် သိရှိလိုခြင်းမေးခွန်းနှင့် စပ်လျဉ်း၍ ဖြေကြားရာတွင် ငြိမ်းချမ်းရေး အတွက် NCA ရေးထိုးထားသည့် အဖွဲ့ များနှင့် တွေ့ဆုံဆွေးနွေးများ ရှိပါကြောင်း၊ “ဝ”နှင့် မိုင်းလားသည် NCA ရေးထိုးထား ခြင်းမရှိသေးသော်လည်း မိမိတို့၏ နိုင်ငံရေး ရည်မှန်းချက်များက ဒီမိုကရေစီ စနစ်၊ ဖက်ဒရယ်စနစ်ကို အခြေခံသည့် နိုင်ငံကို တည်ဆောက်ရန်ဖြစ်သည့်အတွက် တိုင်းရင်းသားအားလုံး ပါဝင်ရန်လိုအပ်ပါ ကြောင်း၊ ထိုအတွက် ဗိုလ်ချုပ်ကြီးရာပြည့် နှင့်အဖွဲ့က အဆိုပါဒေသကို သွားရောက် ဆွေးနွေးခဲ့ခြင်းဖြစ်ပါကြောင်း၊ NCA ရေးထိုးထားခြင်း မရှိသေးသော်လည်း ထိုအဖွဲ့များသည် ယခင်အစည်းအဝေးများ ကျင်းပစဉ်ကတည်း တက်ရောက်ခဲ့ကြပါ ကြောင်း၊ ထိုသို့ သွားရောက်ဆွေးနွေးခဲ့ သည့် အကြောင်းအရာများကို တရားဝင်



Myanmar Hard Talk မှ အယ်ဒီတာချုပ် ဦးအောင်မင်း မေးမြန်းစဉ်။

သတင်းထုတ်ပြန်ထားပြီး ဖြစ်ပါကြောင်း၊ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များ အပြင် လက်ရှိအခြေအနေထက်ကောင်းမွန် သည့် နိုင်ငံရေးအခြေအနေကို ဆောင်ရွက် သွားနိုင်ရန် ဆွေးနွေးခဲ့သည်များရှိသည်ကို သိရှိရပါကြောင်း၊ အွန်လိုင်းလိမ်လည်မှု၊ မူးယစ်ဆေးဝါးတိုက်ဖျက်ရေး ကိစ္စရပ်များ နှင့်စပ်လျဉ်း၍ ပူးပေါင်းဆောင်ရွက်ရေး အပါအဝင် ဒေသဖွံ့ဖြိုးတိုးတက်ရေး အတွက် လိုအပ်ချက်များကို တောင်းဆို ဆွေးနွေးခဲ့ကြသည်ဟုလည်း သိရှိရပါ ကြောင်း၊ အပြန်အလှန် ညှိနှိုင်းဆွေးနွေး ဆဲ ကာလဖြစ်ပါကြောင်း ဖြေကြားသည်။

**Eleven Media Group မှ သတင်း ထောက် ဦးအောင်မင်းသိမ်း**က နိုင်ငံတော် သမ္မတ၏ ရက် ၁၀၀ စီမံကိန်းတွင် ငြိမ်းချမ်းရေး တွေ့ဆုံဆွေးနွေးမှုများ ဆောင်ရွက်မည်ဆိုသည်မှာ ပါရှိပြီးဖြစ်ပါ ကြောင်း၊ လက်ရှိ ပဋိပက္ခဖြစ်ပွားနေသည့် EAO များ၊ TNLA ၊ MNDAA တို့ကဲ့သို့ အဖွဲ့အစည်းများနှင့် တွေ့ဆုံဆွေးနွေးသွား မည့်အခြေအနေကို သိရှိလိုပြီး နိုင်ငံတော် သမ္မတ၏ တရုတ်နိုင်ငံခရီးစဉ်တွင် တရုတ် နိုင်ငံဘက်က စီမံကိန်းများစတင်နိုင်ရန် ငြိမ်းချမ်းရေး၊ လုံခြုံရေးကိစ္စများနှင့်



Eleven Media Group မှ သတင်းထောက် ဦးအောင်မင်းသိမ်း မေးမြန်းစဉ်။

စပ်လျဉ်း၍ ထည့်သွင်းဆွေးနွေးခဲ့သည်ကို သိရှိရပါကြောင်း၊ ထို့အတွက် လုံခြုံရေးနှင့် ငြိမ်းချမ်းရေးအခြေအနေက အဓိကကျလာ သည့်အတွက် EAO အဖွဲ့များ၊ AA၊ TNLA၊ MNDAA၊ KIA အဖွဲ့များနှင့် လက်ရှိအခြေ အနေကို သိရှိလိုခြင်းတို့နှင့်စပ်လျဉ်း၍ ဖြေကြားရာတွင် နိုင်ငံတော်သမ္မတ၏ မူဝါဒမှာ ငြိမ်းချမ်းရေးအတွက် အားလုံးကို ပါဝင်ရန် ဖိတ်ခေါ်ထားပါကြောင်း၊ EAO များ၊ လက်ရှိပဋိပက္ခများဖြစ်နေသည့် နေရာ များမှ အဖွဲ့အစည်းအားလုံးကို ဖိတ်ခေါ် ထားပါကြောင်း၊ ထို့ကြောင့် ၎င်းတို့အနေ ဖြင့် ငြိမ်းချမ်းရေးအတွက် ဆွေးနွေးရန် စိတ်ဝင်စားပါက မိမိတို့ဘက်က အဆင်သင့်ရှိပြီး လက်ကမ်းကြိုဆိုနေပါ ကြောင်း၊ ထို့အတွက် NCA ထိုးထားသည် ဖြစ်စေ၊ မထိုးထားသည်ဖြစ်စေ ငြိမ်းချမ်း ရေးအတွက် မိမိတို့ဘက်က အဆင်သင့်ရှိ နေပါကြောင်း။

တရုတ်နိုင်ငံ၏ Belt and Road စီမံကိန်း၊ China-Myanmar Economic Corridor-CMECစီမံကိန်းတို့သည် နယ်စပ် ဒေသငြိမ်းချမ်းမှ အဆင်ပြေနိုင်မည်ဖြစ် ပါကြောင်း၊ထို့အတွက် မြန်မာနိုင်ငံ ထာဝရ ငြိမ်းချမ်းရေးရရှိရေးကို အပြည့်အဝ ကူညီ သွားမည်၊ နယ်စပ်ဒေသတည်ငြိမ်အေးချမ်း ရေး၊ လုံခြုံရေးဆောင်ရွက်သည့် လုပ်ငန်း များတွင် အပြည့်အဝ ပူးပေါင်းပါဝင်သွား မည်ဆိုသည်ကို တရုတ်နိုင်ငံခေါင်းဆောင် များက ဆွေးနွေးပြောကြားခဲ့ကြပါ ကြောင်း၊ မိမိတို့နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေး အတွက် အေးချမ်းမှုရှိရန် လိုအပ်ကြောင်း၊ ထို့အတွက်ကြောင့် နိုင်ငံတော်သမ္မတက ငြိမ်းချမ်းရေးသည် ပထမဆိုသည်ကို အစိုးရသစ် စတက်ကတည်းက ပြောကြား ခဲ့ပါကြောင်း ဖြေကြားသည်။

**Union Politics News မှ အယ်ဒီတာ ချုပ် ဦးထူးမောင်မောင်**၏ ၎င်းတို့၏ အကျိုး စီးပွားတွေအတွက် NCA ကို အကာအကွယ် ယူပြီး ပြည်တွင်းငြိမ်းချမ်းရေး တကယ် မလိုချင်ဘဲ အကာအကွယ်ယူနေသည့်အဖွဲ့ များရှိလျှင် NSPNC နှင့် နိုင်ငံတော်ဘက်က ဘယ်လို သဘောထားမျိုးရှိမလဲ ဆိုသည့်



Union Politics News မှ အယ်ဒီတာချုပ် ဦးထူးမောင်မောင် မေးမြန်းစဉ်။

မေးခွန်းနှင့်စပ်လျဉ်း၍ ဖြေကြားရာတွင် ငြိမ်းချမ်းရေး ဖိတ်ခေါ်ပါလျက်သားနှင့် မလာဘူး၊ ဒီလိုတွေ လုပ်မယ်ဆိုရင်တော့ လုပ်သင့်လုပ်ထိုက်တာတွေ ဆက်ပြီး လုပ်သွားရပါလိမ့်မယ်ဆိုတာ သမ္မတကြီး ၏ မူဝါဒဖြစ်ပါကြောင်း ဖြေကြားသည်။

**Popular News သတင်းဌာန၏ အယ်ဒီတာချုပ် ဦးမြတ်ခိုင်**က သမ္မတကြီး ဦးသိန်းစိန်လက်ထက်က သတင်းမီဒီယာ များကိုဖိတ်ခေါ်ပြီး မေးခွန်းများကိုကိုယ်တိုင် ဖြေပေးခဲ့ပါကြောင်း၊ လက်ရှိ နိုင်ငံတော် သမ္မတကြီး ဦးမင်းအောင်လှိုင်အနေဖြင့် လည်း သတင်းသမားများနှင့်တွေ့ဆုံပြီး ဖြေကြားပေးရန် ရှိ၊ မရှိ သိရှိလိုသည့် မေးခွန်းနှင့်စပ်လျဉ်း၍ ဖြေကြားရာတွင် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် အနေဖြင့် နိုင်ငံတော်သမ္မတ တာဝန်ယူပြီး



Popular News သတင်းဌာနမှ အယ်ဒီတာချုပ် ဦးမြတ်ခိုင် မေးမြန်းစဉ်။

ခရီးစဉ်နှစ်ခုတွင် ပြည်တွင်း၊ပြည်ပသတင်း ဌာနများနှင့် အင်တာဗျူးများ ဖြေကြားခဲ့ ပါကြောင်း၊ ဖြေပေးရန်လည်း ဆန္ဒရှိပါ ကြောင်း၊ ပြည်ပသတင်းဌာနများမှ သမ္မတကြီးဆီစာပို့ပြီး အင်တာဗျူးလုပ်လို ကြောင်းပြောကြားရာ သမ္မတကြီးကလည်း ဖြေကြားပေးရန် ဆန္ဒရှိပါကြောင်း၊ ဦးမြတ်ခိုင်မေးမြန်းသည့် မေးခွန်းနှင့် ပတ်သက်၍ ဆန္ဒရှိပါကြောင်း၊ အခြေအနေ ပေးခဲ့လျှင်၊ အခွင့်အခါသင့်ခဲ့လျှင် သမ္မတကြီးက ဖြေကြားပေးမည်ဖြစ်ပါ ကြောင်း ဖြေကြားသည်။

(သတင်းစဉ်)

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇူလိုင် ၁**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာ ထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ် အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရ ယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှု အပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ဝါဒဖြန့်သူများအား ဆက်လက် ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေး သတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ် သော်လည်း ၂၀၂၆ ခုနှစ် ဇွန် ၃၀ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ် ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှု ကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမှုလုပ်ဆောင်ခဲ့သည့် “CHEERY NAING” TikTok အကောင့် ပိုင်ရှင်ဖြစ်သူ ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ကွင်းမြောက် ရပ်ကွက်နေ ချယ်ရီဇော်ကို မွန်းလွဲ ၁ နာရီတွင် ကျောက်တံခါးမြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူ ဆောင်ရွက်ခဲ့ ကြောင်း သတင်းရရှိသည်။ (၅၀၁)




ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန် ပြည်သူ့စစ်မှုထမ်းစစ်သည်များကို ပြည်သူ့စစ်မှုထမ်းဆောင်ပြီးကြောင်းလက်မှတ်နှင့် ပြည်သူ့စစ်မှုထမ်းတံဆိပ် ချီးမြှင့်ပေးအပ်စဉ်။




ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးနိုင်နိုင်ဦး ပြည်သူ့စစ်မှုထမ်းစစ်သည်များကို ပြည်သူ့စစ်မှုထမ်းဆောင်ပြီးကြောင်း လက်မှတ်နှင့် ပြည်သူ့စစ်မှုထမ်းတံဆိပ် ချီးမြှင့်ပေးအပ်စဉ်။




အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်သူရ ပြည်သူ့စစ်မှုထမ်းစစ်သည်များကို ပြည်သူ့စစ်မှုထမ်းဆောင်ပြီးကြောင်းလက်မှတ်နှင့် ပြည်သူ့စစ်မှုထမ်းတံဆိပ် ချီးမြှင့်ပေးအပ်စဉ်။




တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးကျော်ထက် ပြည်သူ့စစ်မှုထမ်းစစ်သည်များကို ပြည်သူ့စစ်မှုထမ်းဆောင်ပြီးကြောင်းလက်မှတ်နှင့် ပြည်သူ့စစ်မှုထမ်းတံဆိပ် ချီးမြှင့်ပေးအပ်စဉ်။



အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သူရဇော်လွင်စိုး ပြည်သူ့စစ်မှုထမ်းစစ်သည်များကို ပြည်သူ့စစ်မှုထမ်းဆောင်ပြီးကြောင်းလက်မှတ်နှင့် ပြည်သူ့စစ်မှုထမ်းတံဆိပ် ချီးမြှင့်ပေးအပ်စဉ်။



ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်မင်းလတ် ပြည်သူ့စစ်မှုထမ်းစစ်သည်များကို ပြည်သူ့စစ်မှုထမ်းဆောင်ပြီးကြောင်းလက်မှတ်နှင့် ပြည်သူ့စစ်မှုထမ်းတံဆိပ် ချီးမြှင့်ပေးအပ်စဉ်။

လက်ဖက်ရည်ဝိုင်းများ၊ ဂုဏ်ပြုနေ့လယ်စာများဖြင့် တည်ခင်းဧည့်ခံ၍ နိုင်ငံ့သားကောင်းစစ်သည်များကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

သတ်မှတ်စစ်မှုထမ်းကာလ ပြည့်မြောက်ခဲ့သည့် ပြည်သူ့စစ်မှုထမ်းများအနေဖြင့် နိုင်ငံတော်တွင် ဖြစ်ပေါ်လျက်ရှိသည့် အရေးပေါ်အခြေအနေများတွင် ကိုယ်ကျိုးမဖက် စွန့်လွှတ်အနစ်နာခံကာ ၎င်းတို့၏ဘဝတွင် နိုင်ငံတော်အပေါ် သစ္စာစောင့်သိမှု၊ စည်းကမ်းလိုက်နာမှုတို့ဖြင့် ပေးအပ်လာသောနိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ဂုဏ်ယူစွာ ထမ်းဆောင်ခဲ့ကြသည့်အပြင် သဘာဝဘေးများကျရောက်ချိန်တွင်လည်း ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ သွားရောက်ကူညီ ကယ်ဆယ်ကြသူများအဖြစ်လည်းကောင်း၊ နိုင်ငံကြီးသားပီသစွာဖြင့် ဥပဒေပါတာဝန်များကို ကျေပွန်ခဲ့ကြသူများအဖြစ်လည်းကောင်း သမိုင်းဝင်ကမ္ပည်းမော်ကွန်းထိုး မှတ်တမ်းဝင်ခဲ့ကြပြီဖြစ်သည်။ နိုင်ငံတော်နှင့် တပ်မတော်အနေဖြင့်လည်း ၎င်းတို့စစ်မှုထမ်းဆောင်စဉ်ကာလတစ်လျှောက်တွင် ရသင့်ရထိုက်သည့် အကျိုးခံစားခွင့်များ၊ လစာ၊ ရိက္ခာနှင့် အခြားထောက်ပံ့မှုများရရှိစေရေးအတွက် စနစ်တကျဆောင်ရွက်ပေးခဲ့သည့်အပြင် ပြည်သူ့စစ်မှုထမ်းနိုင်ငံ့သားကောင်းများက နိုင်ငံတော်အတွက် လိုအပ်နေသည့်အချိန်တွင် အသက်ကိုပဓာနမထားဘဲ နိုင်ငံ့အကျိုးအတွက် တပ်မတော်၏ အရန်အင်အားအဖြစ် ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့မှုအပေါ် နိုင်ငံတော်နှင့် တပ်မတော်က တန်ဖိုးထားလေးစားဂုဏ်ပြုလျက်ရှိကြောင်း သိရသည်။

ပြည်သူ့စစ်မှုထမ်းများသည် သတ်မှတ်စစ်မှုထမ်းကာလပြီးဆုံးပါက မိမိသဘောဆန္ဒအလျောက် တပ်မတော်တွင် ဆက်လက်အမှုထမ်းဆောင်လိုပါက ထမ်းဆောင်နိုင်ခြင်း၊ ကုမ္ပဏီဝန်ထမ်းဖြစ်ပါက ယခင်အလုပ်အကိုင် သို့မဟုတ် အလားတူရာထူးအတိုင်း ပြန်လည်ခန့်အပ်ခံရခြင်းနှင့် နိုင်ငံတော်က ပေးအပ်ချီးမြှင့်သည့် ထိုက်သင့်သောအကျိုးခံစားခွင့်များကို ရရှိမည်ဖြစ်သည်။ ထို့ပြင် သတ်မှတ်စစ်မှုထမ်းကာလ ပြည့်မြောက်ပြီးသူများအနေဖြင့် အလုပ်အကိုင်ရရှိရေးများနှင့်ပတ်သက်၍လည်း ၎င်းတို့ဆန္ဒရှိပါက သက်ဆိုင်ရာဝန်ကြီးဌာနများတွင် ဖွင့်လှစ်လျက်ရှိသော အသက်မွေးဝမ်းကျောင်းသင်တန်းများသို့ တက်ရောက်နိုင်ရေး၊ အစိုးရဝန်ထမ်းအပါအဝင် ပြည်တွင်း၊ ပြည်ပကုမ္ပဏီဝန်ထမ်းအဖြစ် လုပ်ကိုင်နိုင်ရေးနှင့် ၎င်းတို့၏ ရပ်ရွာများ၌ ကိုယ်ပိုင်စီးပွားရေး လုပ်ကိုင်နိုင်ရေးတို့အတွက် "စစ်မှုထမ်းတာဝန်ကျေပွန်စွာထမ်းဆောင်ခဲ့သူများအလုပ်အကိုင်ရရှိရေး စီမံခန့်ခွဲမှုကော်မတီ"က သက်ဆိုင်ရာဝန်ကြီးဌာနများ၊ မြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)နှင့် ပြည်ပအလုပ်အကိုင်ရှာဖွေရေးအေဂျင်စီများနှင့် ချိတ်ဆက်ဆောင်ရွက်ပေးလျက်ရှိရာ ပြည်သူ့စစ်မှုထမ်းအချို့အနေဖြင့် စာမျက်နှာ ၂၄ သို့

❑ **ပြည်သူ့စစ်မှုထမ်းမှ**

ပြည်သူ့စစ်မှုထမ်းဥပဒေအရ ပြည်သူ့စစ်မှုထမ်းအမှတ်စဉ်(၃/၂၀၂၄)တွင် မိမိဆန္ဒအလျောက် စိတ်အားထက်သန်စွာ ပါဝင်စာရင်းပေးသွင်းကာ နိုင်ငံတော်ကာကွယ်ရေးနှင့် နယ်မြေတည်ငြိမ်အေးချမ်းရေးတာဝန်များကို နိုင်ငံ့သားကောင်းများပီသစွာ စွမ်းစွမ်းတမံထမ်းဆောင်ခဲ့ကြသော ပြည်သူ့စစ်မှုထမ်းများသည် ယခုအခါ သတ်မှတ်စစ်မှုထမ်းကာလ ပြည့်မြောက်ခဲ့ပြီဖြစ်သည်။

ထိုသို့ တာဝန်ကျေပွန်စွာထမ်းဆောင်ခဲ့ကြသည့် နိုင်ငံ့သားကောင်းပြည်သူ့စစ်မှုထမ်းများအား ပြည်သူ့စစ်မှုထမ်းဆောင်ပြီးကြောင်း လက်မှတ်ချီးမြှင့်ပေးအပ်ခြင်းနှင့် ပြည်သူ့စစ်မှုထမ်းတံဆိပ်ဂုဏ်ပြုချီးမြှင့်ခြင်းအခမ်းအနားများကို ယနေ့တွင် တိုင်းစစ်ဌာနချုပ်အသီးသီး၌ ကျင်းပရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီး၊ ပြည်နယ်များမှ ဝန်ကြီးချုပ်များ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ တပ်မတော်အရာရှိကြီးများ၊ သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် သတ်မှတ်စစ်မှုထမ်းကာလကို တာဝန်ကျေပွန်စွာ ထမ်းဆောင်ပြီးမြောက်ခဲ့သည့် ပြည်သူ့စစ်မှုထမ်းများနှင့် ၎င်းတို့၏ မိသားစုဝင်များ တက်ရောက်ကြသည်။

အခမ်းအနားများတွင် တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ ဝန်ကြီးချုပ်များ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ တပ်မတော်အရာရှိကြီးများ၊ သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများက ဂုဏ်ပြုအမှာစကားများ အသီးသီးပြောကြားကြသည်။ ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများက စစ်မှုထမ်းတာဝန် ကျေပွန်စွာထမ်းဆောင်၍ သတ်မှတ်စစ်မှုထမ်းကာလပြည့်မြောက်ခဲ့သည့် နိုင်ငံ့သားကောင်းပြည်သူ့စစ်မှုထမ်းများကို ပြည်သူ့စစ်မှုထမ်းဆောင်ပြီးကြောင်းလက်မှတ်၊ ပြည်သူ့စစ်မှုထမ်းတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ကြပြီး အခမ်းအနားအသီးသီးသို့ တက်ရောက်လာကြသူများအား

စာမျက်နှာ ၂၃ မှအဆက်

သက်ဆိုင်ရာရုံး၊ ဌာနများနှင့် လုပ်ငန်းများတွင် ဝင်ရောက်အလုပ်လုပ်ကိုင်လျက်ရှိကြောင်းသိရသည်။

ထို့ပြင် နိုင်ငံ့တာဝန်ကို ကျေပွန်စွာထမ်းဆောင်ခဲ့ကြသည့် နိုင်ငံ့သားကောင်း ပြည်သူ့စစ်မှုထမ်းအချို့သည်လည်း နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ဆက်လက်ထမ်းဆောင်လိုသည့်အတွက် ကိုယ်တိုင်ဆန္ဒပြု၍ တပ်မတော်တွင် ဆက်လက်တာဝန်ထမ်းဆောင်ကြသည်များလည်းရှိကြကြောင်း သိရသည်။

ယခုကဲ့သို့ နိုင်ငံ့တာဝန်ကို ကျေပွန်စွာထမ်းဆောင်၍ သတ်မှတ်ကာလပြည့်မြောက်ခဲ့ကြသည့် နိုင်ငံ့သားကောင်း ပြည်သူ့စစ်မှုထမ်းများကို ဂုဏ်ပြုချီးမြှင့်သည့် အခမ်းအနားသည် နိုင်ငံတော်အတွက် နိုင်ငံ့သားကောင်းများပီပီ တာဝန်ကျေပွန်စွာ ထမ်းဆောင်ခဲ့ကြသူများကို ထိုက်ထိုက်တန်တန် တန်ဖိုးထားခြင်းဖြစ်ပြီး တပ်မတော်နှင့်ပြည်သူအကြား ယုံကြည်မှု၊ အပြန်အလှန်လေးစားမှု၊ ကိုယ်ချင်းစာနားလည်မှုနှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် နိုင်ငံသားတိုင်း၏ တာဝန်ရှိမှု၊ တာဝန်သိမှုတို့ကို ဖော်ပြသည့် သမိုင်းဝင်မှတ်တိုင်တစ်ခုဖြစ်ရာ လက်ရှိတာဝန်ထမ်းဆောင်လျက်ရှိသည့်ပြည်သူ့စစ်မှုထမ်းများ၊ သင်တန်း တက်ရောက်နေဆဲဖြစ်သည့် ပြည်သူ့စစ်မှုထမ်းများနှင့် နောင်လာနောက်သားမျိုးဆက်သစ် လူငယ်လူရွယ်များအတွက်လည်း စံနမူနာကောင်းတစ်ခုပင်ဖြစ်သည်။ ထို့ပြင် နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်ခဲ့ကြသည့် နိုင်ငံ့သားကောင်းများ၏ တာဝန်ကျေပွန်မှုများသည် နိုင်ငံတော်လုံခြုံရေးနှင့်ကာကွယ်ရေးကဏ္ဍတွင် ပြည်သူတစ်ရပ်လုံးက စိတ်အားထက်သန်စွာ ပူးပေါင်းပါဝင်လာပြီး တပ်မတော်နှင့်ပြည်သူတစ်သားတည်းဖြစ်တည်မှုကို အပြည့်အဝသက်သေထူသည့် သမိုင်းဝင်မှတ်တိုင်တစ်ခုလည်းဖြစ်သည်။

သတ်မှတ်ကာလပြည့်မြောက်ခဲ့သည့် နိုင်ငံ့သားကောင်း ပြည်သူ့စစ်မှုထမ်းများ၏ စကားသံများကိုလည်း ယခုကဲ့သို့ ကြားသိရပါသည်-

"ကျွန်တော်တို့ ပုံမှန်အားဖြင့်ဆိုရင်တော့ ကျွန်တော်ကတော့ ဗဟိုကင်း ကင်းသားပေါ့။ အမှတ်တရတွေကတော့ အများကြီးပါပဲ။ ဒါပေမဲ့ မှတ်မှတ်ရရဖြစ်တာဆိုလို့ ကျွန်တော်တို့လှုပ်ရှားထွက်တဲ့အချိန်တွေမှာဆိုလို့ရှိရင်တော့ အသက်အန္တရာယ်နဲ့ ရင်ဆိုင်ရတဲ့အခါကျလို့ရှိရင် ညီအစ်ကိုတွေပေါ့ ကျွန်တော်တို့ ဒီအပတ်စဉ်(၃) ညီအစ်ကိုတွေ တခြားသန္ဓေညီအစ်ကိုတွေအကုန်လုံးက ဆွဲစရာရှိတာဆွဲ ပစ်စရာရှိတာပစ် အကုန်လုံးရိုင်းပင်းကူညီကြတယ်ပေါ့ အဲဒါမျိုးပေါ့ အမှတ်တရကတော့ အဲ့ဒါပဲရှိပါတယ်ခင်ဗျ။ ကျွန်တော်က တက္ကသိုလ်ဝင်တန်းဖြေထားတယ်။အောင်သွားတယ်။ ကျွန်တော် ဒီကထွက်လို့ရှိရင်တော့ နည်းပညာတက္ကသိုလ်တက်ဖို့ရှိပါတယ်။ နှစ်နှစ်တာတာဝန်ထမ်းဆောင်ပြီးသွားတဲ့အခါကျတော့ ကျွန်တော်တို့ ပျော်ပါတယ်။ မိသားစုနဲ့ ပြန်ဆုံတွေ့ရမှာ ကျွန်တော်တို့ ဒီနှစ်နှစ်အတွင်းမှာ မတွေ့ရတာတော့ မဟုတ်ပါဘူး။ တွေ့ရပါတယ်။ ဒါပေမဲ့ အခုလောလောဆယ်မှာတော့ အိမ်ပြန်ရမှာဆိုတော့ ကျွန်တော်တို့လဲ ပျော်တာပေါ့။ အခုအိမ်မပြန်ရသေးဘဲ ကျန်ခဲ့တဲ့ တခြားအပတ်စဉ်(၃) နောက်က ညီအစ်ကိုတွေပေါ့ပြောချင်တာကတော့ ကျွန်တော်တို့ အဖွဲ့အစည်းအပေါ် သစ္စာရှိပါ။တပ်မတော်အပေါ်သစ္စာရှိပါ။ကျွန်တော်ပြောချင်တာကတော့ အဲ့ဒါပါပဲ"ဟု ပြောသည်။



"နိုင်ငံတော်အတွက် အဓိကလိုအပ်နေတဲ့အချိန်မှာ နိုင်ငံသားတစ်ယောက်အနေနဲ့ တာဝန်ရှိတယ်လို့ ခံစားရပြီး မိမိသဘောဆန္ဒအလျောက် သတင်းပို့ဝင်ရောက်ခဲ့ခြင်းပဲဖြစ်ပါတယ်။ တာဝန်ထမ်းဆောင်ခဲ့တဲ့ ကာလအတွင်းမှာ စစ်သားတစ်ယောက်အနေနဲ့ ဆရာ၊ဆရာကြီးများရဲ့ဆုံးမစကားအတိုင်း စည်းကမ်းကို တိကျစွာလိုက်နာပြီး အောင်မြင်စွာနဲ့ ကျော်ဖြတ်နိုင်ခဲ့ပါတယ်။ ပြည်သူ့စစ်မှုထမ်းညီငယ်တွေကို ကျွန်တော့်အနေနဲ့ မှာကြားလိုတာကတော့ နှစ်နှစ်တာကာလအတွင်းမှာ စစ်သားကောင်းတစ်ယောက်ပီသစွာနေထိုင်ကျင့်ကြံကြပြီး တာဝန်များကို ကျေပွန်အောင်ထမ်းဆောင်ကြဖို့ မှာကြားလိုပါတယ်။နိုင်ငံတော်အဆင့်က အသိအမှတ်ပြုခံရပြီးတော့ ယခုလိုလက်မှတ်ချီးမြှင့်ခံရတဲ့အတွက် အတိုင်းမသိဂုဏ်ယူဝမ်းမြောက်မိပါတယ်"ဟု ပြောသည်။ (၅၀၁)





အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ကျော်ခိုင် ပြည်သူ့စစ်မှုထမ်းစစ်သည်များကို ပြည်သူ့စစ်မှုထမ်းဆောင်ပြီးကြောင်းလက်မှတ်နှင့် ပြည်သူ့စစ်မှုထမ်းတံဆိပ် ချီးမြှင့်ပေးအပ်စဉ်။




တြိဂံဒေသတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူတစ်ဦးက ပြည်သူ့စစ်မှုထမ်းစစ်သည်များကို ပြည်သူ့စစ်မှုထမ်းဆောင်ပြီးကြောင်းလက်မှတ်နှင့် ပြည်သူ့စစ်မှုထမ်းတံဆိပ် ချီးမြှင့်ပေးအပ်စဉ်။



ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူတစ်ဦးက ပြည်သူ့စစ်မှုထမ်းစစ်သည်များကို ပြည်သူ့စစ်မှုထမ်းဆောင်ပြီးကြောင်းလက်မှတ်နှင့် ပြည်သူ့စစ်မှုထမ်းတံဆိပ် ချီးမြှင့်ပေးအပ်စဉ်။




အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူတစ်ဦးက ပြည်သူ့စစ်မှုထမ်းစစ်သည်များကို ပြည်သူ့စစ်မှုထမ်းဆောင်ပြီးကြောင်းလက်မှတ်နှင့် ပြည်သူ့စစ်မှုထမ်းတံဆိပ် ချီးမြှင့်ပေးအပ်စဉ်။

## မွေးမြူရေးတိရစ္ဆာန်များ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

ပွင့်လင်းရာသီသို့ ကူးပြောင်းရောက်ရှိလာပြီဖြစ်ရာ နွေဦးကာလတွင် လေပြင်းတိုက်ခတ်ခြင်း၊ မိုးကြိုးပစ်ခြင်း၊ တစ်ခါတစ်ရံရေကြီးရေလျှံခြင်းများနှင့် မီးလောင်ကျွမ်းမှုများဖြစ်ပေါ်နိုင်သဖြင့် မွေးမြူထားသော တိရစ္ဆာန်များအပေါ်ကျရောက်နိုင်သည့် လေပြင်းတိုက်ခတ်မှုအန္တရာယ်၊ ရေကြီးရေလျှံမှုအန္တရာယ်နှင့် မီးဘေးအန္တရာယ်များကို ကြိုတင်ကာကွယ်နိုင်ရေးအတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ရန် အသိပေးနှိုးဆော်အပ်ပါသည်-

(၁) ရေဒီယို၊ ရုပ်မြင်သံကြားများနှင့် နိုင်ငံပိုင်သတင်းစာများတွင်ဖော်ပြသည့် မိုးလေဝသ သတိပေးချက်များကို ဂရုပြုနားထောင်၊ ဖတ်ရှု၊ စောင့်ကြည့်ရန်၊

(၂) တိရစ္ဆာန်များအတွက် ဒေသတွင်းရရှိနိုင်သည့် ကောက်ရိုး၊ ပြောင်းရိုး၊ ပဲရိုးနှင့် ပဲမှော်အစရှိသည့် တိရစ္ဆာန်အစာနှင့် သောက်သုံးရေများ လုံလောက်စွာရရှိရေး ကြိုတင်စုဆောင်းထားရန်၊

(၃) ရေကြီးရေလျှံဖြစ်ပေါ်လေ့ရှိသောဒေသများ၌ တိရစ္ဆာန်များကို ရေဘေးအန္တရာယ်မှ ကင်းလွတ်နိုင်ရေးကြိုတင်စီမံထားရန်၊

(၄) ရေဘေးအန္တရာယ်ကျရောက်လာပါက တိရစ္ဆာန်များကို ရေလွတ်သောနေရာများသို့ အလျင်အမြန်ပြောင်းရွှေ့နေရာချထားရန်အတွက် ကြိုတင်စီမံထားရန်၊

(၅) ရေဘေးအန္တရာယ်ကျရောက်ချိန်နှင့် ရေပြန်ကျချိန်တွင် ကူးစက်ရောဂါများဖြစ်ပွားတတ်သဖြင့် တိရစ္ဆာန်များကို ဦးစီးဌာနက သတ်မှတ်ထားသည့်အတိုင်း တိရစ္ဆာန်ရောဂါကာကွယ်ဆေးများ ကြိုတင်ထိုးနှံထားရန်၊

(၆) မီးချိတ်၊ မီးကပ်၊ သဲပုံး၊ ရေပုံးနှင့် တစ်ပိုင်တစ်နိုင် ကနဦးမီးငြိမ်းသတ်နိုင်သော မီးသတ်ဆေးဘူးများကို အလွယ်တကူရယူနိုင်သောနေရာတွင်ထားရှိပြီး အဆင်သင့်အနေအထားဖြစ်နေရန်နှင့် မီးတားလမ်းများပြုလုပ်ထားရှိရန်၊

(၇) သိုလှောင်ထားသော တိရစ္ဆာန်အစာများကိုရေဘေးကင်းလွတ်ရာသို့ အချိန်မီပြောင်းရွှေ့နိုင်ရေး ကြိုတင်စီမံထားရန်၊

(၈) တိရစ္ဆာန်များကူးစက်ရောဂါ၊ သာမန်ရောဂါနှင့် ထိခိုက်ဒဏ်ရာများရရှိပါက ဆေးကုသမှုအမြန်ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာမွေးမြူရေးနှင့် ကုသရေးဦးစီးဌာနသို့ ဆက်သွယ်ရန်၊

(၉) တိရစ္ဆာန်ကျန်းမာရေးဆိုင်ရာ ထူးခြားဖြစ်စဉ်များရှိပါက သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ထံသို့ ဆက်သွယ်အကြောင်းကြားပူးပေါင်းဆောင်ရွက်ရန်။

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

# ရန်ကုန်တိုင်းစစ်ဌာနချုပ်နှင့် အနောက်တောင်တိုင်းစစ်ဌာနချုပ်တို့၌ ၂၀၂၆ ခုနှစ် တိုင်းမှူးဒိုင်း ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲပြုလုပ်



ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်မင်းလတ် ဒိုင်းဆုရရှိသည့်အသင်းကို ဒိုင်းဆုပေးအပ်ချီးမြှင့်စဉ်။



အနောက်တောင်တိုင်းစစ်ဌာနချုပ် ၂၀၂၆ ခုနှစ် တိုင်းမှူးဒိုင်း အမျိုးသမီးဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲယှဉ်ပြိုင်ကစားနေမှုကို တွေ့ရစဉ်။

**နေပြည်တော် ဇူလိုင် ၁**

ရန်ကုန်တိုင်းစစ်ဌာနချုပ် ၂၀၂၆ ခုနှစ် တိုင်းမှူးဒိုင်းဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကို ယနေ့ နေ့လယ်ပိုင်းတွင် တိုင်းစစ်ဌာနချုပ်ရှိ အားကစားရုံ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်မှူးချုပ်တင်မင်းလတ်နှင့် တာဝန်ရှိသူများ၊ အရာရှိ စစ်သည်၊ မိသားစုဝင်များ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင် အားကစားသမားများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့်တက်ရောက်လာကြသူများက ဗိုလ်လုပွဲစဉ်များယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးကြသည်။ ထို့နောက် ဆုပေးပွဲကို ဆက်လက်ပြုလုပ်ရာ တိုင်းမှူးနှင့် တာဝန်ရှိသူများက ဒိုင်အဖွဲ့ဝင်များ၊ တစ်ဦးချင်းဆုရရှိကြသူများ၊ အသင်းလိုက် ဆုရရှိကြသူများနှင့် ဒိုင်းဆုရရှိသောအသင်းတို့ကို ဆုများနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ အသီးသီးပေးအပ်ကြသည်။

အဆိုပါ တိုင်းမှူးဒိုင်း ဘော်လီဘောပြိုင်ပွဲကို အမျိုးသားအသင်း ခြောက်သင်းနှင့် အမျိုးသမီးအသင်း ခြောက်သင်းတို့ဖြင့် ဇွန် ၂၄ ရက်မှ ယနေ့ထိ ယှဉ်ပြိုင်ကစားခဲ့ခြင်းဖြစ်သည်။

အလားတူ အနောက်တောင်တိုင်းစစ်ဌာနချုပ် ၂၀၂၆ခုနှစ် တိုင်းမှူးဒိုင်းအမျိုးသမီးဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကို ယနေ့မွန်းလွဲပိုင်းတွင် တိုင်းစစ်ဌာနချုပ် တပ်နယ်အားကစားကွင်း၌ပြုလုပ်ရာ တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ကျော်ခိုင်နှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင် အားကစားသမားများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့်တက်ရောက်လာကြသူများက ဗိုလ်လုပွဲစဉ်ယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးကြသည်။ ထို့နောက် ဆုပေးပွဲကို ဆက်လက်ပြုလုပ်ရာ တိုင်းမှူးနှင့် တာဝန်ရှိသူများက ဒိုင်အဖွဲ့ဝင်များ၊ တစ်ဦးချင်းဆုရရှိကြသူများ၊ အသင်းလိုက်ဆုရရှိကြသူများ၊ ဒိုင်းဆုရရှိသောအသင်းတို့ကို ဆုများနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ အသီးသီးပေးအပ်ကြသည်။

အဆိုပါ တိုင်းမှူးဒိုင်း အမျိုးသမီးဘော်လီဘောပြိုင်ပွဲကို ပြိုင်ပွဲဝင်အသင်း ၁၀ သင်းဖြင့် ဇွန် ၂၄ ရက်မှ ယနေ့ထိ ယှဉ်ပြိုင်ကစားခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

(၅၀၁)

---

## ❍ မြန်မာ့မီးရထားမှ

ခေတ်မီ DEMU လူစီးအမြန်ရထားများ အသုံးပြု၍ ယနေ့တွင် စတင်ပြေးဆွဲပေးသည်။

အဆိုပါအမှတ်(၈၃)အဆန် ရန်ကုန်-မော်လမြိုင် ခေတ်မီလေအေးပေးစက်ပါ DEMU ရထားခရီးစဉ် စတင်ပြေးဆွဲခြင်း ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက ရန်ကုန်ဘူတာကြီး စင်္ကြံအမှတ်(၁)တွင်ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအောင်နိုင်သူ၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးများ၊ မြန်မာ့မီးရထားမှ အရာထမ်း၊ အမှုထမ်းများ၊ ဧည့်သည်တော်များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ဖွင့်ပွဲတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဒုတိယဝန်ကြီးတို့က အမှာစကားပြောကြားကြပြီး ဒေသခံပြည်သူတစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် ပြေးဆွဲမည့်ရထားတွဲဆိုင်းကို တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီး၊ တိုင်းဒေသကြီး လျှပ်စစ်စွမ်းအင်၊ စက်မှုနှင့်လမ်းပန်းဆက်သွယ်ရေးဝန်ကြီးနှင့် မြန်မာ့မီးရထားအထွေထွေမန်နေဂျာ(သွားလာပို့ဆောင်ရေး)တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ယင်းနောက် မော်လမြိုင်သို့ စီးနင်းလိုက်ပါကြမည့် ခရီးသည်များကို လိုက်လံနှုတ်ဆက်ပြီး အမှတ်တရလက်ဆောင်ပစ္စည်းများပေးအပ်ကာ နံနက် ၅ နာရီတွင် ရထားစတင်ထွက်ခွာရာ ဒုတိယဝန်ကြီးနှင့်အဖွဲ့က မော်လမြိုင်ထိ လိုက်ပါစီးနင်းကြသည်။

ဆက်လက်၍ နံနက် ၁၁ နာရီ ၁၅ မိနစ်တွင် မော်လမြိုင်ဘူတာ အမှတ်(၁)စင်္ကြံ၌ အမှတ်(၈၄)အစုန် မော်လမြိုင်-ရန်ကုန် ခေတ်မီလေအေးပေးစက်ပါ DEMU ရထားခရီးစဉ်စတင်ပြေးဆွဲခြင်းဖွင့်ပွဲကို ကျင်းပရာ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဝင်းသန်း၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ အရှေ့တောင် တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ပြည်နယ်ဝန်ကြီးများ၊အရာထမ်း၊အမှုထမ်းများ၊ ဧည့်သည်တော်များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ဖွင့်ပွဲတွင် ပြည်နယ်ဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးတို့က အမှာစကားပြောကြားကြပြီး ဒေသခံပြည်သူတစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် ပြေးဆွဲမည့်ရထားတွဲဆိုင်းကို ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ရန်ကုန်သို့ စီးနင်းလိုက်ပါမည့် ခရီးသည်များကို အမှတ်တရ လက်ဆောင်ပစ္စည်းများ ပေးအပ်ကာ မွန်းတည့် ၁၂ နာရီတွင် ရထားစတင်ထွက်ခွာရာ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကျိုက်ထိုဘူတာထိ လိုက်ပါစီးနင်းကြသည်။

အဆိုပါ အမှတ်(၈၃)အဆန်၊ အမှတ်(၈၄)အစုန် ခေတ်မီလေအေးပေးစက်ပါ DEMU ရထားတွဲဆိုင်းတစ်ဆိုင်းတွင် အထက်တန်း နှစ်တွဲ၊ ပထမတန်း လေးတွဲပါရှိပြီး အထက်တန်းတွင် ၆၆ ဦးနှင့် ပထမတန်းတွင် ၂၂၄ ဦး စုစုပေါင်းဦးရေ၂၉၀ စီးနင်းလိုက်ပါနိုင်မည်ဖြစ်သည်။

ရန်ကုန်-မော်လမြိုင်-ရန်ကုန်ခရီးစဉ်တစ်လျှောက် တိုးကြောင်ကလေး၊ ပဲခူး၊ သိမ်ဇရပ်၊ ကျိုက်ထို၊ သထုံ၊ ပေါင်ဘူတာတို့တွင် ရပ်တန့်ပေးမည်ဖြစ်ပြီး လက်မှတ်ခနှုန်းထားမှာ ခရီးစဉ်အစအဆုံး အထက်တန်းအတွက် ငွေကျပ် ၂၂၀၀၀ နှင့် ပထမတန်းအတွက် ငွေကျပ် ၁၆၀၀၀ ကျသင့်မည်ဖြစ်သည်။

ထို့အတူ ရန်ကုန် – မော်လမြိုင်ရထားလမ်းပိုင်းတွင် ပုံမှန်ပြေးဆွဲလျက်ရှိသော အမှတ် (၈၁) အဆန်၊ အမှတ် (၈၂)အစုန် လူစီးအမြန်ရထားနှင့် ယနေ့စတင်ပြေးဆွဲသည့် အမှတ်(၈၃)အဆန်၊အမှတ်(၈၄)အစုန် ခေတ်မီ DEMU လူစီးအမြန်ရထားများ၏ ရထားလက်မှတ်များကို Online Railways Tacketing and Payment System (ORTP)စနစ်ဖြင့် လက်မှတ်များ ဝယ်ယူနိုင်ပြီး ခရီးစဉ်အစအဆုံးအတွက် ခုနစ်ရက်နှင့် ကြားဘူတာများအတွက် ငါးရက်ကြိုတင်ဝယ်ယူနိုင်မည်ဖြစ်သည်။

နိုင်ငံတော်သမ္မတ၏ လမ်းညွှန်ချက်နှင့်အညီ ရန်ကုန်-မော်လမြိုင်-ရန်ကုန် ခရီးစဉ်ကို ခရီးသွားပြည်သူများ လုံခြုံစိတ်ချစွာဖြင့် သက်သောင့်သက်သာရှိစွာ စီးနင်းလိုက်ပါနိုင်ရေးဝန်ဆောင်မှုတိုးမြှင့်စီစဉ်ဆောင်ရွက်ပေးနိုင်ခဲ့သည့်အတွက် ယခင်ကပြေးဆွဲချိန် ရှစ်နာရီခွဲကြာမြင့်ရာမှ ယခုအခါအချိန် ခြောက်နာရီခန့်ဖြင့် ရောက်ရှိနိုင်မည်ဖြစ်သည်။

မြန်မာ့မီးရထားအနေဖြင့် လမ်းပိုင်းများ ပိုမိုကောင်းမွန်လာခြင်း၊ ခေတ်မီအချက်ပြစနစ်တပ်ဆင်အသုံးပြုနိုင်ခြင်း၊ ခေတ်မီစက်ခေါင်း၊တွဲဆိုင်းများအသုံးပြုခြင်းတို့ဖြင့် ရထားအမြန်နှုန်း တိုးမြှင့်ပြေးဆွဲပေးလျက်ရှိရာ ပြေးဆွဲချိန်လျှော့ချပေးနိုင်ခဲ့ပြီး ရထားစီးခရီးသည်များ ပိုမိုစိတ်ချမ်းမြေ့စေရေး ဆက်လက်အကောင်အထည်ဖော်ကြိုးပမ်း ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

---


## ■ နေရာကွက်၍မိုးကြီးနိုင်မှ

လေဖိအားနည်းရပ်ဝန်းဖြစ်ပေါ်လာနိုင်ခြင်းကြောင့်လည်းကောင်း ဇူလိုင် ၃ ရက်မှ ၁၀ရက်အတွင်း နေပြည်တော်၊ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံမိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊ မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်ထိတိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရှစ်ပေ မှ ၁၀ ပေ ခန့်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းလာနိုင်ခြင်းနှင့် ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်းတွင် ဇူလိုင် ၃ ရက်၌ လေဖိအားနည်းရပ်ဝန်းဖြစ်ပေါ်လာနိုင်ခြင်းတို့ကြောင့် မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်နိုင်သဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကိုကြိုတင်သတိပြုနိုင်ရန်နှင့် ပြည်တွင်းလေကြောင်း ပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေး ငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ရန် အသိပေးနှိုးဆော်ထားကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

**မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန WRF မော်ဒယ်လ်၏ ၃၀-၆-၂၀၂၆ ရက် မြန်မာစံတော်ချိန် ၀၆:၃၀ နာရီအချိန်ကို အခြေခံတွက်ထုတ်ထားသည့် ၇-၇-၂၀၂၆ ရက်မှ ၁၀-၇-၂၀၂၆ ရက်ထိ မိုးရွာသွန်းမှုခန့်မှန်းချက်ပြပုံ**




**တစ်အိမ်လုံးတွင် မည်သူမျှ မရှိနေချိန်၌ မလိုအပ်သော လျှပ်စစ်အသုံးပြုမှုအားလုံးကို ပိတ်ခြင်းဖြင့် လျှပ်စစ်ကို ချွေတာသုံးစွဲပါ။**







# မြန်မာနိုင်ငံလူငယ်ရေးရာဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ(၁)နှင့် မန္တလေးတိုင်းဒေသကြီး လူငယ်ရေးရာကော်မတီတို့ တွေ့ဆုံ



**မန္တလေး ဇူလိုင် ၁**

မြန်မာနိုင်ငံ လူငယ်ရေးရာဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ(၁)နှင့် မန္တလေးတိုင်းဒေသကြီး လူငယ်ရေးရာကော်မတီတို့တွေ့ဆုံပွဲကို ယနေ့ မွန်းလွဲပိုင်းတွင် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံလူငယ်ရေးရာဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ(၁) လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမောင်သင်း၊ မန္တလေးတိုင်းဒေသကြီး လူငယ်ရေးရာကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ မြန်မာနိုင်ငံ လူငယ်ရေးရာဗဟိုကော်မတီအတွင်းရေးမှူး၊ လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစစ်နိုင်၊ မန္တလေးတိုင်းဒေသကြီး လူငယ်ရေးရာကော်မတီဝင်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ကျေးလက်နေ လူငယ်ထုဖွံ့ဖြိုးတိုးတက်ရေးစီမံချက် ရေးဆွဲမည်ဖြစ်ကြောင်း၊ ထိုစီမံချက်ရေးဆွဲနိုင်ရန် တိုင်းဒေသကြီး လူငယ်ရေးရာ ကော်မတီဝင်များက ဝိုင်းဝန်းကူညီပေးကြစေလိုကြောင်း၊ စီမံချက် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၈ မြို့နယ်လုံး တစ်ပြိုင်တည်း ဆောင်ရွက်ရန် မလွယ်ကူသည့်အတွက် Pilot Project အနေဖြင့် မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်မှ စတင်ဆောင်ရွက်လိုကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်မန္တလေးတိုင်းဒေသကြီးလူငယ်ရေးရာကော်မတီဒုတိယဥက္ကဋ္ဌတို့က လူငယ်ရေးရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် တက်ရောက်လာသည့် မန္တလေးတိုင်းဒေသကြီး လူငယ်ရေးရာ ကော်မတီဝင်များက ဝိုင်းဝန်းအကြံပြုဆွေးနွေးကြပြီး ပြည်ထောင်စုဝန်ကြီးက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## မြန်မာနိုင်ငံပြန်တမ်း

**အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ပေးအပ်ခြင်း**

ပြည်ထောင်စုအစိုးရအဖွဲ့သည် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး ညွှန်ကြားရေးမှူးချုပ် ဦးဝင်းနိုင်အား အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ် တာဝန်များကို ထမ်းဆောင်ရန် တာဝန်ပေးအပ်လိုက်သည်။

## ၂၀၂၆ ခုနှစ် ဇူလိုင် ၁ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး(Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ တစ်ကျပ်သား(၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၆၉၀၀၀၀၀ ကျပ်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

## ထူးခြားသည့် နေ့အပူချိန်များ

(၁ - ၇ - ၂၀၂၆)

| | | | | |
|---|---|---|---|---|
| ချောက် | ၃၈ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |
| ကျောက်ဆည် | ၃၇ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |
| မြင်းမူ | ၃၇ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| ညောင်ဦး | ၃၆ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |
| ဆင်ဖြူကျွန်း | ၃၆ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |
| စစ်ကိုင်း | ၃၆ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယပ် |
| မန္တလေး | ၃၆ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| တံတားဦး | ၃၆ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| မြစ်ကြီးနား | ၃၅ | ဒသမ | ၇ | ဒီဂရီဆဲလ်စီးယပ် |
| မြင်းခြံ | ၃၅ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |

## ၁-၇-၂၀၂၆ တွင် နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

| | အမေရိကန်ဒေါ်လာ | တရုတ်ယွမ် | ထိုင်းဘတ် | အိန္ဒိယရူပီး |
|---|---|---|---|---|
| ငွေလဲလှယ်နှုန်း | ၃၆၆၅.၃ ~ ၃၆၆၈ | ၅၅၇.၉ ~ ၅၅၈ | ၁၂၅.၄ ~ ၁၂၅.၇ | ၄၃.၆ |
| ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ | ၁၉,၇၃၂,၆၇၃.၆၉ | ၆,၅၅၉,၁၅၅.၃၉ | ၄၅,၆၂၇,၇၉၉.၄၃ | |
| ဗဟိုဘဏ်မှ ဈေးကွက်အတွင်း ရောင်းချပေးသည့် ပမာဏ | | | | |

ဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏမှာ စားသုံးဆီ၊ စက်သုံးဆီ၊ စက်မှုကုန်ကြမ်း၊ ဆေးနှင့် ဆေးဝါးကုန်ကြမ်းပစ္စည်း၊ ဂျုံ၊ ပြောင်းစေ့၊ စားသုံးကုန်စည်၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းတင်သွင်းခြင်းတို့အတွက် ရောင်းချပေးခဲ့ခြင်းဖြစ်သည်။ CMP ကဏ္ဍဝင်ရောက်ငွေမှ စားသုံးဆီကဏ္ဍသို့ အမေရိကန်ဒေါ်လာ ၃ ဒသမ ၃၁ သန်းကိုလည်းကောင်း၊ CMP ကဏ္ဍသို့ အမေရိကန်ဒေါ်လာ သုည ဒသမ ၀၂ သန်းကိုလည်းကောင်း ရောင်းချပေးခဲ့ပါသည်။

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။ ကာကွယ်ရေးဝန်ကြီးဌာန(https://www.mod.gov.mm)
၂။ ဥပဒေရေးရာဝန်ကြီးဌာန(https://www.mlis.gov.mm)
၃။ ပြန်ကြားရေးဝန်ကြီးဌာန(https://www.moi.gov.mm)
၄။ Myawady Webportal(https://myawady.net.mm)
၅။ Myanmar National Portal(https://myanmar.gov.mm)

**ရတနာသစ်တော ပြည့်သွေးကြော သစ်တောရတနာ ထိန်းသိမ်းပါ။**



# ပြည်သူ့စစ်မှုထမ်းဆောင်ရမည့် အမည်စာရင်းတွင် ထည့်သွင်းသွားမည်ဖြစ်ကြောင်း ခြိမ်းခြောက်၍ ငွေကြေးလိမ်လည်တောင်းခံခဲ့သည့်ဖြစ်စဉ်ကို တာဝန်ရှိသူများက ဖြစ်စဉ်အမှန်ဖော်ထုတ်နိုင်ခဲ့



ဖမ်းဆီးရမိသည့် ငြိမ်းချမ်းဦး ၃၁ နှစ်၏ဓာတ်ပုံ။



ဖမ်းဆီးရမိသည့် ခိုင်ဆုရည် ၃၂ နှစ်၏ဓာတ်ပုံ။







ငြိမ်းချမ်းဦး ပျောက်ဆုံးမှုနှင့်ပတ်သက်၍ ညီမဖြစ်သူက Facebook တွင် Post တင်ထားသည့် ဓာတ်ပုံ(ဝဲ)နှင့် ခေတ်သစ်မီဒီယာက မဟုတ်မမှန် ရေးသားဖြန့်ဝေထားမှု(ယာ)။

နေပြည်တော် ဇူလိုင် ၁

ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ်နေ မောင်ငြိမ်းချမ်းဦး(ဘ)ဦးကျော်ကျော်ဦးသည် ဇွန် ၂၅ ရက်တွင် နေအိမ်မှ ၎င်း၏အလုပ်သို့သွားရောက်စဉ် မိသားစုနှင့်အဆက်အသွယ်ပြတ်တောက်ခဲ့သဖြင့် ၎င်း၏မိသားစုက လူပျောက်ကြော်ငြာများကို ၎င်းတို့၏လူမှုကွန်ရက်မှတစ်ဆင့် ဖြန့်ဝေထုတ်ပြန်ခဲ့ကြောင်း တွေ့ရှိရသည်။

အဆိုပါ ဖြစ်စဉ်နှင့်ပတ်သက်၍ သက်ဆိုင်ရာတာဝန်ရှိသူများ၏ စိစစ်ဖော်ထုတ်ချက်အရ ဇွန် ၂၇ ရက် မွန်းလွဲ ၁ နာရီခန့်တွင် အမျိုးသားတစ်ဦးက ငြိမ်းချမ်းဦး၏ မိခင်ဖြစ်သူထံ ဖုန်းဖြင့်ဆက်သွယ်၍ "ငြိမ်းချမ်းဦး အား ပြန်ပေးဆွဲထားကြောင်း၊ မိခင်ဖြစ်သူနှင့် မိသားစုဝင်များက လူမှုကွန်ရက်ပေါ်တွင် ပို့စ်တင်ရေးသားထားသည့် လူပျောက်ကြော်ငြာသတင်းများကို ပြန်ဖျက်ပေးရမည်ဖြစ်ကြောင်း၊ ငြိမ်းချမ်းဦးကို ပြန်လိုချင်ပါက ပြန်ပေးဆွဲငွေအနေဖြင့် သိန်း ၁၀၀ ကျပ်ကို ပေးရမည်ဖြစ်ပြီး ငွေလွှဲပေးရမည့် ဘဏ်အကောင့်အား ပြန်ပြောပေးမည်"ဟုပြောဆိုလာကြောင်း၊ ထို့နောက် ငြိမ်းချမ်းဦး၏ ရည်းစားဖြစ်သူ ဒေါက်တာ ခိုင်ဆုရည်သည် ငြိမ်းချမ်းဦး၏ အဒေါ်ဖြစ်သူထံသို့ ဖုန်းဖြင့်ဆက်သွယ်၍ ငြိမ်းချမ်းဦး၏ မိခင်ဖြစ်သူသည် ကျန်းမာရေးမကောင်း၍ ဆေးခန်းပြနေရသည်ဟု သတင်းကြားသိရသဖြင့် ကျန်းမာရေးအခြေအနေကိုစိုးရိမ်၍ မေးမြန်းဆက်သွယ်လာခဲ့ကြောင်း သိရှိရသည်။ ထို့ကြောင့် အဆိုပါ ဆက်သွယ်လာသော ဖုန်းနံပါတ်များကို တာဝန်ရှိသူများက စစ်ဆေးခဲ့ရာ ဒေါက်တာခိုင်ဆုရည် အမည်ဖြင့် မှတ်ပုံတင်ထားကြောင်း စစ်ဆေးတွေ့ရှိရပြီး ဒေါက်တာခိုင်ဆုရည်နှင့် ငြိမ်းချမ်းဦးတို့၏ ပတ်သက်ဆက်နွှယ်မှုများနှင့်ပတ်သက်၍ မသင်္ကာဖွယ်ရာကနဦးတွေ့ရှိရသည်။

ဇွန် ၃၀ ရက် နံနက် ၇ နာရီခွဲခန့်တွင်လည်း ဖုန်းဖြင့် ငြိမ်းချမ်းဦးမှ အသံဖျက်၍ ပြန်ပေးဆွဲသူအယောင်ဆောင်ကာ ထပ်မံဆက်သွယ်လာပြီး "၎င်းတို့ထံ ပိုက်ဆံဘယ်တော့လွှဲပေးမလဲ၊ အချိန်ပေးထားတာ သုံးရက်ရှိသွားပြီဖြစ်ကြောင်း၊ ၎င်းသည် ငွေသားမလိုဘဲ KBZ Pay ဖြင့်သာ လိုချင်ကြောင်း၊ မလွှဲပေးပါက ငြိမ်းချမ်းဦးသည် ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်စာရင်းထဲသို့ ပါသွားမည်ဖြစ်ကြောင်း၊ ငွေကျပ် သိန်း ၁၀၀ ကို ငြိမ်းချမ်းဦး၏ KBZ Pay အကောင့်ထဲသို့သာ လွှဲပေးရန်" ထပ်မံပြောကြားလာသဖြင့် ၎င်းအားဖမ်းဆီးရမိရေး လိုအပ်သောစစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဇွန် ၃၀ ရက် မွန်းတည့် ၁၂ နာရီခန့်တွင် တာမွေမြို့နယ်ရှိ ဟိုတယ်တစ်ခုတွင် ငြိမ်းချမ်းဦးနှင့် ဒေါက်တာ ခိုင်ဆုရည်တို့ကို ဖမ်းဆီးရမိခဲ့ခြင်းဖြစ်ပြီး ငြိမ်းချမ်းဦးအနေဖြင့် ရည်းစားဖြစ်သူနှင့် အချိန်ကြာကြာ တွေ့ဆုံနိုင်ရန်အတွက် ဇွန် ၂၇ ရက်တွင် မိသားစုနှင့် အဆက်အသွယ်ဖြတ်တောက်ကာ ယခုကဲ့သို့ စဉ်းစားဆင်ခြင်ခြင်းမရှိဘဲ ၎င်းအားပြန်ပေးဆွဲခံရသည်ဟု လိမ်လည်ပြောဆိုခဲ့ခြင်းဖြစ်ကြောင်း ထွက်ဆိုခဲ့ကြသဖြင့် ၎င်းတို့ကို တရားဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

လတ်တလော လူပျောက်ဆုံးမှုကိစ္စရပ်များနှင့်ပတ်သက်၍ လူမှုကွန်ရက်များတွင် ခေတ်သစ်မီဒီယာအပါအဝင် ပြည်ဖျက်မီဒီယာများက နိုင်ငံတော်အစိုးရနှင့် တပ်မတော်အပေါ် ပြည်သူများ အထင်အမြင်လွဲမှားစေရန် ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာကိစ္စရပ်များ၊ ပြည်သူ့စစ်မှုထမ်း ထမ်းဆောင်ရမှုများနှင့် ပတ်သက်၍ ခေါင်းစဉ်အမျိုးမျိုး၊ အကြောင်းအရာအမျိုးမျိုးဖြင့် မဟုတ်မမှန်ရေးသားဖြန့်ဝေလျက်ရှိရာ အဆိုပါဖြစ်စဉ်များကို သက်ဆိုင်ရာတာဝန်ရှိသူများက စစ်ဆေးခဲ့ရာတွင် အထက်ပါဖြစ်စဉ်ကဲ့သို့ မဟုတ်မမှန် ကောလာဟလသတင်းများကို ဖော်ထုတ်တွေ့ရှိရသည်။

ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးအဖွဲ့များအနေဖြင့် ထုတ်ပြန်ထားသည့် စစ်မှုထမ်းဥပဒေနှင့်အညီသာ ဆောင်ရွက်လျက်ရှိပြီး ပြည်သူများကို အကြောင်းမဲ့ဖမ်းဆီးခြင်း၊ စစ်ဆေးခြင်းမရှိကြောင်း၊ သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် သတင်းတုသတင်းမှားများကို စဉ်းစားချင့်ချိန်သုံးသပ်နိုင်ရန်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့်လည်း ပြည်သူများ အေးချမ်းစွာနေထိုင်နိုင်ရန်အတွက် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများကို ပြည်သူများ၏ ပူးပေါင်းပါဝင်မှုဖြင့် ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

(၅၀၁)

# ရွှေကုက္ကိုလ်နယ်မြေအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် တရားမဝင် နှစ်ထပ်လူနေအဆောက်အအုံ တစ်လုံးကို စနစ်တကျထပ်မံဖြိုချဖျက်ဆီး၊ တရားမဝင်လူနေအဆောက်အအုံ ၆၇ လုံး ဖြိုချဖျက်ဆီးပြီးဖြစ်




ကရင်ပြည်နယ် မြဝတီခရိုင် ရွှေကုက္ကိုလ်နယ်မြေရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုများလုပ်ကိုင်ခဲ့သည့် တရားမဝင် အဆောက်အအုံများကို ယာဉ်ယန္တရားဖြင့် ဖြိုချဖျက်ဆီးမှုပြမြေပုံ။





ကရင်ပြည်နယ် မြဝတီခရိုင် ရွှေကုက္ကိုလ်နယ်မြေရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ကိုင်ခဲ့သည့် တရားမဝင် နှစ်ထပ် လူနေအဆောက်အအုံကို ယာဉ်ယန္တရားဖြင့် ဖြိုဖျက်ပြီး မှတ်တမ်းဓာတ်ပုံ။

နေပြည်တော် ဇူလိုင် ၁

အွန်လိုင်းလိမ်လည် လောင်းကစားမှုများကို အခြေချလုပ်ကိုင်ခဲ့ကြသည့် ကရင်ပြည်နယ် မြဝတီခရိုင် ရွှေကုက္ကိုလ်နယ်မြေနှင့် KK Park နယ်မြေများရှိ တရားမဝင် အဆောက်အအုံများကို အပြီးတိုင် ဖြိုချဖျက်ဆီးခြင်းများနှင့် လုပ်ငန်းလုပ်ဆောင်ရာတွင် အသုံးပြုခဲ့သည့်ပစ္စည်းများကို စနစ်တကျဖျက်ဆီးခြင်းများကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရွှေကုက္ကိုလ်နယ်မြေအတွင်းရှိ တရားမဝင် နှစ်ထပ်လူနေ အဆောက်အအုံ တစ်လုံးကို ထပ်မံ၍ စနစ်တကျ ဖောက်ခွဲဖြိုချဖျက်ဆီးခဲ့ကြောင်း သိရသည်။

ရွှေကုက္ကိုလ် နယ်မြေအတွင်း၌ အွန်လိုင်းလိမ်လည် လောင်းကစားလုပ်ငန်းများ ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် အဆောက်အအုံ ၇၇ လုံးအနက် ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၅၇ လုံးနှင့် ဖောက်ခွဲ၍ ဖျက်ဆီးမည့် အဆောက်အအုံ အလုံး ၂၀ ဟူ၍အဆောက်အအုံအမျိုးအစားအလိုက် ခွဲခြားသတ်မှတ်ပြီး စနစ်တကျဖြိုချဖျက်ဆီးလျက်ရှိရာ ယနေ့တွင် ယာဉ်ယန္တရားဖြင့်ဖြိုချဖျက်ဆီးရန် သတ်မှတ်ထားသည့် အဆောက်အအုံ ၅၇ လုံးအနက် နှစ်ထပ် လူနေအဆောက်အအုံ တစ်လုံးကို စနစ်တကျ ထပ်မံဖြိုချဖျက်ဆီးခဲ့ကြောင်း သိရသည်။

ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များအနေဖြင့် ယနေ့ထိ အွန်လိုင်းလိမ်လည်လောင်းကစားလုပ်ငန်းများ ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် တရားမဝင် အဆောက်အအုံ စုစုပေါင်း ၆၇ လုံးကို စနစ်တကျ ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်းနှင့် ဖျက်ဆီးရန်ကျန်ရှိသည့် တရားမဝင်အဆောက်အအုံ ၁၀ လုံးကိုလည်း ဆက်လက်၍ စနစ်တကျ ဖျက်ဆီးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(၅၀၁)

# အမျိုးသမီးများဘဝလုံခြုံရေး အားလုံးပူးပေါင်းပါဝင်ပေး

**ထက်ဝေအောင်(စစ်ကိုင်း)**

> ❖ မျက်မှောက်ခေတ်တွင် အမျိုးသမီးများကို ပစ်မှတ်ထား၍ ခွင့်ပြုချက်မရှိဘဲ ဓာတ်ပုံများဖြန့်ဝေခြင်း၊ အသရေဖျက်ခြင်း၊ အွန်လိုင်းမှ နှောင့်ယှက်ခြင်းများပြုလုပ်လာခြင်းကြောင့် ဒစ်ဂျစ်တယ်လုံခြုံရေးနည်းလမ်းများဖြင့် အကာအကွယ်ပြုလုပ်ပေးလာပြီဖြစ်သည်။ ၂၀ ရာစု နှောင်းပိုင်းအတွင်း ပြောင်းလဲလာသည့် လူသားဆန်သောအတွေးအမြင်များနှင့်အတူ အမျိုးသမီးများအကြမ်းဖက်ဖိနှိပ်ချုပ်ချယ်ခံရမှုကို ထိထိရောက်ရောက်ကာကွယ်တားဆီးရေး ဦးတည်ကြိုးပမ်းဆောင်ရွက်မှသာလျှင် အမျိုးသမီးများ၏ အခွင့်အရေးဆိုင်ရာရပိုင်ခွင့်၊ တန်းတူညီမျှဆောင်ရွက်ခွင့်နှင့် အကြမ်းဖက်ခံရမှုများ မေးမှိန်လျော့ပါးလာမည်ဖြစ်သည်။ ❖

လူသားဖြစ်တည်မှုတွင် ကျား၊ မ ဟူသော စကားတစ်ရပ် အကျုံးဝင်ပါရှိခြင်းကြောင့် အမျိုးသားများနည်းတူ အမျိုးသမီးများသည်လည်း တန်းတူညီမျှ အခွင့်အရေးများ ရရှိသင့်သည်။ အသွေးအရောင်မခွဲခြား တစ်သားတည်း ဆက်ဆံခြင်းခံရသည့် လူသားတစ်ယောက်၏ ရပိုင်ခွင့်၊ ဂုဏ်သိက္ခာ၊ လူ့အခွင့်အရေးသည် ညီမျှသော အခြေခံစံနှုန်းများဖြစ်သည်။ နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေး အသိုက်အဝန်းများတွင် လွတ်လပ်စွာ ပါဝင်ခွင့်လည်းရှိသည်။ ရှေးယခင် ကတည်းကပင် ကျား၊ မ တန်းတူညီမျှဆက်ဆံရေး မညီမျှမှုသည် အစဉ်အလာတစ်ရပ်သဖွယ်ရှိခဲ့သည်။

နိုင်ငံတကာတွင် ကျား၊ မ တန်းတူညီမျှ အခွင့်အရေးလှုပ်ရှားကြိုးပမ်းဆောင်ရွက်မှုကို လေ့လာဆန်းစစ်ကြည့်ပါက နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ ယဉ်ကျေးမှုနှင့် ဘာသာရေးဆိုင်ရာနယ်ပယ်ကဏ္ဍများတွင် အမျိုးသားများနည်းတူ အမျိုးသမီးများပါဝင်ခွင့်ရရှိရေး အားနည်းခဲ့မှုနှင့် အသက်အရွယ်မရွေး အမျိုးသမီးတိုင်းတွင် လွတ်လပ်စွာခံစားပိုင်ခွင့်အရေးကိစ္စများကို ဦးစားပေးဖော်ဆောင်ခဲ့ကြသည်။ အမျိုးသမီးများအပေါ် မဖိနှိပ်ရေး၊ အကာအကွယ်ပြုရေး တောင်းဆိုမှုများသည် လူ့အခွင့်အရေးအရ တရားနည်းလမ်းကျပြီး ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့၏ပဋိညာဉ်ပါ သာတူညီမျှရှိစေရေး၊ ခွဲခြားဆက်ဆံခံရမှုမရှိစေရေး၊ ဖိနှိပ်ချုပ်ချယ်မှုကင်းစင်ရေးဟူသော ဘုံသဘောတူညီမှုရည်မှန်းချက်များဖြင့် အမျိုးသမီးများဖိနှိပ်ခံရမှုမှ လွတ်မြောက်ရေးကို အကာအကွယ်ပြုပေးထားသည်။

ကမ္ဘာတစ်ဝန်း အမျိုးသမီးများအပေါ် ကျူးလွန်ပြုမူကြသည့် မှုခင်းဖြစ်ရပ်များတွင် အမျိုးသမီးများကာယိန္ဒြေပျက်စီးစေရန်ကြံရွယ်မှု၊ အရွယ်မရောက်သေးသော မိန်းကလေးများကို ခိုးယူပေါင်းသင်းမှု၊ အတင်းအကျပ်ထိမ်းမြားရန်ခိုးယူမှု၊ အလိုမတူဘဲ အဓမ္မပြုကျင့်ခံရမှု၊ အမျိုးသမီးများလူကုန်ကူးခံရမှုကဲ့သို့ အကြမ်းဖက်မှုများစွာကို တွေ့ရှိရသည်။

မျက်မှောက်ကာလတွင် အမျိုးသမီးများအပေါ် အကြမ်းဖက်လုပ်ဆောင်မှုများသည် အိမ်တွင်း အိမ်ပြင် နေရာမရွေးခပ်စိပ်စိပ်တွေ့လာရသည်။ ရိုက်နှက်ထိုးကြိတ်မှုကဲ့သို့ ရုပ်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများလည်း တစ်နေ့တခြား တိုးပွားလာသည်။ သို့ဖြစ်ရာ အကြမ်းဖက်မှုမှန်သမျှ ခါးခါးသီးသီးရှုတ်ချရမည်သာဖြစ်သည်။ ဥပဒေအရ ထိရောက်သောထိန်းချုပ်မှုမရှိလျှင် အမျိုးသမီးများ၏အခွင့်အရေးဟူသမျှ တိုးတိတ်နေမည်သာဖြစ်သည်။ အားနည်းချက်က အမြဲတစေခြိမ်းခြောက်ခံရမှုဖြစ်သွားနိုင်သည်။ မဝံ့မရဲစိုးရိမ်စိတ်များသည်လည်း အချိန်နှင့်အမျှ ကြောက်လန့်မှုအသွင်ဖြစ်စေနိုင်သည်။

အိမ်တွင်းအကြမ်းဖက်မှုများသည် အထူးပင် ရင်နာစရာ ကောင်းလှသည်။ ခင်ပွန်းသည်၏ သစ္စာဖောက်မှု၊ တစ်လင်တစ်မယားစနစ် ချိုးဖောက်မှုများဖြင့် အိမ်ထောင်သည်အမျိုးသမီးများ ကူကယ်ရာမဲ့စွာ အားငယ်ကြရသည်။ ခွန်အားသုံးအနိုင်ကျင့်နှိပ်စက်ခြင်းသည် အိမ်တွင်းအကြမ်းဖက်မှုဖြစ်ပြီး အမျိုးသမီးများအပေါ် ပိုမိုရက်စက်ရာ ကျပေသည်။ အမျိုးသမီးများ၏နစ်နာမှုများကို ဥပဒေကြောင်းအရ ဖော်ပြတိုင်တန်းရာတွင် ပစ္စည်းသက်သေ၊ မျက်မြင်သက်သေမဲ့ တင်ပြရမည့် အရှက်ရဖွယ်ကိစ္စများပါဝင်သဖြင့် မျက်ရည်ကို အဖော်ပြုရင့်နှုတ်ပိတ်နေကြရသည်။ အလားတူ မသန်စွမ်းအမျိုးသမီးများနှင့် စိတ်ပေါ့သွပ်သောအမျိုးသမီးများအပေါ် ကျူးလွန်သည့်အဓမ္မပြုကျင့်မှုဖြစ်စဉ်များသည် လူသားမဆန် အရုပ်ဆိုးအကျည်းတန်လွန်းလှသည်။

ထို့အတူ အမျိုးသမီးငယ်များ၏ ဘဝလုံခြုံရေးကို စဉ်ဆက်မပြတ်ခြိမ်းခြောက်နေသည့် သက်ငယ်မုဒိမ်းမှုကဲ့သို့ အကြမ်းဖက်မှုဖြစ်စဉ်များအတွက် ထိရောက်သောဥပဒေ၊ ထိုက်သင့်သောပြစ်ဒဏ်များချမှတ်ဆောင်ရွက်ရမည်ဖြစ်သည်။ နိုင်ငံတကာတွင်လည်း သက်ငယ်မုဒိမ်းမှုဖြစ်စဉ်များကို လက်မခံဘဲ ပြင်းထန်စွာကန့်ကွက်နေဆဲဖြစ်သည်။ အမျိုးသမီးများ ဘဝလုံခြုံရေးအတွက် ထောင့်စေ့အောင် တွေးတောကြံဆရန် လိုအပ်လာသည့်နည်းတူ လက်တွေ့ကျသော အကောင်အထည်ဖော်ဆောင်ရွက်မှုလုပ်ငန်းများလည်း ဖော်ဆောင်ပေးရမည်ဖြစ်သည်။ အမျိုးသမီးများ၏လူ့အခွင့်အရေးများပြည့်ဝစွာရရှိရေးဆိုင်ရာ အခြေခံအချက်များကို ဥပဒေပြု၍ ဥပဒေအကာအကွယ်ဖြင့် အကြမ်းဖက်သူတိုင်းကို ထိရောက်စွာအပြစ်ပေးရမည်ဖြစ်သည်။

အကြမ်းဖက်မှုများမှတစ်ဆင့် နောက်ဆက်တွဲဆိုးကျိုးများအဖြစ် အကြမ်းဖက်ခံရသည့်အမျိုးသမီးသည် ကိုယ်ခန္ဓာသာမက စိတ်ထိခိုက်ကြေကွဲမှုကိုပါ ထပ်မံရရှိနိုင်စေသည်။ စိတ်အားငယ်မှု၊ သိမ်ငယ်မှုများလာလျှင် စိတ်ထွက်ပေါက်ပိတ်သွားနိုင်သည်။ အားငယ်စိတ်၊ ကြောက်စိတ်များက အတွေးဆိုးကိုဖြစ်ပေါ်စေပြီး သေကြောင်းကြံစည်သည့်အခြေအနေထိ တွန်းပို့နိုင်သည်။ အကြမ်းဖက်မှုလုပ်ရပ်များသည် ယဉ်ကျေးသော လူ့အသိုင်းအဝိုင်း၊ ပတ်ဝန်းကျင်တွင် ပြုသင့်ပြုထိုက်သည့်လုပ်ရပ်များ မဟုတ်ပေ။ အိမ်တွင်းအကြမ်းဖက်မှုမှတစ်ဆင့် အခြားသူများသို့ ရှေ့ဆောင်လမ်းပြအတုယူစရာအဖြစ် အဆင့်ဆင့်မကူးစက်သွားရန်လိုသည်။ လူတိုင်း အမျိုးသမီးများအပေါ် အကြမ်းဖက်မှုသည် ရာဇဝတ်မှုမြောက်နိုင်ကြောင်း သတိမူလက်ခံနိုင်မှသာ အမျိုးသမီးထုကြုံတွေ့နေရသောပြဿနာတချို့ ပြေလည်သွားနိုင်မည်ဖြစ်သည်။

ထို့အတူ အမျိုးသမီးထုတစ်ရပ်လုံးဂုဏ်သိက္ခာရှိရှိရှင်သန်ရပ်တည်နိုင်ရေးအတွက် အခက်အခဲပြဿနာများကို နည်းလမ်းမျိုးစုံဖြင့်ကူညီဖြေရှင်းပေးခြင်း၊ အကြမ်းဖက်ခံရသူများ၏ ကိုယ်ရောစိတ်ပါ စွဲကပ်နေသည့်ဒဏ်ရာဒဏ်ချက်များကို ကုသပေးခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ ညှိနှိုင်းနှစ်သိမ့်ပေးခြင်းလုပ်ငန်းများကို ကရုဏာရှေ့ထား ကူညီဆောင်ရွက်ပေးခြင်းဖြင့် အမျိုးသမီးများကြုံတွေ့နေရသည့်အနာဂတ်ပြဿနာများ၊ လူပွဲစားများ၏ လူလူချင်းရောင်းချသည့်မနုစ်မြို့ဖွယ်ဖြစ်ရပ်များနှင့် အိမ်တွင်းအကြမ်းဖက်မှုပြဿနာများစွာလည်း တစ်မဟုတ်ချင်း ကွယ်ပျောက်သွားမည်ဖြစ်သည်။

ငြိမ်းချမ်းသော လူမှုအသိုက်အဝန်းဆီသို့ ဦးတည်လျှောက်လှမ်းရာတွင် အမျိုးသမီးများ၏ အခန်းကဏ္ဍကို ချန်လှပ်ထား၍ မရနိုင်ပေ။ လူ့အခွင့်အရေးစံနှုန်းအရ အမျိုးသမီးများ စိတ်ဒုက္ခမရောက်ရှိစေရေး အလေးပေးကူညီဆောင်ရွက်ရမည်ဖြစ်သည်။ မျက်မှောက်ခေတ်ဖွံ့ဖြိုးတိုးတက်မှုများ အရှိန်အဟုန်မြင့်တက်လာသည့်တိုင် ကမ္ဘာ့နိုင်ငံအသီးသီးတွင် အမျိုးသမီးများခွဲခြားဆက်ဆံခံရခြင်း၊ အမျိုးသားများ၏သားကောင်သဖွယ် ပစ်မှတ်ထားခံရသည့်အခြေအနေများကို အလေးထားဆောင်ရွက်ကြရမည်ဖြစ်သည်။ သတင်းမီဒီယာများတွင် စိတ်မချမ်းမြေ့ဖွယ်ကြားသိနေရသည့် မုဒိမ်းကျင့်သတ်ဖြတ်ခြင်း၊ အကြမ်းဖက်လုယက်သတ်ဖြတ်ခြင်း၊ လူကုန်ကူးခံရခြင်း အခြေအနေအရပ်ရပ်အဆုံးသတ်ရပ်တန့်သင့်ပြီဖြစ်သည်။

ယနေ့ကမ္ဘာကြီးသည် ရွာကြီးတစ်ရွာကြီးအလားတိုးတက်ဖွံ့ဖြိုးလာခဲ့ပြီဖြစ်သည်။ ခေတ်စနစ်များ အသွင်ပြောင်းလာသည်နှင့်အညီ အသိအမြင်များလည်း ဟန်ချက်ညီညီပြောင်းလဲလာခဲ့သည်။ မျက်မှောက်ခေတ်တွင် အမျိုးသမီးများကို ပစ်မှတ်ထား၍ ခွင့်ပြုချက်မရှိဘဲ ဓာတ်ပုံများဖြန့်ဝေခြင်း၊ အသရေဖျက်ခြင်း၊ အွန်လိုင်းမှ နှောင့်ယှက်ခြင်းများ ပြုလုပ်လာခြင်းကြောင့် ဒစ်ဂျစ်တယ်လုံခြုံရေး နည်းလမ်းများဖြင့် အကာအကွယ်ပြုလုပ်ပေးလာပြီဖြစ်သည်။ ၂၀ ရာစု နှောင်းပိုင်းအတွင်း ပြောင်းလဲလာသည့် လူသားဆန်သော အတွေးအမြင်များနှင့်အတူ အမျိုးသမီးများအကြမ်းဖက်ဖိနှိပ်ချုပ်ချယ်ခံရမှုကို ထိထိရောက်ရောက်ကာကွယ်တားဆီးရေး ဦးတည်ကြိုးပမ်းဆောင်ရွက်မှသာလျှင် အမျိုးသမီးများ၏ အခွင့်အရေးဆိုင်ရာရပိုင်ခွင့်၊ တန်းတူညီမျှဆောင်ရွက်ခွင့်နှင့် အကြမ်းဖက်ခံရမှုများ မေးမှိန်လျော့ပါးလာမည်ဖြစ်သည်။

ထို့အတူပင် နိုင်ငံတစ်နိုင်ငံသည် လူသားအားလုံးပူးပေါင်းအားဖြင့်သာ ဖွံ့ဖြိုးတိုးတက်ရပေသည်။ နယ်ပယ်ကဏ္ဍအသီးသီးတွင် ဟန်ချက်ညီညီ ပူးပေါင်းပါဝင်မှုမရှိလျှင် တိုးတက်မှုများလည်း နှောင့်နှေးသွားနိုင်သည်။ အမျိုးသမီးများ ကိုယ်ခန္ဓာပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ၊ စီးပွားရေးနှင့် လူမှုရေးဆိုင်ရာခြိမ်းခြောက်မှုများကဲ့သို့ အကြမ်းဖက်မှုများမှ ကင်းဝေးခြင်းသည် လွတ်လပ်လုံခြုံသောဘဝကို ပိုင်ဆိုင်ရရှိခြင်းပင်ဖြစ်သည်။ အမျိုးသမီးများ၏ ဘဝလုံခြုံမှုဆိုင်ရာကိစ္စရပ်များသည် လူတစ်ဦးတစ်ယောက်၊ အဖွဲ့အစည်းတစ်ခုအတွက်သာမက မိသားစု၊ ပတ်ဝန်းကျင်တစ်ခုလုံးနှင့် သက်ဆိုင်နေသည့် လူ့အဖွဲ့အစည်းအားလုံး၏အရေး၊ တစ်နည်းအားဖြင့် ကမ္ဘာ့အရေးဖြစ်သည်။ အလားတူပင် အမျိုးသမီးများ ကိုယ်ထိလက်ရောက် သို့မဟုတ် စိတ်ပိုင်းဆိုင်ရာ နှိပ်စက်ညှဉ်းပန်းမှုများမှ ကင်းဝေးရန်၊ လိင်ပိုင်းဆိုင်ရာစောင့်ကြည့်ထိပါးခံရခြင်းများနှင့် အဓမ္မပြုကျင့်ခံရမှု ဘေးအန္တရာယ်များမှ ကင်းဝေးရန်၊ အမျိုးသားများနှင့်တန်းတူ အလုပ်အကိုင်အခွင့်အလမ်းရရှိရန်၊ တူညီသောလုပ်အား၊ လုပ်ခလစာရရှိရန်အတွက် လိုအပ်ချက်များစွာ ရှိပေသည်။

အနှစ်ချုပ်အားဖြင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပြုလုပ်ခြင်းကို ထိထိရောက်ရောက် အပြစ်ပေးနိုင်သည့် ဥပဒေများရှိရမည်ဖြစ်ပြီး ပြစ်မှုကျူးလွန်သူများကို ထိုက်တန်သောပြစ်ဒဏ် အမြန်ဆုံးချမှတ်ခြင်းနှင့်အတူ သက်ဆိုင်ရာသို့ အလွယ်တကူ တိုင်ကြားနိုင်ခြင်း၊ တိုင်ကြားသူ၏ အချက်အလက်ကို လျှို့ဝှက်ထိန်းသိမ်းပေးခြင်းများ ပြုလုပ်လျက် အစိုးရနှင့် လူမှုအဖွဲ့အစည်းအသီးသီးက ဝိုင်းဝန်းကူညီဖြေရှင်း ဆောင်ရွက်ပေးရမည်ဖြစ်သည်။ အမျိုးသမီးများ၏ ဘေးကင်းလုံခြုံမှုရရှိခြင်းသည် လူ့အဖွဲ့အစည်းအတွင်း မှန်ကန်သော တရားမျှတမှုနှင့် သာတူညီမျှရှိမှုကို ဖော်ပြခြင်းပင်ဖြစ်သည်။ ယနေ့အချိန်သည် ကျား၊ မ ခွဲခြားနေရမည့် အချိန်ကာလမဟုတ်ဘဲ သာတူညီမျှ ချစ်ခင်စွာဖြင့် နေပျော်ဖွယ် ကမ္ဘာကြီးတစ်ခုဖန်တီးရမည့် အချိန်ကာလဖြစ်သည်။ တစ်ဦးနှင့်တစ်ဦး လေးစားချစ်ခင်မှုဖြင့် တွဲလက်မဖြုတ်အတူရှေ့ဆက်ကြရမည်ဖြစ်သည်။ တစ်ဦး၏စွမ်းအားကို တစ်ဦးက ယုံကြည်လျက် လက်ကိုတွဲ တက်ကိုလွှဲ၍ လှပသော အနာဂတ်ဘဝများကို တည်ဆောက်သွားကြရမည်ဖြစ်ကြောင်း ရေးသားလိုက်ရပါသည်။

**ကိုးကား**

- https://womens-safety.com/blog/what-is-womens-safety-understanding-meaning-importance/

# တရုတ်နိုင်ငံ၏ စိမ်းလန်းသောစီးပွားရေးအသွင်ကူးပြောင်းမှု

မောင်မောင်မြင့်သိန်း(စက်မှုတက္ကသိုလ်)

၂၀၂၅ ခုနှစ်တွင် တရုတ်နိုင်ငံသည် ၎င်း၏ စွမ်းအင်အသွင်ကူးပြောင်းမှုတွင် သမိုင်းဝင်မှတ်တိုင် တစ်ခုကိုရောက်ရှိခဲ့ပြီး စီးပွားရေးတိုးတက်မှုကြောင့် ဖြစ်ပေါ်လာသော နိုင်ငံ၏ နောက်ထပ်လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို အပြည့်အဝဖြည့်ဆည်းပေးနိုင်ခဲ့သည်။ ၎င်းအောင်မြင်မှုသည် တရုတ်နိုင်ငံ၏ စွမ်းအင်ကဏ္ဍအတွက်သာမက ရာသီဥတုပြောင်းလဲမှုကို ကိုင်တွယ်ဖြေရှင်းရန် ကမ္ဘာလုံးဆိုင်ရာ ကြိုးပမ်းအားထုတ်မှုများအတွက်ပါ အလှည့်အပြောင်းတစ်ခုကို ကိုယ်စားပြုသည်။ ထို့ပြင် စီးပွားရေးတိုးချဲ့မှုနှင့် သန့်ရှင်းသော စွမ်းအင်ဖွံ့ဖြိုးတိုးတက်မှုတို့သည် အတူတကွတိုးတက်နိုင်ကြောင်းပြသနေသည်။

တရုတ်နိုင်ငံ၏ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် လုပ်ငန်းအာဏာပိုင်များက ထုတ်ပြန်သော အစီရင်ခံစာတစ်ခုအရ နိုင်ငံ၏အလျင်အမြန်တိုးချဲ့လာသော လေနှင့်နေရောင်ခြည်စွမ်းအင် စွမ်းရည်သည် ၂၀၂၅ ခုနှစ်အတွင်း လျှပ်စစ်ဓာတ်အားလိုအပ်ချက် တိုးတက်မှုအားလုံးကို ဖြည့်ဆည်းရန် လုံလောက်သော လျှပ်စစ်ဓာတ်အားကို ထုတ်လုပ်ပေးခဲ့သည်။ စီးပွားရေးလုပ်ဆောင်မှု၊ စက်မှုလုပ်ငန်းထုတ်လုပ်မှု၊ မြို့ပြဖွံ့ဖြိုးတိုးတက်မှုနှင့် လူနေမှုအဆင့်အတန်းမြင့်တက်လာမှုတို့နှင့် ဆက်စပ်နေသော လျှပ်စစ်ဓာတ်အားသုံးစွဲမှုတိုးလာမှုကို ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်တစ်ခုတည်းဖြင့် လွှမ်းခြုံနိုင်ခဲ့သည်မှာ ပထမဆုံးအကြိမ်ဖြစ်သည်။ ဤမှတ်တိုင်သည် သန့်ရှင်းသော စွမ်းအင်အခြေခံအဆောက်အအုံတွင် ဆယ်စုနှစ်တစ်ခုကျော်ကြာ ရေရှည်ရင်းနှီးမြှုပ်နှံမှုကို ထင်ဟပ်စေပြီး တရုတ်နိုင်ငံ၏ အနာဂတ်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဗျူဟာ၏ အခြေခံအုတ်မြစ်အဖြစ် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်၏ ကြီးထွားလာသော အခန်းကဏ္ဍကို ညွှန်ပြနေသည်။ ကမ္ဘာ့ဒုတိယအကြီးဆုံးစီးပွားရေးနှင့် အကြီးဆုံးစွမ်းအင်သုံးစွဲသူအနေဖြင့် တရုတ်နိုင်ငံ၏တိုးတက်မှုသည် ကမ္ဘာလုံးဆိုင်ရာ ရာသီဥတုရည်မှန်းချက်များနှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်မှု၏ အနာဂတ်အတွက် သိသာထင်ရှားသောသက်ရောက်မှုများရှိသည်။

**အထင်ကရအောင်မြင်မှုတစ်ခု**

တရုတ်နိုင်ငံ၏ နှစ်ပေါင်းများစွာ စီးပွားရေးတိုးတက်မှုသည် စွမ်းအင်သုံးစွဲမှုမြင့်တက်လာခြင်း၊ ကာဗွန်ထုတ်လွှတ်မှု မြင့်တက်လာခြင်းတို့နှင့် နီးကပ်စွာ ဆက်စပ်နေသည်။ သမိုင်းကြောင်းအရ စက်မှုလုပ်ငန်းများ တိုးချဲ့လာခြင်း၊ မြို့ကြီးများကြီးထွားလာခြင်းနှင့် စားသုံးသူဝယ်လိုအား မြင့်တက်လာခြင်းတို့သည် ကျောက်မီးသွေး၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ကဲ့သို့သော ရုပ်ကြွင်းလောင်စာများအပေါ် ပိုမိုမှီခိုအားထားရန်လိုအပ်သည်။

နေရောင်ခြည်၊ လေ၊ ရေအားလျှပ်စစ်နှင့် ဇီဝလောင်စာများအပါအဝင် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်အရင်းအမြစ်များသည် ၂၀၂၅ ခုနှစ်အတွင်း နောက်ထပ်ဝယ်လိုအား တိုးတက်မှုအားလုံးကို ဖြည့်ဆည်းရန် လုံလောက်သော လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုအသစ်များကို ပံ့ပိုးပေးခဲ့သည်။ မြင့်တက်လာသော သုံးစွဲမှုကိုဖြည့်ဆည်းရန် ရုပ်ကြွင်းလောင်စာထုတ်လုပ်မှုအသစ်များကို မှီခိုအားထားမည့်အစား သန့်ရှင်းသောစွမ်းအင်သည် စီးပွားရေးတိုးချဲ့မှုကို ပံ့ပိုးပေးသည့် အဓိကအရင်းအမြစ်ဖြစ်လာခဲ့သည်။

ဤဖွံ့ဖြိုးတိုးတက်မှုသည် ကာဗွန်ထုတ်လွှတ်မှုမှ စီးပွားရေးတိုးတက်မှုကို ခွဲထုတ်ရန် အရေးကြီးသော ခြေလှမ်းတစ်ခုဖြစ်သည်။ တရုတ်နိုင်ငံသည် ကွဲပြားသော စွမ်းအင်ရောနှောမှုကို ဆက်လက်အသုံးပြုနေချိန်တွင် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်၏ တိုးပွားလာသော ပံ့ပိုးကူညီမှုသည် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ သက်ရောက်မှုများကို လျှော့ချပေးနေသည်။ ၎င်းအချက်က စိမ်းလန်းသောစွမ်းအင်သည် ကြီးမားသော စီးပွားရေးလုပ်ဆောင်မှုကို ပံ့ပိုးပေးနိုင်ကြောင်း ပြသနေသည်။ တရုတ်နိုင်ငံ၏စီးပွားရေးအရွယ်အစားကို ထည့်သွင်းစဉ်းစားပါက ဤမှတ်တိုင်သည် အထူးအရေးပါသည်။ လူဦးရေ ၁ ဒသမ ၄ ဘီလီယံကျော်ရှိပြီး ကမ္ဘာ့အကြီးဆုံး ထုတ်လုပ်ရေးကဏ္ဍများထဲမှ တစ်ခုဖြစ်သည့် တရုတ်နိုင်ငံ၏ စွမ်းအင်လိုအပ်ချက်များသည် အလွန်များပြားသည်။ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်အရင်းအမြစ်များမှတစ်ဆင့် တိုးပွားလာသော လိုအပ်ချက်များကို ဖြည့်ဆည်းရန်မှာ ဆယ်စုနှစ်တစ်ခုခန့်က အလွန်ရှည်မှန်းချက်ကြီးကြီး



ထားခဲ့ရမည်ဖြစ်သည်။

**ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ထွန်းကားလာခြင်း**

တရုတ်နိုင်ငံ၏ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် အသွင်ပြောင်းလဲမှုသည် အခြေခံအဆောက်အအုံများ၊ နည်းပညာဆန်းသစ်တီထွင်မှုများ၊ အစိုးရ၏ ပံ့ပိုးမှုမူဝါဒများနှင့် သန့်ရှင်းသောစွမ်းအင်နည်းပညာများ၏ကုန်ကျစရိတ်များ ကျဆင်းလာခြင်းတို့တွင် ကြီးမားသော ရင်းနှီးမြှုပ်နှံမှုများကြောင့်ဖြစ်ပေါ်လာခဲ့သည်။ လွန်ခဲ့သည့်ဆယ်စုနှစ်အတွင်း တရုတ်နိုင်ငံသည် ဆိုလာပြားများ၊ လေအားလျှပ်စစ်တာဘိုင်များ၊ လျှပ်စစ်ယာဉ်များနှင့် ဘက်ထရီသိုလှောင်မှုစနစ်များအတွက် ကမ္ဘာ့အကြီးဆုံးဈေးကွက်ဖြစ်လာခဲ့သည်။ ကြီးမားသော ဖြန့်ကြက်မှုသည် ကဏ္ဍများစွာတွင် လက်ခံကျင့်သုံးမှုကို အရှိန်မြှင့်တင်ပေးနေစဉ်ကုန်ကျစရိတ်များကို လျှော့ချရန် ကူညီပေးခဲ့သည်။

ဆိုလာစွမ်းအင်သည် တရုတ်နိုင်ငံ၏ စွမ်းအင် အသွင်ကူးပြောင်းမှုအတွက် အခိုင်မာဆုံးပံ့ပိုးကူညီသူများထဲမှ တစ်ခုအဖြစ်ပေါ်ထွက်လာခဲ့သည်။ သဲကန္တာရများနှင့် လူဦးရေနည်းပါးသော အနောက်ပိုင်းပြည်နယ်များအပါအဝင် နေရောင်ခြည်ကြွယ်ဝသော ဒေသများတွင်ကြီးမားသော ဆိုလာစွမ်းအင်စနစ်ကို တည်ဆောက်ခဲ့သည်။ တစ်ချိန်တည်းမှာပင် စက်ရုံခေါင်မိုးများ၊ စီးပွားရေးအဆောက်အအုံများနှင့် လူနေအိမ်များပေါ်တွင် ဆိုလာတပ်ဆင်မှုများသည် အလျင်အမြန် တိုးချဲ့လာခဲ့သည်။

လေစွမ်းအင်သည်လည်း အလားတူတိုးတက်မှုကို ကြုံတွေ့ခံရသည်။ တရုတ်နိုင်ငံ၏ အရှေ့ဘက်ကမ်းရိုးတန်းတစ်လျှောက်ရှိ ကမ်းလွန်လေစွမ်းအင်စနစ်များနှင့် မြောက်ပိုင်းနှင့် အနောက်ပိုင်းဒေသများရှိ ကုန်းတွင်းလေစွမ်းအင်စီမံကိန်းကြီးများသည် လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုစွမ်းရည်ကို သိသိသာသာတိုးမြှင့်ပေးခဲ့သည်။ တာဘိုင်နည်းပညာ တိုးတက်မှုများသည် စွမ်းဆောင်ရည်ကို မြှင့်တင်ပေးပြီး ယခင်က ဖွံ့ဖြိုးတိုးတက်ရန် မသင့်တော်ဟု ယူဆထားသောနေရာများတွင် စီမံကိန်းများကို ဖွင့်လှစ်နိုင်စေခဲ့သည်။

ရေအားလျှပ်စစ်သည် တရုတ်နိုင်ငံ၏ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်စနစ်၏ အရေးကြီးသော အစိတ်အပိုင်းတစ်ခုအဖြစ် ဆက်လက်တည်ရှိနေပြီး တည်ငြိမ်သော လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုကို ပံ့ပိုးပေးပြီး ဓာတ်အားလိုင်းယုံကြည်စိတ်ချရမှုကို ပံ့ပိုးပေးသည်။ ဇီဝဒြပ်ထုနှင့် အခြားပြန်လည်ပြည့်ဖြိုးမြဲနည်းပညာများသည်လည်း နိုင်ငံ၏သန့်ရှင်းသော စွမ်းအင်အစုစုကို ပံ့ပိုးပေးသည်။ ဤအရင်းအမြစ်များအတူတကွပေါင်းစပ်ခြင်းဖြင့် တရုတ်နိုင်ငံ၏ လျှပ်စစ်ကဏ္ဍကို ပြောင်းလဲစေပြီး အမျိုးသားစီးပွားရေးတွင် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်၏ အခန်းကဏ္ဍကို အားကောင်းစေခဲ့သည်။

**စီးပွားရေးတိုးတက်မှုကို ပံ့ပိုးပေးခြင်း**

တရုတ်နိုင်ငံ၏ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် တိုးချဲ့မှု၏အရေးကြီးဆုံးသော ကဏ္ဍများထဲမှတစ်ခုမှာ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ၎င်း၏ပံ့ပိုးကူညီမှုဖြစ်သည်။ သန့်ရှင်းသောစွမ်းအင်ရင်းနှီးမြှုပ်နှံမှုသည် စက်မှုလုပ်ငန်းတိုးတက်မှု၏ အဓိကမောင်းနှင်အားတစ်ခုဖြစ်လာပြီး ကဏ္ဍများစွာတွင် စီးပွားရေးအခွင့်အလမ်းသစ်များကို ဖန်တီးပေးသည်။ နေရောင်ခြည်စွမ်းအင်သုံး ဆိုလာပြားများ၊ လေအားလျှပ်စစ်တာဘိုင်များ၊ ဘက်ထရီများ၊ လျှပ်စစ်ယာဉ်များနှင့် ဆက်စပ်ပစ္စည်းများ ထုတ်လုပ်သည့်ထုတ်လုပ်မှုစက်ရုံများသည် သိသိသာသာ တိုးချဲ့လာခဲ့ပြီး အလုပ်အကိုင်များ ဖန်တီးပေးကာ ရင်းနှီးမြှုပ်နှံမှုများကို ဆွဲဆောင်လျက်ရှိသည်။

ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်လုပ်ငန်းသည် ယခုအခါ ထုတ်လုပ်ခြင်း၊ ဆောက်လုပ်ရေး၊ အင်ဂျင်နီယာ၊ သုတေသန၊ ပြုပြင်ထိန်းသိမ်းမှုနှင့် ဆက်စပ်ဝန်ဆောင်မှုများတွင် အလုပ်အကိုင်သန်းပေါင်းများစွာကို ပံ့ပိုးပေးသည်။ စီမံကိန်းအသစ်များသည် ပစ္စည်းများသယ်ယူပို့ဆောင်ရေး၊ ထောက်ပံ့ပို့ဆောင်ရေးနှင့် နည်းပညာကျွမ်းကျင်မှုများအတွက် ဝယ်လိုအားကို ဖန်တီးပေးခြင်းဖြင့် ဒေသတွင်းစီးပွားရေးကို ဖန်တီးပေးသည်။

ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်တိုးတက်မှုသည် တရုတ်နိုင်ငံ၏ စက်မှုလုပ်ငန်းယှဉ်ပြိုင်နိုင်စွမ်းကိုလည်း မြှင့်တင်ပေးခဲ့သည်။ သန့်ရှင်းသောစွမ်းအင်နည်းပညာများတွင် ဦးဆောင်မှုတည်ဆောက်ခြင်းဖြင့် တရုတ်ကုမ္ပဏီများသည် ကမ္ဘာ့ဈေးကွက်များတွင် အဓိကပါဝင်သူများဖြစ်လာခဲ့သည်။ နေရောင်ခြည်စွမ်းအင်ပြားများ၊ ဘက်ထရီစနစ်များနှင့် လျှပ်စစ်ယာဉ်များတင်ပို့မှုသည် မကြာသေးမီနှစ်များအတွင်း သိသိသာသာတိုးတက်လာခဲ့ပြီး စီးပွားရေးတိုးတက်မှုနှင့် နိုင်ငံတကာကုန်သွယ်မှုကို အထောက်အကူပြုခဲ့သည်။

ထို့ပြင် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်သည် ရေရှည်စွမ်းအင်ကုန်ကျစရိတ်များကို တည်ငြိမ်စေရန် ကူညီပေးနိုင်သည်။ ရုပ်ကြွင်းလောင်စာများနှင့်မတူဘဲ လေနှင့်နေရောင်ခြည်သည် လောင်စာဝယ်ယူရန်မလိုအပ်ပေ။ အခြေခံအဆောက်အအုံများတွင် တပ်ဆင်ပြီးသည်နှင့် လည်ပတ်စရိတ်များသည် ယေဘုယျအားဖြင့် နည်းပါးပြီး ကမ္ဘာလုံးဆိုင်ရာ ကုန်စည်ဈေးနှုန်းများ အတက်အကျပေါ်အားနည်းချက်နည်းပါးသည်။ ဤစီးပွားရေးအကျိုးကျေးဇူးများသည် ဆန်းသစ်တီထွင်မှု၊ ရေရှည်တည်တံ့မှုနှင့် နည်းပညာတိုးတက်မှုကို အလေးပေးသည့် တရုတ်နိုင်ငံ၏ အရည်အသွေးမြင့်ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ပိုမိုကျယ်ပြန့်သော မဟာဗျူဟာကို ပံ့ပိုးပေးသည်

**စိမ်းလန်းသောစီးပွားရေး (Green Economy)ကို အရှိန်မြှင့်တင်ခြင်း**

စိမ်းလန်းသောစီးပွားရေး၏ အယူအဆသည် ပတ်ဝန်းကျင်ဆိုင်ရာ သက်ရောက်မှုများကို လျှော့ချခြင်းနှင့်ရေရှည်တည်တံ့သော အရင်းအမြစ်အသုံးပြုမှုကို မြှင့်တင်ခြင်းနှင့်အတူ စီးပွားရေးတိုးတက်မှုရရှိရန် အဓိကထားသည်။ တရုတ်နိုင်ငံ၏ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်မှတ်တိုင်က သန့်ရှင်းသော စွမ်းအင်သည် ဤပုံစံ၏ အဓိကမဏ္ဍိုင်တစ်ခုမည်သို့ဖြစ်လာနိုင်သည်ကို ပြသနေသည်။

ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် စွမ်းရည်တိုးတက်လာသည်နှင့်အမျှ စွမ်းအင်သိုလှောင်မှုသည် အထူးအရေးကြီးလာသည်။ နေရောင်ခြည်နှင့်လေစွမ်းအင် ထုတ်လုပ်မှုသည် ရာသီဥတုအခြေအနေပေါ်မူတည်၍ ကွဲပြားနိုင်သောကြောင့် သိုလှောင်မှုနည်းပညာများသည် လျှပ်စစ်ဓာတ်အားပံ့ပိုးမှုနှင့် ဝယ်လိုအားကို ဟန်ချက်ညီစေရန် ကူညီပေးသည်။ တရုတ်နိုင်ငံသည် ဓာတ်အားလိုင်းတည်ငြိမ်မှုကို မြှင့်တင်ရန်နှင့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ပေါင်းစပ်မှုကို တိုးတက်စေရန်အတွက် ဘက်ထရီစနစ်များနှင့်အခြား သိုလှောင်မှုဖြေရှင်းချက်များတွင် များစွာရင်းနှီးမြှုပ်နှံထားသည်။

စမတ်ဓာတ်အားလိုင်းနည်းပညာများသည်လည်း အရေးကြီးသောအခန်းကဏ္ဍမှ ပါဝင်နေသည်။ အဆင့်မြင့်ဒစ်ဂျစ်တယ်စနစ်များသည် လျှပ်စစ်ကွန်ရက်များကို ကွဲပြားသောစွမ်းအင်အရင်းအမြစ်များကို ပိုမိုထိရောက်စွာစီမံခန့်ခွဲနိုင်စေပြီး ယုံကြည်စိတ်ချရမှုကို တိုးတက်စေကာ အလဟဿဖြစ်မှုကို လျှော့ချပေးသည်။ စိမ်းလန်းသောစီးပွားရေးသည် လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုထက်ကျော်လွန်၍ ကျယ်ပြန့်သည်။ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်သည် သယ်ယူပို့ဆောင်ရေး၊ စက်မှုလုပ်ငန်းစဉ်များနှင့် အဆောက်အအုံများ၏ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုကို ပံ့ပိုးပေးသည်။ ရုပ်ကြွင်းလောင်စာများမှ ကဏ္ဍများစွာ ကူးပြောင်းလာသည်နှင့်အမျှ သန့်ရှင်းသောလျှပ်စစ်ဓာတ်အားအတွက် ဝယ်လိုအားသည် ဆက်လက်မြင့်တက်နေမည်ဖြစ်သည်။

ဤအပြန်အလှန်ချိတ်ဆက်ထားသော ချဉ်းကပ်မှုသည် လူနေမှုအဆင့်အတန်းများကို တိုးတက်ကောင်းမွန်စေပြီး ပိုမိုရေရှည်တည်တံ့သော စီးပွားရေးပုံစံတစ်ခုတည်ဆောက်ရန် တရုတ်နိုင်ငံ၏ ကြိုးပမ်းအားထုတ်မှုများကို အားကောင်းစေသည်။

**ဆက်လက်ဖော်ပြပါမည်။**

# ဝက်လက်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၁၃၆၈၈ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



ဝက်လက် ဇူလိုင် ၁

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဝက်လက်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၁၃၆၈၈ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဝက်လက်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၁၆၀၇၅ ဧကစိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလဒုတိယပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၁၃၆၈၈ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ဝက်လက်မြို့နယ်မှာ နှမ်း ၁၆၀၇၅ ဧက စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့မှာ ၁၃၆၈၈ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီစွာစိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေပါတယ်။ နှမ်းစိုက်ဧကတိုးချဲ့စိုက်ပျိုးနိုင်ဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့၊ GAPနည်းစနစ်တွေနဲ့ စိုက်ပျိုးဖို့အတွက်လဲ ဆောင်ရွက်ပေးနေပါတယ်"ဟု ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကြင်စန်းက ပြောပြသည်။

ဝက်လက်မြို့နယ်တွင် နှမ်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက နှမ်းတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ GAPနည်းစနစ်များဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်သည့်မျိုးများ စိုက်ပျိုးနိုင်ရေး၊ သဘာဝပိုးသတ်ဆေး ပြုလုပ်သုံးစွဲစေရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲစေရေး၊ ပိုးမွှားကျရောက်မှု ကင်းရှင်းရေးတို့အတွက် အသိပညာပေး လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

နှမ်းကို အထွက်နှုန်းတိုးတက်အောင်စိုက်ပျိုးနိုင်ပါက ဒေသတွင်းဆီစားသုံးမှု ဖူလုံနိုင်မည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် နှမ်းကိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းဆောင်ရွက်သင့်ကြောင်း ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကြင်စန်းက ပြောပြ၍ သိရသည်။

(၂၀၆)

## ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ လစဉ်သတင်းထုတ်ပြန်ချက်

(၁-၆-၂၀၂၆)ရက်နေ့၊ ည (၈:၀၀)နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ (၃၁-၅-၂၀၂၆)ရက်နေ့၊ ည (၈:၀၀)နာရီမှ (၃၀-၆-၂၀၂၆)ရက်နေ့၊ ည (၈:၀၀)နာရီအထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၁၅) ခုအား စစ်ဆေးပြီးစီး ခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိရပါ။

လတ်တလောတွင် မိမိတို့နိုင်ငံအတွင်း၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွား/သေဆုံးမှုနှင့် စပ်လျဉ်း၍ စိုးရိမ်ဖွယ်ရာအခြေအနေ မရှိသော်လည်း ရောဂါဖြစ်ပွားမှုမှ ကြိုတင်ကာကွယ်နိုင်ရန်အတွက် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို လိုက်နာဆောင်ရွက်ရန် လိုအပ်ပြီး ရောဂါကူးစက်ခံရပါက ရောဂါပြင်းထန်နိုင်ခြေနှင့် အသက်ဆုံးရှုံးနိုင်ခြေမြင့်မားသည့်

- ❖ အသက်အရွယ်ကြီးသူများ (အသက် ၆၀ နှစ်နှင့်အထက်)၊
- ❖ ဆီးချိုရောဂါ၊ နာတာရှည်အဆုတ်ရောဂါ၊ ကင်ဆာရောဂါ ရှိသူများ၊
- ❖ ကိုယ်ဝန်ဆောင်မိခင်များ (ကိုယ်ဝန်ဆောင်ကာလ ၃ လနှင့်အထက်)

ကို ဦးစားပေးအစီအစဉ်ဖြင့် ကိုဗစ်-၁၉ ရောဂါ ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံပေးလျက်ရှိပါ၍ ကာကွယ်ဆေးထိုးနှံမှုခံယူကြရန် လိုအပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ အသေးစိတ်သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

မြန်မာနိုင်ငံရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာန (Myanmar CDC)
ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန






## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာချက်

မန္တလေးမြို့၊ အမရပူရမြို့နယ်၊ ဘုန်းတော်နိုင်ငံကျေးရွာအုပ်စု၊ ကွင်းအမှတ်(၆၃၀)၊ ဦးပိုင်အမှတ်(၄၁/၃)၊ ဧရိယာ(၀.၂၈)ဧကရှိ ဦးမန်းကိုကို (ဘ) ဦးရွှေမန်း(၉/မထလ(နိုင်)၂၃၈၈၀၃)၏ အမည်ပေါက်မြေကွက်ကို မန္တလေးမြို့၊ အမရပူရမြို့နယ်၊ ဘုန်းတော်နိုင်ငံကျေးရွာနေ ယခုလက်ရှိနေထိုင်ပိုင်ဆိုင်သူ **ဦးဖြိုးမင်းသူ (ဘ) ဦးအောင်ကြည်(၉/အမရ(နိုင်)၁၃၀၁၀၅)** က ၎င်းသာ တရားဝင်ပိုင်ဆိုင်ပြီး ရောင်းချခွင့်ရှိကြောင်း အပြီးအပိုင်လွှဲပြောင်းရောင်းချရန် ကမ်းလမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ ဝယ်ယူမည်ဖြစ်ပါ၍ စရံငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ဖော်ပြပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့်ပတ်သက်ပြီး အကျိုးသက်ဆိုင်ခံစားခွင့်ရှိသူ မည်သူမဆို ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းများနှင့်အတူ ဤကြော်ငြာပါသည့်နေ့မှစပြီး (၁၅)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်ပါရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဝယ်ယူသူ၏လွှဲအပ်ညွှန်ကြားချက်အရ
ဦးစိုးမိုးအောင် တရားလွှတ်တော်ရှေ့နေ(စဥ်-၁၃၀၀၂)
ဘုန်းတော်နိုင်ငံရပ်၊ အမရပူရမြို့နယ်၊ မန္တလေးမြို့။ ၀၉-၇၉၇၄၃၃၀၈၄၊ ၀၉-၆၇၈၉၄၀၇၁၀

## ပျောက်ဆုံးကြောင်း

နွားထိုးကြီးမြို့နယ်၊ ဇဂျမ်းကုန်းရွာနေ မနွယ်ဇင်ဝင်း (ဘ) ဦးဇော်ဝင်း(၉/နထက(နိုင်)၂၀၇၇၁၁)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **09-981709607**

## ပျောက်ဆုံးကြောင်း

မိုးကုတ်မြို့၊ ကသဲကျေးရွာနေ နောင်နောင်ကို (ဘ) ဦးဝင်းနိုင်(၉/မကန(နိုင်)၁၁၉၉၂၇)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **09-765400977**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာချက်

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ အောင်ချမ်းသာကျေးရွာအုပ်စု၊ မန်းကျည်းပင်စောက်ကွင်း၊ ကွင်းအမှတ်(၄၄၆)၊ ဦးပိုင်အမှတ်(၂၉/၃)၊ ဧရိယာ(၀.၆၂)ဧက အနက်မှ အကျယ်အဝန်း (၆၀ ပေ x ၅၀ ပေ) ပတ်လည်ရှိ မြေကွက်၊ မြေကွက်အမှတ်(B4,B5,B6)နှင့် ယင်းမြေပေါ်တွင် ပေါက်ရောက်လျက်ရှိသော သီးပင်စားပင် ဝါးပင်နှင့် မြေပေါ်မြေအောက်ရှိ ပုဂ္ဂလိကနှင့်ဆိုင်သော ပစ္စည်းအရပ်ရပ်တို့ကို ယခုလက်ရှိနေထိုင်ပိုင်ဆိုင်သူမှာ ဒေါ်ဝင်းဝင်းမာ၊ အမှတ်ပုံတင်အမှတ်(၉/မနမ(နိုင်)၀၁၄၅၆၂)က ပိုင်ဆိုင်ပါသည်။ သို့ဖြစ်ပါ၍ ယင်းမြေကွက်ကို ရောင်းချမည်ဖြစ်ပါသည်။ ဖော်ပြပါမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့်ပတ်သက်ပြီး အကျိုးသက်ဆိုင်ခံစားခွင့်ရှိသူမည်သူမဆို ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းများနှင့်အတူ ဤကြော်ငြာပါသည့်နေ့မှစပြီး (၁၅)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်ပါရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းကိစ္စကို ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်ဝင်းဝင်းမာ
၉/မနမ(နိုင်)၀၁၄၅၆၂
အကွက်အမှတ်(415-N3)၊ ဥယျာဉ်ကုန်းရပ်
ညောင်ကွဲ၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့။

## တစ်ဦးတည်းဖြစ်ပါကြောင်း

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၊ ဝမ်းတွင်းမြို့နယ်၊ ဂုဏ်ရွာအခြေခံပညာအထက်တန်းကျောင်း၊ Grade-12 တွင် ပညာသင်ကြားနေသော မမေခင်၏ ဖခင်အမည်မှန်မှာ **ဦးမြင့်လွင်နှင့် ဦးမောင်မြင့်** မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

ဦးမြင့်လွင် (ခ) ဦးမောင်မြင့်(၉/ဝတန(နိုင်)၁၅၂၀၀၃)

## အမည်ပြောင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၃)နေ ဦးစိုင်းမျိုးမြင့်မြတ်ကျော် + ဒေါ်သွဲ့သဥ္ဇာငွေးတို့၏ သား မောင်စိုင်းခန့်ဖွဲ့သူအား **မောင်စိုင်းခန့်ဘုန်းဉာဏ်** ဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။

မောင်စိုင်းခန့်ဘုန်းဉာဏ်

## ဖခင်အမည်မှန်

ပြည်ကြီးတံခွန်မြို့နယ်၊ ယာတော်ရပ်ကွက်၊ အလက(ခွဲ-၂)၊ Grade-2 တွင် ပညာသင်ကြားနေသော မခေါန်ဆိုင်းရာ၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ **ဦးလှိုင်မျိုးသန့်** ဖြစ်ပါကြောင်း။

ဦးလှိုင်မျိုးသန့်(၉/မဟမ(နိုင်)၀၁၂၆၉၉)

## မွေးသက္ကရာဇ်အမှန်

မြစ်သားမြို့နယ်၊ ပေါက်မြိုင်ကျေးရွာနေ (ဘ) ဦးမြင့်ငွေ၏သမီး မမွန်မွန်ထွေး (၉/မသန(နိုင်)၁၄၅၅၃၉)၏ မွေးသက္ကရာဇ်အမှန်မှာ (၇-၁၀-၁၃၅၅) ဖြစ်ပါကြောင်း။

၇-၁၀-၁၃၅၅

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ စဉ့်ကိုင်မြို့နယ်၊ အထက ဟင်းငုံ၊ Grade-9 တွင် ပညာသင်ကြားနေသော မနွယ်နွယ်မာ၏ဖခင်အမည်မှန်မှာ **ဦးသန်းဦး** ဖြစ်ပါကြောင်း။

ဦးသန်းဦး(၉/စကတ(နိုင်)၀၇၉၉၁၆)

## ဖခင်အမည်မှန်

အမရပူရမြို့၊ အထက(၁)၊ အမရပူရ၊ Grade-8 တွင် ပညာသင်ကြားနေသော ကျောင်းဝင်အမှတ်(ကက-၂၁၇၃) မောင်ဇေယျမောင်၏ဖခင်အမည်မှန်မှာ **ဦးဖြိုးသူဝင်း** ဖြစ်ပါကြောင်း။


ဦးဖြိုးသူဝင်း(၉/အမရ(နိုင်)၁၇၆၃၅၁)

## ဖခင်အမည်မှန်

စဉ့်ကိုင်မြို့နယ်၊ ပလိပ်အခြေခံပညာအထက်တန်းကျောင်း၊ Grade-6 တွင် ပညာသင်ကြားနေသော မနွေဦးခင်၏ ဖခင်အမည်မှန်မှာ **ဦးဝင်းချစ်** ဖြစ်ပါကြောင်း။

ဦးဝင်းချစ်(၅/ဘတလ(နိုင်)၀၈၂၇၅၁)

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးအား ထိုင်းဘုရင့်တပ်မတော်မှ Lt. Gen. Warathep Boonya ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ လာရောက်ဂါရဝပြုတွေ့ဆုံ



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးအား ထိုင်းဘုရင့်တပ်မတော်မှ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် Lt. Gen. Warathep Boonya ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ လာရောက်ဂါရဝပြုတွေ့ဆုံစဉ်။

နေပြည်တော် ဇူလိုင် ၁

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးအား မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပပြုလုပ်ခဲ့သော ၃၈ ကြိမ်မြောက် မြန်မာ-ထိုင်း ဒေသဆိုင်ရာနယ်ခြားကော်မတီအစည်းအဝေးသို့ တက်ရောက်ခဲ့သည့် ထိုင်းဘုရင့်တပ်မတော်မှ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် Lt. Gen. Warathep Boonya ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့က ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန် ဧည့်ခန်းမဆောင်၌

စာမျက်နှာ ၁၇ ကော်လံ ၁ ☆

- ❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။
- ❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။
- ❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

## အမျိုးသမီးများဘဝ လုံခြုံရေး အားလုံးပူးပေါင်းပါဝင်ပေး

ဆောင်းပါး စာမျက်နှာ - ၂၈

## လေဖိအားနည်းရပ်ဝန်း ဖြစ်ပေါ်နိုင်

နေပြည်တော် ဇူလိုင် ၁

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်းတွင် ဇူလိုင် ၃ ရက်၌ လေဖိအားနည်းရပ်ဝန်း(Low Pressure Area) ဖြစ်ပေါ်နိုင်သည်ဟု ခန့်မှန်းရကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။

## ၂၀၂၆ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ ရိုးရာခြင်းလုံးပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

နေပြည်တော် ဇူလိုင် ၁

အားကစားရေးရာဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ ရိုးရာခြင်းလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် ၂၀၂၆ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ ရိုးရာခြင်းလုံးပြိုင်ပွဲ ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားရုံ(A)၌ ကျင်းပရာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ

စာမျက်နှာ ၁၆ ကော်လံ ၁ ❖





နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးကံမြင့်သန်း ပြည်သူ့စစ်မှုထမ်းစစ်သည်များကို ပြည်သူ့စစ်မှုထမ်းဆောင်ပြီးကြောင်းလက်မှတ်နှင့် ပြည်သူ့စစ်မှုထမ်းတံဆိပ် ချီးမြှင့်ပေးအပ်စဉ်။


## သတ်မှတ်စစ်မှုထမ်းကာလပြည့်မြောက်ခဲ့သည့် ပြည်သူ့စစ်မှုထမ်း အမှတ်စဉ် (၃/၂၀၂၄)မှ ပြည်သူ့စစ်မှုထမ်းများကို ပြည်သူ့စစ်မှုထမ်း တံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ထိုက်တန်စွာချီးမြှင့်ပေးအပ်

နေပြည်တော် ဇူလိုင် ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)ပါ ပြဋ္ဌာန်းချက်တွင် ပါဝင်သည့် "နိုင်ငံသားတိုင်းသည် ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းရန်တာဝန်ရှိသည်" ဟူသည့်အချက်ကို လက်တွေ့အကောင်အထည်ဖော်ခဲ့ပြီး

စာမျက်နှာ ၂၃ ကော်လံ ၁ ❏

## မုတ်သုံလေအားကောင်းလာနိုင်ခြင်းကြောင့် နေရာကွက်၍ မိုးကြီးနိုင်




နေပြည်တော် ဇူလိုင် ၁

ယနေ့နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်း လာနိုင်ခြင်းကြောင့် လည်းကောင်း၊ ဘင်္ဂလား ပင်လယ်အော်အနောက်မြောက်ပိုင်းတွင် ဇူလိုင် ၃ ရက်၌

စာမျက်နှာ ၂၅ ကော်လံ ၁ ■

**အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်**

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့်အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။